# စီမံ/ဖွံ့ဖြိုး ဂျာနယ်

အတွဲ-၆၊ အမှတ်(၁)၊ ၂၀၁၉ခုနှစ် မတ်လ

**Better Data, Better Statistics, Better Lives**





MYANMAR CSO
CENTRAL STATISTICAL ORGANIZATION

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ
(၃)လ တစ်ကြိမ် ထုတ်ဝေသည်

# စီမံ/ဖွံ့ဖြိုး ဂျာနယ်

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ (၃)လ တစ်ကြိမ် ထုတ်ဝေသည်

စီမံ/ဖွံ့ဖြိုး ဂျာနယ်
အတွဲ-၆၊ အမှတ်(၁)၊ ၂၀၁၉ ခုနှစ်၊ မတ်လ

# မာတိကာ


| | | |
|---|---|---|
| **ကဗျာကဏ္ဍ** | | |
| NIF မှ MSDP လမ်းကြောင်းသို့ | မေဇလပ်ဖြူ (ချင်းတောင်တန်း) | ၁ |
| စာနာစိတ်များဆီသို့ | နေ့သစ် | ၂ |
| **ဆောင်းပါးကဏ္ဍ** | | |
| ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများအောင်မြင်စေရန် | ဒေါက်တာဝါဝါမောင် (စီမံ/ဘဏ္ဍာ) | ၄ |
| ကျေးလက်ဒေသ၏ကိုယ်ပိုင်လုပ်ငန်းအခွင့်အလမ်းများကို ဘယ်လိုဖန်တီးကြမလဲ | သန်းဇော် | ၁၀ |
| ဖယ်ထုတ်သင့်တာ – "Outlier" | ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ) | ၁၄ |
| Social Media ဖြင့် ဈေးကွက်ရှာကြစို့ | ညိုမင်း | ၁၇ |
| ပြည်သူ့အကျိုးစီးပွားသီအိုရီပြည်သူ့ရွေးချယ်မှုသီအိုရီနှင့် မီဒီယာကဏ္ဍ | စောနိုင်(အသုံးချဘောဂဗေဒ) | ၂၃ |
| မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီများကိုပိုမိုထိရောက်စွာအသုံးချရေး | ဒေါက်တာပင်လုံအေး | ၂၆ |

| | | |
|---|---|---|
| ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပွင့်လန်းစေသောအာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးသဘောတူညီချက် | သိန်းမြင့်ဝေ | ၃၀ |
| Intellectual Property Law ပြဋ္ဌာန်းမှုကြောင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အပေါ် အကျိုးသက်ရောက်မှု | ဒေါ်သူဇာ (DICA) | ၃၃ |
| ဘဝအထွေထွေ (၁၁) | ကျော်ဒွန်း (ညွှန်ကြားရေးမှူး-ငြိမ်း) | ၄၀ |
| မျှတ၍ နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှု ဆီသို့ အပိုင်း (၃) | ထက်မာန် | ၄၅ |
| မွေခံထိုက်စေ | ဒေါက်တာညီ | ၄၈ |
| ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ ဆယ်ဂျုံးမြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် Sejong Smart City Centre ၏ အခန်းကဏ္ဍအား လေ့လာခြင်း | သိင်္ဂီအောင် | ၅၃ |
| "ကမ္ဘာ့အကြီးဆုံးမြို့ပြကြီးဖြစ်လာမည့် မဟာကမ်းခြေဒေသ" (Greater Bay Area) | မြန်မာသူဇာ | ၅၇ |
| AMRO အကြောင်းသိကောင်းစရာ | ညောင်တိုင်(CSO) | ၆၃ |
| လူ့စွမ်းအားအရင်းအမြစ်နှင့် အဖွဲ့အလိုက်ဆောင်ရွက်နိုင်မှု | ဝင်းဝင်းဝါ | ၆၆ |
| အစိုးရတစ်ရပ်၏ လူသားအရင်းအမြစ်စီမံခန့်ခွဲမှုအကြောင်း | မယ်သန့် | ၇၀ |
| ပရဟိတစိတ်ဖြင့် ခရီးနှင်ပါမှ | ဒေါက်တာညီညီမောင် | ၇၃ |
| ပိုင်းခြားဝေဖန်သုံးသပ်တဲ့ စဉ်းစားတွေးတောမှု ( Critical Thinking) | ချိုချို(စာရင်းအင်းပညာ) | ၇၆ |


# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| မျက်နှာဖုံးဒီဇိုင်း | - | စီမံ/ဖွံ့ဖြိုး |
| အတွင်းအပြင်အဆင် | - | ဟန်မြင့်မိုရ် |
| စာမူခွင့်ပြုချက်အမှတ် | - | ၅၃၀၀၀၇၀၁၁၄ |
| ထုတ်ဝေသူ | - | ညွှန်ကြားရေးမှူး (သုတေသနနှင့်ဖွံ့ဖြိုးရေးဌာန)<br>ဗဟိုစာရင်းအင်းအဖွဲ့<br>စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန။ |
| ပုံနှိပ်သူ | - | ဦးမြတ်ထွန်းကျော်<br>ကောမတ်စ်ဂျာနယ်ပုံနှိပ်တိုက် (မြဲ-၀၉၇၄၄)<br>မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| အုပ်ရေ | - | |
| တန်ဖိုး | - | |

# ဂျာနယ်ဝယ်ယူရရှိနိုင်သောနေရာများ

| နေရာ | ဆက်သွယ်ရန်ဖုန်း |
|---|---|
| ဗဟိုစာရင်းအင်းအဖွဲ့ (ရုံးချုပ်)<br>ရုံးအမှတ် (၃၂)၊ နေပြည်တော်။ | ၀၆၇-၄၀၆၃၅၁<br>၀၆၇-၄၀၆၃၂၉ |
| ကချင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ် (၄)၊ ပေ (၅၀) လမ်း၊ မေခဝန်ထမ်းအိမ်ရာ<br>မန်ခိန်ရပ်ကွက်၊ မြစ်ကြီးနားမြို့ | ၀၇၄-၂၄၂၀၆<br>၀၉၄၅၀၉၈၄၅၉၄ |
| ကယားပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>ဒေါဥခူရပ်ကွက်၊ ဦးသီရိလမ်း<br>ခရိုင်စုပေါင်းရုံး၊ လွိုင်ကော်မြို့ | ၀၈၃-၂၂၀၈၀<br>၀၉-၄၅၁၂၂၉၄၈၃ |
| ကရင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ် (၄) ရပ်ကွက်၊ သီရိလမ်း<br>ဘားအံခရိုင်၊ အထွေထွေအုပ်ချုပ်ရေးရုံးဝန်းအတွင်း။ | ၀၅၈-၂၂၇၂၅<br>၀၉-၄၂၀၇၂၃၁၇၀ |
| ချင်းပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ် (၃)၊ ဂေါက်ကွင်းလမ်း၊ တိုင်းရင်းဆေးရုံအနီး။<br>မြို့သစ်ရပ်ကွက်၊ ဟားခါးမြို့နယ်။ | ၀၇၀-၂၂၅၁၆<br>၀၉-၄၅၀၉၈၄၆၀၂ |
| စစ်ကိုင်းတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ် (၁၉) လမ်းကြား တိုင်းရင်းဆေးရုံအရှေ့ဘက်၊<br>ချမ်းမြဝတီရပ်ကွက်၊ မုံရွာမြို့။ | ၀၇၁-၂၆၅၁၃<br>၀၉-၄၂၀၇၀၁၀၆၃ |
| တနင်္သာရီတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>သဇင်လမ်းသွယ်၊ ဆိပ်ကမ်းသာလမ်း၊<br>ဆန်းချိုတိုးချဲ့ရပ်ကွက်၊ ထားဝယ်မြို့နယ်။ | ၀၅၉-၂၀၂၃၉၀၆<br>၀၉-၅၁၁၉၂၃၃ |
| ပဲခူးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>အမှတ်၊ ၄/၄၇၂ ရပ်ကွက်ကြီး (၄) ဆည်မြောင်းလမ်း၊<br>ဉဿာမြို့သစ်၊ ပဲခူးမြို့။ | ၀၅၂-၂၂၃၀၁၃၅၃<br>၀၉-၃၃၇၆၆၂၅၀ |

| | |
|---|---|
| မကွေးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>မကွေးမြို့နယ်၊ စုပေါင်းရုံး အပေါ်ဆုံးထပ်၊<br>မဲထီးလမ်းနှင့် ပြည်တော်သာ (၁)လမ်းထောင့်၊ မကွေးမြို့။ | ၀၆၃- ၂၀၂၈၅၅၃<br>၀၉-၄၂၀၇၀၁၀၇၃ |
| မန္တလေးတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>၉-၅၊၇၂/၁၊၆၂ လမ်း၊ ကံ့ကော်လမ်းနှင့် သဇင်လမ်းကြား<br>ချမ်းမြသာစည်မြို့နယ်။ | ၀၂-၈၂၁၅၂<br>၀၉-၇၉၀၄၀၈၄၁၉ |
| မွန်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့ မောင်ငံရပ်ကွက်၊<br>(၂)လမ်းထိပ်/ပြည်နယ်ကျေးလက်ဦးစီးဌာနဘေး၊ မော်လမြိုင်မြို့။ | ၀၅၇- ၂၀၂၄၅၁၇<br>၀၉-၄၂၀၇၀၁၀၆၈ |
| ရခိုင်ပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>ပြည်နယ်စီမံကိန်းရုံး(အောက်ထပ်)၊<br>မေယုလမ်း၊ ညေဝတီရပ်ကွက်၊ စစ်တွေမြို့။ | ၀၄၃- ၂၂၈၂၉<br>၀၉-၄၄၈၅၃၃၄၀၃ |
| ရန်ကုန်တိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>(၁) အခန်းအမှတ်-လ၁၂၇/၁၂၈ တိုင်းဒေသကြီးလွှတ်တော်ဝင်း၊<br>အလုံလမ်း၊ ဒဂုံမြို့နယ်<br>(၂) ၄/၆ ဖြူပတ္တမြားလမ်းနှင့် သီတာလမ်းထောင့်၊ (၄)ရပ်ကွက်၊<br>တောင်ဥက္ကလာပမြို့နယ်။ (အရှေ့ပိုင်းခရိုင်စုပေါင်းရုံး)။ | ၀၁-၂၃၀၂၄၈၁<br>၀၉-၄၂၀၇၀၁၀၆၅ |
| ရှမ်းပြည်နယ် ဗဟိုစာရင်းအင်းအဖွဲ့<br>(၄)မိုင် ကံကြီးရပ်ကွက်၊ Business Center အနီး<br>ဟိုပုံးမြို့သို့အထွက်၊ တောင်ကြီးမြို့။ | ၀၈၁- ၂၁၂၁၃၃၅<br>၀၉-၄၂၀၇၀၁၀၆၂ |
| ဧရာဝတီတိုင်းဒေသကြီး ဗဟိုစာရင်းအင်းအဖွဲ့<br>အထွေထွေအုပ်ချုပ်ရေးစုပေါင်းရုံး၊ မြတ်တို၊ ပုသိမ်မြို့။ | ၀၄၂- ၂၉၁၅၃<br>၀၉-၄၂၀၇၀၁၀၇၀ |
| နေပြည်တော်ကောင်စီရုံးကြီး၊ (မြေညီထပ်) ဗဟိုစာရင်းအင်းအဖွဲ့<br>ပျဉ်းမနားတောင်ညိုလမ်းမကြီး၊ ပြန်ကပြေးဝိုင်းအနီး။ | ၀၆၇-၅၅၀၃၅၈<br>၀၉-၄၂၀၇၀၁၀၆၆ |



# NIF မှ MSDP လမ်းကြောင်းသို့

❖ နိုင်ငံဖွံ့ဖြိုးတိုးတက်ဖို့
စီမံကိန်းချ စနစ်ကျလို့
Global ရော Local ရော
အားလုံးချိတ်ဆက် ဆောင်ရွက်စို့။

❖ ဟန်ချက်ညီကာ ဖွံ့ဖြိုးဖို့
အားလုံးပါဝင် ကြိုးစားလို့
Vertical ရော Horizontal ရော
လိုအပ်မှုဘောင် ဆောင်ရွက်စို့။

❖ မြန်မာရေရှည်တည်တံ့ဖို့
MSDP လမ်းကြောင်းသို့
မဏ္ဍိုင် သုံး ခု ထောက်ချလို့ ပန်းတိုင်ငါးခု ရည်မှန်းမျှော်
နှစ်ဆယ့်ရှစ်ခု မဟာဗျူဟာ၊ လုပ်ငန်းစဉ်ပါ နှစ်ရာ့ငါးဆယ့်တစ် ဆောင်ရွက်စို့။

❖ စောင့်ကြည့်ကဲဖြတ် တိုင်းတာဖို့
NIFကို အခြေခံလို့
လုပ်ငန်းအဖွဲ့ ဆယ့်သုံးခေါ်
ညွှန်ကိန်းချက်လက် ရွေးချယ်စို့။

■ မေဇလပ်ဖြူ (ချင်းတောင်တန်း)

# pmempdvf sm; q Dbh



❖ ရောက်လာခဏ လူ့ဘဝက
များလှထွေထွေ သတ္တဝါတွေ
ခွဲခြားကိုးကွယ် ဘာသာမျိုးနွယ်
လုံးစုံပေါ်များ ကမ္ဘာမှာကား
တစ်နေရာစာ ရလာခဲ့ပြီလေ။

❖ ထို့ကြောင့်ခဏ လူ့ဘဝကို
အတ္တတွေဖုံး အဆုံးမရှိ
မာန်မာနနဲ့ တစ်ကိုယ်စိတ်မွေး
ထင်ရာတွေးပြီး ဆုံးဖြတ်ပါလည်း
တစ်ကိုယ်ကောင်းလူ ဖြစ်မည်လေ။

❖ ဒုက္ခမျိုးစုံ ဒီဘုံလယ်မှာ
ရှန်းကန်လှုပ်ရှား အင်အားဖြစ်ဖို့
တစ်ထောင့်နေရာ ပါဝင်ပါလေ
စိတ်ရင်းစာနာ မှန်ခဲ့ပါရင်
ရောင်ပြန်မေတ္တာ ကိုယ့်ထံလာမည်လေ။

❖ ကိုယ်တော်ကိုယ်တတ် အထင်မှတ်က
ကိုယ့်ထက်တော်သူ ရှိနေမည်ဟု
တွေးစေစမ်းဘိ လက်ရှိချိန်ထိ
စိတ်ရင်းစာနာ မမွေးပါက
ကိုယ်သာလျှင် စာနာစိတ်ထား ကင်းမည်လေ။

❖ စာစေကိုယ်ချင်း နှလုံးသွင်းက
ပညာဥစ္စာ ပေါများပါဟု
အတွေးရယ်တိန် ခန္ဓာငြိမ်လည်း
တစ်နေ့ဇရာ ချုပ်ငြိမ်းမည်မှာ
ထာဝရအမှန် မှတ်သားရမည်လေ။

❖ ဘဝတစ်ကွေ့ ခဏတွေ့ဝယ်
စာနာစိတ်များ စိုက်ကာထား၍
ကူညီဖေးမ ပြန်ရမေတ္တာ
ငါအတ္တစွဲ တွဲမထားဘဲ
ကမ်းသောလက်များ ပေါများကြပါလေ။

■ နေ့သစ်



# ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများအောင်မြင်စေရန်

ဒေါက်တာဝါဝါမောင် (စီမံ/ဘဏ္ဍာ)





အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသည် နိုင်ငံများ၏ ကုန်စည်နှင့်ဝန်ဆောင်မှုများကို တင်ပို့၊ တင်သွင်းသည့် ဖြစ်စဉ်ပင်ဖြစ်သည်။ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုမှာ နိုင်ငံဖွံ့ဖြိုးမှုအတွက် တွန်းအားတစ်ရပ် ဖြစ်ရုံမျှသာမက အလုပ်အကိုင် အခွင့်အလမ်းများ ပေါ်ပေါက်ရေး၊ သယံဇာတ ကြွယ်ဝမှုတွင် ဝင်ရောက်မည့် နိုင်ငံတစ်နိုင်ငံသည် နိုင်ငံစုံ ကုန်သွယ်မှုစနစ် ( Multilateral trading system) မှ စီးပွားရေး၊ နည်းပညာ၊ စီမံခန့်ခွဲမှု၊ အလုပ်အကိုင်နှင့်စပ်လျဉ်းသည့် အခွင့်အလမ်းများ၊ လူမှုကောင်းကျိုးများ ရရှိစေနိုင်ပါသည်။ သို့ဖြစ်ပါ၍ နိုင်ငံတစ်ခုသည် အခြားနိုင်ငံများနှင့် ကုန်သွယ်ခြင်းအားဖြင့် ထုတ်လုပ်မှုများ၊ ဖောက်ချလုပ်ကိုင်မှုများ ဖြစ်ပေါ်စေပြီး မိမိနိုင်ငံအတွက် အခြားလိုအပ်သည်များကိုလည်း ဈေးကွက်မှ ရှာဖွေဖြည့်ဆည်းနိုင်မည် ဖြစ်ပါသည်။

မိမိကျွမ်းကျင်သည့် လုပ်ငန်းများတွင် ဖောက်ချလုပ်ကိုင်မှုသည် ထုတ်လုပ်မှု အရည်အသွေးနှင့် လူနေမှု အဆင့်အတန်းကို ပိုမိုတိုးတက်လာစေနိုင်ခြင်း၊ ကျွမ်းကျင်မှုကို ပိုမိုဖြစ်ပေါ်စေနိုင်ပါသည်။ ကျွမ်းကျင်လုပ်သားထုများ ဖြစ်ပေါ်လာစေမည့် ပြည်တွင်းပညာရေးစနစ်အပေါ်မူတည်သကဲ့သို့ စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် ဖြစ်ပေါ်စေရေးအတွက် စီးပွားရေးနှင့် ရင်းနှီးမြှုပ်နှံမှု ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ သက်ရောက်အားကောင်းမှု၊ ပုဂ္ဂလိကကဏ္ဍတိုးတက်စေသည့် အစီအမံများ၊ ပွင့်လင်း ထင်သာမြင်သာမှုနှင့် သင့်တော်သော ယှဉ်ပြိုင်မှုများမှတစ်ဆင့် နိုင်ငံ့စီးပွားရေး အဆောက်အအုံကို တွန်းအားပေးနိုင်ပြီး အဆိုပါအချက်များသည် စီးပွားရေးအဆောက်အအုံကို ခိုင်မာအားကောင်းစေမည့် အဓိကအရေးကြီးဆုံး အင်အားစုများပင်ဖြစ်သည်။ အဆိုပါ အင်အားစု တစ်ခုစီ ခိုင်မာအားကောင်းစေရေးအတွက် ဆောင်ရွက်ရမည့် နည်းလမ်းများစွာ တည်ရှိနေမည် ဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုမှ ပြန်ရချက်များ ကောင်းမွန်မှသာ မြင့်မားသော စုဆောင်းမှုနှုန်းများရှိလာပြီး ထပ်မံ ရင်းနှီးမြှုပ်နှံခြင်း၊ လုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်ခြင်း၊ အလုပ်အကိုင် ဖန်တီးမှုများနှင့်အတူ စီးပွားရေးအဆောက်အအုံအတွင်း လှည့်လည်ငွေများ ကောင်းစွာလည်ပတ်နိုင်ရေးမှာ လွန်စွာ အရေးကြီးပါသည်။ သို့မဟုတ်ပါက စီးပွားရေးအဆောက်အအုံမှာ ထိုင်းမှိုင်းနေပေမည်။ မိမိနိုင်ငံတွင်း၏ တစ်ပိုင်တစ်နိုင်၊ အသေးစားနှင့် အလတ်စားလုပ်ငန်းများ (MSMEs) တိုးတက်အားပေးနိုင်မှုနှင့်အတူ တစ်ဖက်မှလည်း စီးပွားရေးတံခါးဖွင့်ဟမှုကို ဟန်ချက်ညီညီ ထိန်းကျောင်းလုပ်ကိုင် ဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ အကြောင်းမှာ ပြည်တွင်းမှ လုပ်ငန်းငယ်လေးများ ကောင်းစွာ မကြီးထွားနိုင်သေးခင် ကုန်သွယ်မှုများ ဖြေလျှော့ခဲ့ခြင်းမျိုးသည် လုပ်ငန်းငယ်များအတွက် ထိခိုက်နစ်နာနိုင်ပေသည်။

အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသည် နည်းပညာ၊ ထုတ်ကုန်အရည်အသွေး၊ ထုတ်ပိုးမှုနှင့် ဒီဇိုင်း၊ ဈေးကွက်ရှာဖွေခြင်းစသည့် ကောင်းမွန်သော အကျိုးကျေးဇူးများ (Crowd in Effect) ဖြစ်တည်နိုင်သကဲ့သို့ သွင်းကုန်များ အလုံးအရင်းနှင့်ဝင်လာပြီး ပြည်တွင်းမှ MSMEs လုပ်ငန်းလေးများမှ ယှဉ်ပြိုင်နိုင်မှုမရှိသဖြင့် ထုတ်လုပ်မှုများ ဆက်လက်မဆောင်ရွက်နိုင်ဘဲ လုပ်ငန်းများ ပိတ်သိမ်းရခြင်း၊ ထုတ်လုပ်မှုလုပ်ငန်းများ ရပ်ဆိုင်းကာ အလားတူပစ္စည်းများအား တင်သွင်းရောင်းချခြင်းစသည့် ဆိုးကျိုး (Crowd–outeffect) တို့ကို ဖြစ်ပေါ်စေသည်။ ဤသို့ ဖြစ်ပေါ်စေခြင်းမှာ ထုတ်လုပ်မှုကဏ္ဍ (Manufacturing Sector)မှ ကုန်သွယ်မှုကဏ္ဍ (Trade Sector) သို့ ကူးပြောင်းသွားခြင်းပင်ဖြစ်သည်။ ဗဟိုစာရင်းအင်းအဖွဲ့၏ ၂၀၁၇ ခုနှစ်တွင် ဆောင်ရွက်ခဲ့သည့် တစ်ပိုင်တစ်နိုင်၊ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ စစ်တမ်းတွေ့ ရှိချက်အရ အသေးစားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများသည် ကုန်ထုတ်လုပ်မှုလုပ်ငန်းအနေဖြင့် မှတ်ပုံတင်ထားကြသော်လည်း မြေပြင်တွင် ကုန်ထုတ်လုပ်မှုလုပ်ငန်းကို တွက်ချေမကိုက်သည့်အတွက် ရပ်ဆိုင်းကာ အများအားဖြင့် အရောင်းအဝယ်လုပ်ငန်းကိုသာ ပြောင်းလဲဆောင်ရွက်နေကြကြောင်း လေ့လာတွေ့ရှိခဲ့ရသည်။



နိုင်ငံတွင်းတွင် ထုတ်လုပ်မှုကဏ္ဍ လျော့ပါးသွားခြင်းသည် နိုင်ငံ၏စုစုပေါင်းပြည်တွင်း ထုတ်ကုန်ကို လျော့ပါးစေခြင်း၊ အလုပ်အကိုင်ဖန်တီးမှုနှင့် ဆင့်တိုး ထုတ်ကုန်တန်ဖိုးများအား လျော့ကျစေခြင်းတို့ကို ဖြစ်ပေါ်စေသည်။ ၂၀၁၅ ခုနှစ် အကုန်ပိုင်းတွင် ဆောင်ရွက်ခဲ့သည့် မြန်မာစီးပွားရေးလုပ်ငန်းစစ်တမ်း (Myanmar Business Survey-MBS) တွေ့ရှိချက်များအရ ကုန်သွယ်မှုကို ဆောင်ရွက်ခြင်းမှ ရရှိသော ပြန်ရချက်နှုန်းသည် ထုတ်လုပ်မှုကို ဆောင်ရွက်ခြင်းကြောင့် ပြန်ရချက်နှုန်းထက် ပိုမိုများပြားနေခဲ့သည်။ အကြောင်းမှာ ထုတ်လုပ်မှုကဏ္ဍတွင် မြေ၊ စက်ကိရိယာအပါအဝင် အရင်းအနှီးကြီးကြီးမားမား လိုအပ်ခြင်း၊ လုပ်ခအပါအဝင် အလုပ်သမား ရှားပါးမှုပြဿနာရင်ဆိုင်ရခြင်း၊ စွန့်စားရမှု (Risks) ပိုမိုများပြားခြင်းတို့ကြောင့် ပြန်လည်တင်သွင်း ဖြန့်ဖြူး ရောင်းချသည့် လုပ်ငန်းများသို့ ကူးပြောင်းခဲ့ခြင်းကြောင့် နိုင်ငံ၏ နိုင်ငံခြားငွေ ကြေး လိုအပ်သည်ထက် လိုအပ်လာခဲ့ သည်။ သို့ဖြစ်ပါ၍ ၂၀၁၂ ခုနှစ်မှ စတင်ပြီး အောက်ဖော်ပြပါဇယားအတိုင်း ကုန်သွယ် ရေးလိုငွေ (Trade deficit) ဆက်တိုက်ပြခဲ့သည်။ ဆိုလိုသည်မှာ သွင်းကုန်နှင့် ပို့ကုန်တန်ဖိုးအား နှိုင်းယှဉ်ပါက သွင်းကုန်တန်ဖိုး ပိုမိုများပြားနေခြင်းပင်ဖြစ်သည်။ ထိုသို့ များပြားနေမှုကို ဆန်းစစ်ရာတွင်လည်း ထုတ်လုပ်မှုကို ပိုမိုတွန်းအားပေးစေသည့် မိမိနိုင်ငံမှ မထုတ်လုပ်နိုင်သေး သည့် အခြေခံအဆောက်အအုံအတွက် အရေးပါသည့် မရှိမဖြစ် တင်သွင်းရမည့် အမျိုးအစားများ (Essential Items) ဖြစ်နေပါက မဖြစ်မနေ ဆောင်ရွက်ရမည်ဖြစ်သော်လည်း အချို့သော သွင်းကုန်များသည် မရှိမဖြစ် တင်သွင်းရမည့် အမျိုးအစားများမဟုတ်သည်ကို တွေ့ရှိရမည် ဖြစ်ပါသည်။

## မြန်မာနိုင်ငံ၏ ကုန်သွယ်မှုလိုငွေပြမှုအပေါ် သုံးသပ်တင်ပြခြင်း

၂၀၁၁-၂၀၁၂ ခုနှစ်မှ ၂၀၁၇-၂၀၁၈ ခုနှစ်အထိ ပို့ကုန်၊ သွင်းကုန်နှင့် ပိုငွေ/လိုငွေအခြေအနေ

(အမေရိကန်ဒေါ်လာသန်းပေါင်း)

| ခုနှစ် | ပို့ကုန် | သွင်းကုန် | ကုန်သွယ်မှုပမာဏ | ပိုငွေ/လိုငွေ |
|---|---|---|---|---|
| ၂၀၁၁-၂၀၁၂ | ၉၁၃၅·၆ | ၉၀၃၅·၁ | ၁၈၁၇၀·၇ | ၁၀၀·၅ |
| ၂၀၁၂-၂၀၁၃ | ၈၉၇၇·၀ | ၉၀၆၈·၉ | ၁၈၀၄၅·၉ | (-) ၉၁·၉ |
| ၂၀၁၃-၂၀၁၄ | ၁၁၂၀၄·၀ | ၁၃၇၅၉·၅ | ၂၄၉၆၃·၅ | (-) ၂၅၅၅·၅ |
| ၂၀၁၄-၂၀၁၅ | ၁၂၅၂၃·၇ | ၁၆၆၃၂·၆ | ၂၉၁၅၆·၃ | (-) ၄၁၀၈·၉ |
| ၂၀၁၅-၁၀၁၆ | ၁၁၁၃၆·၉ | ၁၆၅၇၇·၉ | ၂၇၇၁၄·၈ | (-) ၅၄၄၁·၀ |
| ၂၀၁၆-၂၀၁၇ | ၁၁၉၅၁·၆ | ၁၇၂၁၁·၁ | ၂၉၁၆၂·၇ | (-) ၅၂၅၉·၅ |
| ၂၀၁၇-၂၀၁၈ (p) | ၁၄၈၅၀·၇ | ၁၈၆၈၇·၀ | ၃၃၅၃၇·၇ | (-)၃၈၃၆·၃ |

ဇာစ်မြစ်။ Statistical Year Book (2018)

မြန်မာနိုင်ငံ၏ ကုန်သွယ်မှုမှာ ၂၀၁၁-၂၀၁၂ ခုနှစ်တွင် ကုန်သွယ်မှု ပိုငွေ အမေရိကန်ဒေါ်လာ ၁၀၀·၅ သန်း ဖြစ်ပေါ်ခဲ့သော်လည်း ၂၀၁၅-၂၀၁၆ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅၄၄၁ သန်း၊ ၂၀၁၆-၂၀၁၇ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၅၂၅၉·၅ သန်း၊ ၂၀၁၇-၂၀၁၈ ခုနှစ်တွင် ကုန်သွယ်မှုလိုငွေ အမေရိကန်ဒေါ်လာ ၃၈၃၆·၃ သန်း ဖြစ်ပေါ်ခဲ့ပါသည်။ ကုန်သွယ်မှုလိုငွေ လျော့ကျလာသော်လည်း သိသာစွာများပြားနေဆဲဖြစ်ပါသည်။ သွင်းကုန်တန်ဖိုး များပြားနေခြင်းမှာ မော်တော်ယာဉ်နှင့် အပိုပစ္စည်းများ၊ စက်ပစ္စည်းနှင့် ရင်းနှီးကုန်စည်များ၊ လုပ်ငန်းသုံးကုန်ကြမ်းများ ပိုမိုတင်သွင်းလာခြင်းတို့ကြောင့် ဖြစ်ကြောင်း လေ့လာတွေ့ရှိရသည်။

ထုတ်ကုန်များ တိုးတက်ထုတ်လုပ်ခြင်းမှတစ်ဆင့် ဈေးကွက်ရှာဖွေရာတွင် ပြည်တွင်းဈေးကွက်သာမက ဒေသတွင်းဈေးကွက်၊ အပြည်ပြည်ဆိုင်ရာဈေးကွက်အထိပါ ထိုးဖောက်ဝင်ရောက်ရန် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများ အောင်မြင်အောင်ဆောင်ရွက်ရန် လိုအပ်ပါသည်။ ပို့ကုန်မြှင့်တင် ရေးလုပ်ငန်းများ အောင်မြင်စေရန် မဟာဗျူဟာများ (Export Promotion Strategies) ချမှတ်ရာတွင် ပို့ကုန်မြှင့်တင်ရေးအတွက် မိမိနိုင်ငံ၏ စီးပွားရေးလုပ်ငန်းများ အခြေအနေကို ဦးစွာသုံးသပ်ရန် လိုအပ်ပါသည်။ မည်သည့်ပို့ကုန်များသည် မိမိတို့အတွက် ယှဉ်ပြိုင်နိုင်စွမ်းရှိ၍ အခွင့်သာနိုင်မည်နည်း၊ မည်သည့်ကုန်ကြမ်းနှင့် သွင်းအားစုတို့ကို အသုံးပြုမည်နည်း၊ အဆိုပါ ကုန်စည်များကို မည်သည့်နိုင်ငံများက ဝယ်ယူမှုအများဆုံးနည်း၊ မိမိနှင့်ပြိုင်ဘက်ထုတ်လုပ်သူများက မည်သည့်နိုင်ငံများနည်း၊ အဆိုပါ ကုန်စည်ဈေးကွက် အလားအလာတို့အပြင် ဒီဇိုင်းနှင့် တီထွင်ဆန်းသစ်မှုတို့ကိုပါ အမြဲသုံးသပ်စဉ်းစားရန် လိုအပ်ပါသည်။ အချို့သော ကုန်စည်ထုတ်လုပ်မှုများသည် ယခုအချိန်တွင် အောင်မြင်နေသော်လည်း ရေရှည်တွင် ဈေးကွက်အလားအလာနည်းခြင်း၊ ကုန်ကြမ်း အခက်အခဲကြုံနိုင်ခြင်းစသည့် အခြေအနေများအား ဖြစ်ပေါ်စေနိုင်သည်။ အချို့သော ကုန်စည်များသည် ယခုအချိန်တွင် အောင်မြင်မှုနည်းပါးနေသေးသော်လည်း ရေရှည်တွင် ဈေးကွက်အလားအလာများလာနိုင်ခြင်း၊ လူကြိုက်များသည့် အခြေအနေများ ဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ မိမိတို့ထုတ်လုပ်နေသည့် ကုန်ပစ္စည်းများ၏ အလားအလာကို အစဉ်သုံးသပ် ပြင်ဆင်နေရန် လိုအပ်ပါသည်။

နိုင်ငံများ၏ စီးပွားရေးအောင်မြင်မှု (National Economic Success) ကို တိုင်းတာနိုင်ရန်မှာ ကမ္ဘာ့ဈေးကွက်၌ ပို့ကုန်ပမာဏ (Export Volume) မည်မျှ များများတင်ပို့နိုင်သနည်းဟူသော အဖြေပေါ်ဖြစ်သည်။ ပို့ကုန်ဟုဆိုရာတွင် ကုန်ကြမ်း (Raw Material) ကိုသာ များများတင်ပို့ခြင်းထက် ထပ်ဆင့်တိုးထုတ်ကုန်များ (Value Added Product)၊ ကုန်ချောများ (Finished Goods) များကို တင်ပို့မှသာ အလုပ်အကိုင်ဖန်တီးမှု ပိုမိုဖြစ်ပေါ်စေခြင်း၊ ကုန်စည်



အမှတ်တံဆိပ် (Brand Name) ကို ကြော်ငြာနိုင်ခြင်းတို့ကို ဆောင်ရွက်နိုင်ပေမည်။

သို့ဖြစ်ပါ၍ နိုင်ငံအသီးသီးမှ ပို့ကုန်မြှင့်တင်ရေး အစီအစဉ် (Export Promotion Programs) များကို ဆောင်ရွက်ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် အစိုးရက မိမိနိုင်ငံ၏ ထုတ်ကုန်များ ကမ္ဘာ့ဈေးကွက်တွင် နေရာရယူရေးအတွက် ကူညီပံ့ပိုးမှုများပေးခြင်းသည် အဓိကကျသော အခန်းကဏ္ဍတွင် တည်ရှိနေပေသည်။ Professor Seringhaus နှင့် Rasson တို့၏ အဆိုအရ ပို့ကုန်များကို တင်ပို့ရာတွင် အစိုးရအနေဖြင့် ပံ့ပိုးမှုအစီအစဉ်များကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း အထောက်အပံ့ပြုနိုင်ကြောင်း တင်ပြခဲ့ကြသည်။ တိုက်ရိုက်ပံ့ပိုးသည့် အစီအစဉ် (Direct Program) သည် ဝယ်လိုအားဘက် (Demand Side) မှ ရပ်တည်လေ့ ရှိသည်။ ထိုချဉ်းကပ်မှုနည်းလမ်း နှစ်မျိုးလုံးသည် အပြန်အလှန် အမှီသဟဲပြုနေပြီး တစ်ပြိုင်တည်းလည်း ကျင့်သုံးနိုင်သည်။

တိုက်ရိုက် ပို့ကုန်မြှင့်တင်ရေး အစီအစဉ်များ (Direct Programs) သည် ပို့ကုန်ပြိုင်ဆိုင်မှုကို တွန်းအားပေးရန် ရည်ရွယ်သည်။ ပြည်တွင်းကုမ္ပဏီများကို ကမ္ဘာ့ဈေးကွက်တွင် ချောမွေ့စွာယှဉ်ပြိုင်နိုင်စေရန် အကူအညီပေးသည့် အစီအစဉ်များ အားလုံးတို့ပါဝင်သည်။ နိုင်ငံအတွက် မည်သို့သော ကုန်ထုတ်လုပ်မှုလုပ်ငန်း အမျိုးအစားသည် ပို့ကုန်အား တိုးတက်စေနိုင်မည်နည်း၊ အဆိုပါ လုပ်ငန်းများ၏ လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် အသင့်တော်ဆုံးဖြစ်စေရန် မည်သို့သော အစီအစဉ်များ ချမှတ်သင့်သနည်း စသည့် မေးခွန်းများအပေါ် စဉ်းစား ဆောင်ရွက်ခြင်းသည် ပို့ကုန်မြှင့်တင်ရေးကို များစွာ အထောက်အကူပြုပေသည်။ သို့ဖြစ်ပါ၍ အများဆုံး တင်ပို့၊ တင်သွင်းနေသည့် ကုန်စည်များနှင့်စပ်လျဉ်း၍ သုတေသနနှင့် ဖွံ့ဖြိုးမှုလုပ်ငန်းများ အဆက်မပြတ်ဆောင်ရွက်ရန် လိုအပ်ပါသည်။

ပို့ကုန်တင်ပို့မှုနှင့် ပတ်သက်၍ ကုမ္ပဏီများ၏ အခြေအနေကို အောက်ပါအတိုင်း (၅) မျိုး ခွဲခြားနိုင်ပါသည်-

♦ **ပို့ကုန်မပို့သောသူများ (Non-exporters)**

ထိုကုမ္ပဏီများသည် လက်ရှိအချိန်၌ ပို့ကုန် လုံးဝ တင်ပို့ရန် စဉ်းစားမှုမရှိဘဲ အတွေ့အကြုံလည်းမရှိသောသူများဖြစ်သည်။ မိရိုးဖလာ ထုတ်လုပ်မှု လုပ်ကိုင်နေသူများလည်း ဖြစ်နိုင်ပါသည်။ အစိုးရအနေဖြင့် ဦးဆောင်ဦးရွက်ပြုကာ ပို့ကုန် မပို့ဘူးသောသူများ (Non-exporters) ကို First-Time exporting ဖြစ်စေရန်ပြိုင်ဆိုင်မှုအားကောင်းသည့် ထုတ်ကုန်များ တင်ပို့စေခြင်းဖြင့် အားပေးသင့်ပါသည်။ ဥပမာအားဖြင့် ပို့ကုန်မပို့ဘူးသော လုပ်ငန်းများ (Non-exporting firms) ၏ စိတ်ဓါတ်ကို လှုံ့ဆော်ပေးသည့် အသိဉာဏ်မြှင့်တင်ပေးသည့် အစီအစဉ်များ (Motivational programs) ပြုလုပ်ပေးသင့်သည်။ ပို့ကုန်တင်ပို့ အောင်မြင်ခဲ့ဖူးသော တင်ပို့သူများ၏ သမိုင်းကြောင်းဖြင့် အလားအလာများ သိရှိစေရန် ဈေးကွက်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်း (Providing information) များဖြင့် အသိဉာဏ်ပွင့်အောင် လမ်းဖွင့်ပေးရမည်။ အသင်းအဖွဲ့များမှလည်း ဆွဲဆောင်စည်းရုံးကာ လိုအပ်ပါက စုပေါင်းတင်ပို့သည့် စနစ်များအားလည်း အသုံးပြုရန် လိုအပ်မည်ဖြစ်သည်။

♦ **ဆုံးရှုံးမှုကို ရင်ဆိုင်ခဲ့သော ပို့ကုန်တင်ပို့သူများ (Failed Exporters)**

ဤအမျိုးအစားသည် နိုင်ငံခြားဈေးကွက်တွင် အတွေ့အကြုံအချို့ရှိပြီး ထိုပို့ကုန်လုပ်ငန်းကို ဆောင်ရွက်တော့မည် မဟုတ်ဟု ဆုံးဖြတ်ထားသော ကုမ္ပဏီများဖြစ်သည်။ အဆိုပါ ဆုံးရှုံးမှုဖြစ်ပေါ်ဖူးသည့် လုပ်ငန်းများကို စိတ်ဓါတ်ပိုင်းဆိုင်ရာ အားပေးမှုများ၊ Export Credit ထုတ်ပေးမှုများ စသည်ဖြင့် ပံ့ပိုးအားပေးသင့်ပါသည်။ ဈေးကွက်နှင့်စပ်လျဉ်းသည့် သတင်းအချက်အလက်များ၊ တင်ပို့မည့်နိုင်ငံ၏ အကောက်ခွန်နှင့် ပို့ကုန်၊ သွင်းကုန်ဆိုင်ရာ သတင်းအချက်အလက်များ ထောက်ပံ့ပေးခြင်းနှင့် အတွေးအခေါ်သစ်များဖြင့် မြှင့်တင်၍ နောက်တစ်ကြိမ် တင်ပို့ရာတွင် အောင်မြင်အောင် အားပေးသင့်ပါသည်။

♦ **ပထမအကြိမ်တင်ပို့သူများ (First-Time Exporters)**

ထိုအမျိုးအစားသည် မကြာမီကာလတွင် တင်ပို့ရန် ဆုံးဖြတ်သူများဖြစ်သည်။ ပထမအကြိမ် တင်ပို့သူများကို အပြည်ပြည်ဆိုင်ရာ ဈေးကွက်ရှာဖွေခြင်း (International Marketing) တွင် တွေ့ကြုံရသော အခက်အခဲများကို

ကူညီဖြေရှင်းပေးသင့်သည်။ မည်သို့တင်ပို့ ရမည်၊ မည်သည့် နိုင်ငံသို့တင်ပို့ရမည်စသည့် ပိုမို တိကျ သော သတင်းအချက်အလက် (Extensive Information) များ ထောက်ပံ့ပေးရန် လိုအပ်ပေသည်။ သတင်းအချက် အလက်များ၊ အဖွဲ့အစည်းများနှင့် ချိတ်ဆက်မှု ကွန်ရက်များ (Institutional Network)၊ တည်ငြိမ်သည့် ဈေးကွက်ရရှိ ရေး ကူညီရှာဖွေပေးသင့်ပါသည်။

♦ **တိုးချဲ့ရန်စဉ်းစားနေသော တင်ပို့သူများ (Expanding Exporters)**

ထိုအမျိုးအစားတွင် ဈေးကွက်တစ်ခု (သို့) တစ်ခုထက်ပိုသော ဈေးကွက်တွင် ၎င်းတို့၏ပို့ကုန်များကို ထိုးဖောက်ဝင်ရောက်ရန် စီစဉ်နေသူများဖြစ် သည်။ Expanding Exporters များသည် Branding၊ အရောင်းမြှင့်တင်ခြင်းနှင့် ကိုယ်စားလှယ်လုပ်ငန်းများ လိုအပ်ခြင်း၊ ပို့ကုန်ကန်ထရိုက်များ (Export Contracts) အောင်မြင်စွာ ချုပ်ဆိုနိုင်ရန် လိုအပ်ပေသည်။

♦ **ဆက်လက်တင်ပို့မည့် တင်ပို့သူများ (Continuing Exporters)**

ထိုအမျိုးအစားတွင် အဓိက ပြောင်းလဲမှုများ မရှိသော်လည်း လက်ရှိပို့ကုန်နှင့် ပတ်သက်သော ဆောင်ရွက်မှုများကို ပိုမိုအဆင်ပြေသည့် အနေအထားသို့ ရောက်ရှိလိုသူများဖြစ်သည်။ သို့ပါ၍ ၎င်းတို့၏ လုပ်ဆောင်ချက်များကို ပိုမိုတိုးတက်ကောင်းမွန်စေရန် ပံ့ပိုးသင့်ပါသည်။ Continuing Exporters များကို နိုင်ငံတကာမှ သိရှိလာစေရန် ကြော်ငြာခြင်း၊ ထိုထုတ်ကုန်များကို နိုင်ငံခြား ကုန်စည်ပြပွဲများတွင် ခင်းကျင်းပြသခြင်း၊ နိုင်ငံခြားမှ တိုက်ရိုက်ဝယ်ယူသူများဖြင့် ချိတ်ဆက် ဆောင်ရွက်စေခြင်း၊ နိုင်ငံခြားရှိ မြန်မာသံရုံးများ၊ စီးပွားရေးသံရုံးများမှ တစ်ဆင့် ဈေးကွက်ရှာဖွေခြင်းစသည်ဖြင့် တိုက်ရိုက်ပံ့ပိုးနိုင်ပေသည်။ ကုန်သွယ်မှုသည် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများနှင့်လည်း ဆက်စပ်နေသည်။

♦ **သွယ်ဝိုက်အစီအစဉ် (Indirect Program)**

သွယ်ဝိုက်အစီအစဉ်တွင် ပို့ကုန်တင်ပို့သူများ၏ ယှဉ်ပြိုင်မှု သာလွန်ကောင်းမွန်ရေးနှင့် လုပ်ငန်းစဉ်များ ဆောင်ရွက်ရာတွင် ချောမွေ့ကောင်း မွန်စေရေး အစီအစဉ်တို့



ပါဝင်သည်။ အဆိုပါ အစီအစဉ်များတွင် လုပ်ထုံးလုပ်နည်းဆိုင်ရာ ဖြေလျှော့မှုများ၊ ထုတ်လုပ်မှု တိုးတက်ကျွမ်းကျင်စေရေး သင်တန်းများ၊ သုတေသနနှင့် ဖွံ့ဖြိုးမှု၊ နည်းပညာနှင့် တီထွင်မှု၊ လုပ်သားဈေးကွက်က တောင်းဆိုလာသည့် လူသားရင်းမြစ်များအတွက် လူ့စွမ်းအား စီမံကိန်း၊ ဒေသနှင့် ကဏ္ဍဆိုင်ရာဖွံ့ဖြိုးမှုနှင့် အခွန်နှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ မက်လုံးပေး မူဝါဒတို့ကို လုပ်ငန်းစု (Industry) နှင့် လုပ်ငန်းအဆင့် (Firm level) များတွင် ချောမွေ့အောင် ဖန်တီးမှုများ လိုအပ်သည်။

သို့ရာတွင် စွမ်းဆောင်ရည်ပြည့်ဝသော ပို့ကုန်မြှင့်တင်ရေးဖြစ်စေရန် အောက်ပါတို့ကိုလည်း ထည့်သွင်းစဉ်းစားရန် လိုအပ်မည်ဖြစ်သည် -

♦ **ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်စိမ့်ဝင်ပြန့်နှံ့ရေး အကြား ဆက်နွှယ်မှု (Linkage promotion and import penetration)**

ပို့ကုန်မြှင့်တင်ရေးအတွက် ပို့ကုန်တင်ပို့သူများကို အပြည်ပြည်ဆိုင်ရာဈေးကွက်တွင် အပြိုင်အဆိုင် တင်ပို့နိုင်ရန် အကူအညီပြုရာတွင် အစိုးရသည် ထုတ်လုပ်မှုအတွက် လိုအပ်သော သွင်းကုန်များကို သွင်းကုန်ခွန်များ ကောက်ခံခြင်း၊ သွယ်ဝိုက်ခွန်များ ကောက်ခံခြင်းမပြုဘဲ အားပေးမှုပြုနိုင်သည်။ သို့မဟုတ်ပါက ပို့ကုန်တင်ပို့သူများအနေဖြင့် အခြားနိုင်ငံများနှင့် နှိုင်းယှဉ်လျှင် အားနည်းချက်များ ဖြစ်စေနိုင်သည်။ ထို့ပြင် မဖြစ်မနေ တင်သွင်းရန် လိုအပ်သည့် သွင်းကုန်များကိုသာ စိစစ် ခွင့်ပြုနိုင်သည်။ တစ်ဖက်တွင် ပြည်တွင်းဖြစ်ကုန်စည်များအား အရည်အသွေးပြည့်ဝရေးနှင့် ပြည်တွင်းဖြစ်ကုန်စည်များအား အားပေးနိုင်ရေးအတွက် ဆောင်ရွက်နိုင်ရန် ဖြစ်ပါသည်။ သို့ပါ

၍ ပို့ကုန်မြှင့်တင်ရေးနှင့် သွင်းကုန်စိမ့်ဝင်ပြန့်နှံ့ရေး အကြား ကောင်းစွာ ဆက်နွှယ်မှုရှိနေသည်ကို သတိပြုရန် လိုအပ်ပါသည်။ စီးပွားရေးအဆောက်အအုံကြီး၏ စီးပွားရေးတံခါးဖွင့်ဟမှုဒီဂရီ (Degree of Openness) ကိုလည်း သက်ရောက်နိုင်ပါသည်။

♦ **ပို့ကုန်ခွဲခြားထုတ်လုပ်ခြင်းနှင့် ဇောက်ချထုတ်လုပ်မှုတို့အကြား ဆက်နွှယ်မှု (Export diversification and specialization)**

ဖွံ့ဖြိုးဆဲနိုင်ငံအများအပြားတွင် ပို့ကုန်မြှင့်တင်ရေး မူဝါဒများ၌ နိုင်ငံများသည် ထုတ်ကုန် ခွဲခြားထုတ်လုပ်ခြင်း (Diversification) နှင့် ပို့ကုန်များ ဇောက်ချထုတ်လုပ်ခြင်း (Specialization) ကြားတွင် ဘက်ညီမျှတမှုရှိရန် လိုအပ်သည်။ အခြားတစ်ဖက်တွင်မူ ဇောက်ချထုတ်လုပ်ခြင်းသည် လတ်တလော အခြေအနေတွင် ကောင်းမွန်နေနိုင်သော်လည်း တစ်နေ့တစ်ချိန်တွင် အခြားသော တိုးတက်နေသည့် နိုင်ငံများကြောင့် မိမိကုန်စည်အပေါ်တွင် ဝယ်လိုအား လျော့နည်းခြင်းများ ဖြစ်ပေါ်လာနိုင်ပေသည်။ ထိုအခါ မိမိတို့နိုင်ငံတွင်း စက်မှုလုပ်ငန်းများသည် အခြားလုပ်ငန်းများတွင် ပြောင်းရွှေ့ထုတ်လုပ်ရန် ထုတ်ကုန်ခွဲခြားထုတ်လုပ်မှုများ (Diversification) ပြုလုပ်မထားပါက ကမ္ဘာ့ဈေးကွက်တွင် ဝေစု (World market share) ပျောက်သွားနိုင်ပေသည်။ သို့ပါ၍ မိမိတို့ပို့ကုန်အား ခြိမ်းခြောက်လာနိုင်သည့် ထုတ်လုပ်မှု၊ တီထွင်မှု စသည်တို့၏ အလားအလာကိုလည်း ဆန်းစစ်နေရန် လိုအပ်ပါသည်။

ပို့ကုန်မြှင့်တင်ရေးအတွက် သော့ချက်များကို ရှာဖွေစဉ်းစားရာတွင် တိုက်ရိုက် ဆက်စပ်လျက်ရှိသော အချင်းအရာများ (Direct factors) ရှိသကဲ့သို့ သွယ်ဝိုက်အထောက်အပံ့ပြုသော အချင်းအရာများ (Indirect factors or Supporting factors) လည်း ရှိနေပါသည်။ စက်မှုဖွံ့ဖြိုးတိုးတက်မှုနှင့်အတူ ပို့ကုန်မြှင့်တင်ရေး ကိစ္စရပ်အား ပူးတွဲဆောင်ရွက်ရန် ဖြစ်ပါသည်။ **"စဉ်ဆက်မပြတ်သော ပို့ကုန်ဦးဆောင်မှုဖြင့် တိုးတက်ကြွယ်ဝထွန်းတောက်လာမည့် မြန်မာနိုင်ငံ -Sustainable export-led growth and prosperity for emerging Myanmar"** ဟူသော ဆောင်ပုဒ်ဖြင့် မြန်မာနိုင်ငံ၏ အမျိုးသားပို့ကုန် မဟာဗျူဟာ (National Export Strategy-NES 2015-2019) တွင် အဓိက ကဏ္ဍများအဖြစ် ဆန်၊ ပဲ အမျိုးမျိုးနှင့် ဆီထွက်သီးနှံ၊ ငါးနှင့် ရေထွက်ပစ္စည်း၊ အဝတ်အထည်၊ သစ်တောထွက်ပစ္စည်း၊ ရာဘာ၊ ခရီးသွားလုပ်ငန်းစသည့် ကဏ္ဍ (၇) ခုတို့ကို သတ်မှတ်ထားပြီး ကဏ္ဍများအကြား ပေါင်းစပ်ဆောင်ရွက်ရန် ကိစ္စရပ်များအဖြစ် ကုန်သွယ်မှု လွယ်ကူချောမွေ့စေရေးနှင့် ထောက်ပံ့ပို့ဆောင်ရေး၊ အရည်အသွေးဆိုင်ရာ စီမံခန့်ခွဲမှု၊ ဘဏ္ဍာငွေ ရရှိနိုင်မှု၊ ကုန်သွယ်ရေးသတင်းအချက်အလက်နှင့် ကုန်သွယ်ရေးမြှင့်တင်မှု အပိုင်းများပါဝင်ပါသည်။ အဆိုပါ ဦးစားပေး ကဏ္ဍများအား လိုအပ်သလို အားပေး အကောင်အထည်ဖော်ဆောင်နိုင်ရန် အသေးစိတ် လုပ်ငန်းအစီအစဉ်များအား အစိုးရ-ပုဂ္ဂလိက ကဏ္ဍများအကြား ပူးပေါင်းဆောင်ရွက်၍ ထပ်ဆင့်တိုးထုတ်ကုန်များနှင့် ဝန်ဆောင်မှု ဆောင်ရွက်သည့် စီးပွားရေးလုပ်ငန်းများနှင့် ပို့ကုန်သမားများအတွက် စီးပွားရေးဝန်းကျင်ကောင်းတစ်ရပ် တွန်းအားပေး အကောင်အထည်ဖော်ဆောင်မှသာ စုစုပေါင်းပြည်တွင်းထုတ်ကုန် တိုးတက်နိုင်ပြီး နိုင်ငံအတွက် လိုအပ်နေသည့် နိုင်ငံခြားငွေများကိုလည်း ရရှိနိုင်မည် ဖြစ်ပါသည်။

အချုပ်အားဖြင့် ဆိုသော် စက်မှုဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပို့ကုန်မြှင့်တင်ရေး ကိစ္စရပ်များသည် များစွာဆက်စပ်လျက် နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးမှုကို အထောက်အကူပြုနိုင်သည်ဖြစ်ရာ စက်မှုဖွံ့ဖြိုးတိုးတက်မှုအတွက် နည်းပညာ၊ စီမံခန့်ခွဲမှု၊ ကျွမ်းကျင်မှု၊ ဗဟုသုတ၊ ဈေးကွက်ရှာဖွေမှုတို့အပါအဝင် Soft Infrastructure နှင့် ကုန်ကြမ်းရရှိမှု၊ လမ်း၊ တံတား၊ ရေ၊ လျှပ်စစ်မီး၊ သိုလှောင်ရုံ၊ ဆက်သွယ်ရေးကိစ္စရပ်များ အပါအဝင် Hard Infrastructure များကို စီးပွားရေးဆိုင်ရာ မူဝါဒများ၊ မေခရိုစီးပွားရေးတည်ငြိမ်မှု၊ ကောင်းမွန်သော အုပ်ချုပ်မှုစနစ်တို့နှင့်အတူ လိုက်လျောညီထွေစွာ၊ ဘက်ညီမျှတစွာဖြင့် မဟာဗျူဟာကျကျ အကောင်အထည်ဖော်ဆောင်ခြင်းဖြင့် ပို့ကုန်မြှင့်တင်ရေးလုပ်ငန်းများကို အောင်မြင်စေနိုင်မည် ဖြစ်ပါသည်။



# ကျေးလက်ဒေသ၏ ကိုယ်ပိုင်လုပ်ငန်း အခွင့်အလမ်းများကို ဘယ်လိုဖန်တီးကြမလဲ

|သန်းဇော်|

မြန်မာနိုင်ငံတွင်စုစုပေါင်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်သည် စိုက်ပျိုးရေးလုပ်ငန်းများအပေါ်တွင် မှီခိုနေကြပြီးတိုက်ရိုက် (သို့) သွယ်ဝိုက်သောနည်းဖြင့် ဆက်နွယ်ဆောင်ရွက်နေကြသည်။ ထို့ကြောင့်ပင် ကျေးလက်ဒေသ၏ ကိုယ်ပိုင်လုပ်ငန်းအခွင့်အလမ်းသည် စိုက်ပျိုးရေးနှင့် ဆက်နွယ်ဆောင်ရွက်မှု အခန်းကဏ္ဍမှ လွယ်ကူစွာဖန်တီးပေးနိုင်ခဲ့သည်။ သို့သော် လုပ်ငန်း တစ်ခုချင်းစီ၏ စီမံကိန်းကိုအသေးစိတ်ရေးဆွဲမှုမပြုမီ ကျွန်ုပ်တို့သည် မည်သည့် လုပ်ငန်းကိုမဆို အဆင်ပြေချောမွေ့စေရန်အတွက် အောက်ပါ စည်းမျဉ်းစည်းကမ်းများကို ဆွေးနွေးရမည်ဖြစ်ပါသည်။

## ဘဏ္ဍာငွေရရှိနိုင်မှု

လက်ရှိတွင် နိုင်ငံတော်ကပိုင်ဆိုင်သည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဘဏ်၊ သမဝါယမဘဏ်များ၊ ပူးပေါင်းဆောင်ရွက်မှုလူ့ဘောင်အဖွဲ့အစည်းများသည် စိုက်ပျိုးရေးနှင့် ပူးပေါင်း ဆောင်ရွက်မှုကဏ္ဍများနှင့် ဆက်စပ်နေသော လုပ်ငန်းများ ထူထောင်နိုင်ရန်အတွက် ချေးငွေများထောက်ပံ့ပေးလျက်ရှိသည်။ ထိုချေးငွေများအားလုံးသည် ဘဏ္ဍာရေးဆိုင်ရာ အဖွဲ့အစည်းများ၏ လမ်းညွှန်ချက်များနှင့် စံသတ်မှတ်ချက်များဖြင့် သဘောတူခွင့်ပြုထားခြင်းဖြစ်သည်။ အလုပ်အကိုင်မရှိသော ပညာတတ်လူငယ်များသည် မည်သည့်လုပ်ငန်းကိုမဆို ဘဏ္ဍာငွေ အနည်းငယ်ဖြင့် စတင်ဆောင်ရွက်သင့်ပြီး ထိုရင်းနှီးမြှုပ်နှံမှုမှ အမြတ်အစွန်းများစွာရရှိရန် ထိထိရောက်ရောက် လုပ်ဆောင်သင့်သည်။

## ကုန်ကြမ်းပစ္စည်းများရရှိနိုင်မှု

လုပ်ငန်းတစ်ခုကို မစတင်မီ လုပ်ငန်းတစ်ခုချင်းစီအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများပိုင်ဆိုင်မှု ရှိရမည်။ နယ်ပယ်တစ်ခုချင်းစီရှိ ကုန်ကြမ်းပစ္စည်းရရှိမှုအပေါ် မူတည်ပြီး လိုအပ်သည့် လုပ်ငန်းစဉ်ဆောင်ရွက်မှုဖြစ်သော ရုပ်ပိုင်းဆိုင်ရာ ဖြည့်ဆည်းပေးမှုများ၊ ကုန်ကြမ်းများအတွက် စတိုခန်းများဖန်တီးပေးသင့်သကဲ့သို့ ကုန်ချောပစ္စည်းများအတွက်လည်း စတိုခန်းများကို ဖန်တီးပေးသင့်ပါသည်။ စီမံကိန်းများအားလုံးသည် စိုက်ပျိုးရေးနှင့်ဆက်နွယ်နေသည့် လုပ်ငန်းများဖြစ်ပြီးဒေသတွင်း စိုက်ပျိုးရေးဆိုင်ရာ ထုတ်လုပ်မှုအပေါ်တွင် မူတည်၍ ကုန်ထုတ်လုပ်မှုတစ်ခုချင်းစီသည် ဒေသတွင်းပြည်သူများအကြား အကျိုးကျေးဇူးများကို ဖန်တီးပေးပါမည်။

ဥပမာအားဖြင့် လူတစ်ယောက်သည် ခရမ်းချဉ်သီးစိုက်ပျိုးခြင်းလုပ်ငန်းကို စိတ်ဝင်စားသည်ဆိုလျှင် ထိုသူသည် ခရမ်းချဉ်သီးစိုက်ပျိုးသောလယ်သမားများအတွင်းမှာပင် တိုက်ရိုက် (သို့) သွယ်ဝိုက်သောနည်းဖြင့် ဆောင်ရွက်ရမည်။ ဤသို့ဆောင်ရွက်ခြင်းဖြင့် စိုက်ပျိုးရေးအတွက် လိုအပ်သည့် ကုန်ကြမ်းပစ္စည်းများကိုအလွယ်တကူရရှိနိုင်မည်ဖြစ်သည်။

## လိုအပ်သည့်ပစ္စည်းကိရိယာများရရှိနိုင်မှု

လုပ်ငန်းအမျိုးမျိုးအတွက် ပစ္စည်းကိရိယာအမျိုးမျိုးလိုအပ်ပါသည်။ လုပ်ငန်းတစ်ခုကို စတင်လုပ်ဆောင်ရန် စိတ်ဝင်စားသူများသည် ပစ္စည်းကိရိယာများရရှိနိုင်မှု၊ ကုန်ကျစရိတ်များနှင့် လုပ်ငန်းစည်းကမ်းများကို ပြည့်ပြည့်စုံစုံ သိရှိနားလည်သင့်ပါသည်။ လုပ်ငန်းတစ်ခုတွင် ပါဝင်သည့် အရာအားလုံး၏ သတင်းအချက်အလက်များကို စုဆောင်းပြီးနောက် ဘဏ္ဍာငွေ အစီအစဉ်များ၊ မြေနေရာရရှိမှု၊ ပစ္စည်းများဝယ်ယူခြင်းနှင့် စက်လည်ပတ်ရန် မောင်းနှင်မည့်သူကို သင်တန်းပေးသည့်အစီအစဉ်နှင့် စက်ပစ္စည်းထိန်းသိမ်းမှု စသည်တို့အတွက် စီမံကိန်းရေးဆွဲရန်ဖြစ်ပါသည်။

## ဈေးကွက်ရရှိနိုင်မှု

လုပ်ငန်းများကို မထူထောင်မီစီမံချက် တစ်ခုသည် ဒေသတစ်ခုအတွင်းရှိ ကုန်ပစ္စည်းများ၏ ဈေးကွက်ပံ့ပိုးမှုကို လေ့လာရန်ဖြစ်သည်။ စီမံချက်တစ်ခု၏ စစ်တမ်းအစီရင်ခံစာအပေါ် မူတည်ပြီးကုန်ပစ္စည်း၏ ဈေးကွက်ထိရောက်မှုနှင့် လွယ်ကူချောမွေ့မှုအတွက် ဈေးကွက်ချိတ်ဆက်မှုဖွံ့ဖြိုးရန်ဖြစ်သည်။ ဤချိတ်ဆက်မှုသည် ဒေသတစ်ခုအတွင်းရှိ လမ်းပန်းဆက်သွယ်ရေးနှင့် သယ်ယူပို့ဆောင်ရေး လွယ်ကူချောမွေ့မှုများကိုပါ ထည့်သွင်းစဉ်းစားရသည်။ ကုန်ပစ္စည်းများ၏ ဈေးကွက်ချောမွေ့စေရန်အတွက် ဒေသတစ်ခုအတွင်းရှိ ကူညီပံ့ပိုးမှုများနှင့်အတူ ဈေးကွက်အဖွဲ့ တည်ထောင်ခြင်းကို အလေးထားဆောင်ရွက်သင့်ပါသည်။

## တိုးတက်ကောင်းမွန်သည့် အသိပညာဗဟုသုတနှင့် နည်းပညာရရှိနိုင်မှု

လုပ်ငန်းတစ်ခုကို မစတင်မီသတ်မှတ်ထားသည့် လုပ်ငန်းနှင့် ဆက်စပ်နေသည့် တိုးတက်ကောင်းမွန်သော ကျင့်သုံးမှုများနှင့် နည်းပညာများကို ပြည့်ပြည့်စုံစုံစုဆောင်းသိရှိထားရမည်။ ကုန်ကြမ်းပစ္စည်းများအသုံးပြုမှု၊ စက်ပစ္စည်းအသုံးပြုမှု၊ ကုန်ကြမ်းပစ္စည်းများ၏ လုပ်ငန်းစဉ်များ၊ ကုန်ပစ္စည်းများ၏ ဈေးကွက်နှင့် ဆက်စပ်နေသော သတင်းအချက်အလက်အသစ်များနှင့် တိုးတက်နေသည့် နည်းပညာများကို ကောက်ယူစုစည်းသင့်သည်။ လုပ်ငန်းတစ်ခုကို ထူထောင်ရန် စိတ်ဝင်စားသည့် လူတစ်ဦးသည် တူညီသောလုပ်ငန်း အမျိုးအစားကိုသွားရောက်လေ့လာထိတွေ့မှု ပြုလုပ်သင့်ပါသည်။


စိုက်ပျိုးရေးနှင့် ပူးပေါင်းဆောင်ရွက်မှု လုပ်ငန်းများ၏ အရေးပါသည့် လက္ခဏာရပ်များမှာ–

(၁) ရင်းနှီးမြှုပ်နှံမှုငွေကြေးပမာဏနည်းပါးခြင်း
(၂) ကုန်ကြမ်းပစ္စည်းရရှိနိုင်မှု လွယ်ကူခြင်း
(၃) လုပ်ငန်းများအတွက် လိုအပ်သည့် ကျွမ်းကျင်မှုနည်းပါးခြင်း

(၄) သေးငယ်ရိုးရှင်းသည့် ကိရိယာတန်ဆာပလာများကို အသုံးပြုခြင်း
(၅) ဈေးကွက် ရရှိနိုင်မှုလွယ်ကူခြင်း စသည်တို့ဖြစ်သည်။

## အိန္ဒိယနိုင်ငံ၏စိုက်ပျိုးရေးနှင့်ဆက်စပ်သော ကိုယ်ပိုင်လုပ်ငန်းအချို့

## (က) မှိုစိုက်ပျိုးခြင်း



စပါးကောက်ရိုးမှိုများကို ၂၅ မှ ၃၅ ဒီဂရီစင်တီဂရိတ် အပူချိန်ရရှိသည့်အခါတွင် စိုက်ပျိုးသည်။ စီမံချက်လုပ်ငန်း စတင်မပြုလုပ်မီမှိုဥ၊ စပါးကောက်ရိုး၊ ရေ၊ မှိုကြီးထွားရန်အတွက် နေရာနှင့် လူစွမ်းအားများလိုအပ်ပါသည်။ ၄၅ မှ ၆၀ စင်တီမီတာရှိသောစပါးကောက်ရိုးကို ရွေးချယ်ပြီးရေနွေးငွေ့အကူအညီဖြင့် ပိုးသတ်သည် (သို့) Bavistin နှင့်အတူ Formalin အရည် 100 ml ဖြင့် ပိုးသတ်သည်။ ပိုးသတ်ပြီးသည့် ကောက်ရိုးများကိုအောက်ခြေမှ တစ်လွှာပြီးတစ်လွှာ နေရာယူပြီး ကောက်ရိုးနှစ်လွှာကြားတွင် တွန်းထိုးထွက်နိုင်သည့် ဘောင်များဖြင့် မှိုဥများကို နေရာချသည်။ မှိုတစ်ခင်းလုံးကို ၅ ရက်မှ ၇ ရက်ထိ ပါးလွှာသောပလတ်စတစ်ကြီးတစ်ခုဖြင့် ဖုံးအုပ်ထားသည်။ ပလတ်စတစ်တွန့်လာသည့်အခါ ဖယ်ရှားပြီး ဒေသအပူချိန်ရရှိမှုအပေါ် မူတည်၍ ရေကိုတစ်ရက်လျှင် နှစ်ကြိမ်မှ သုံးကြိမ်အထိ လောင်းပေးရမည်။ ၈-၁၀ ရက်အကြာတွင် မှိုများထွက်ပေါ်လာမည်ဖြစ်ပြီး မှိုတစ်ခင်းမှ ၂ ကီလိုဂရမ်မှ ၂.၅ ကီလိုဂရမ် ခူးယူနိုင်မည်ဖြစ်ပါသည်။

## (ခ) ကြက်မွေးမြူရေးလုပ်ငန်း



ဤလုပ်ငန်းတွင် ၁-၂ ရက်သားကြက်ငယ်လေးများကိုယုံကြည်စိတ်ချရသောအရင်းအမြစ်များမှရယူပြီး သင့်တော်သောကာကွယ်ဆေး၊ အစာနှင့် ရေစသည့် သိပ္ပံနည်းဖြင့် မွေးမြူသင့်ပါသည်။ ကြက်ကလေးများသည် ၆-၇ ပတ်သားအရွယ်တွင် အရွယ်ကြီးထွားမှု ၁.၅ ကီလိုဂရမ်သို့ရောက်ရှိပါသည်။ ဤလုပ်ငန်းတွင် ကြက်ကလေးများအတွက် နေထိုင်ရန်နေရာထိုင်ခင်း၊ ကြက်ကလေးများဝယ်ယူခြင်းနှင့် ကြက်ကလေးများအတွက် လိုအပ်သောအစာကြိုတင်ပြင်ဆင်ခြင်းအတွက် ရင်းနှီးမြှုပ်နှံမှုလိုအပ်ပါသည်။ ဤလုပ်ငန်းတွင် အရင်းအနှီးကိုပိုမိုရင်းနှီးမြှုပ်နှံလျှင် အမြတ်လည်းပိုမိုများပြားလာလိမ့်မည်ဖြစ်သဖြင့် ဤလုပ်ငန်းသည် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်ပြီးဆွဲဆောင်နိုင်ပါလိမ့်မည်။

## (ဂ) ကြက်ဥထုတ်လုပ်ခြင်း

ဤလုပ်ငန်းအမျိုးအစားတွင် ကြက်ကလေးများနေထိုင်ရန် နေရာထိုင်ခင်း၊ အစာနှင့်ရေတို့ကိုကြိုတင်ပြင်ဆင်နိုင်ရန် အရင်းအနှီးလိုအပ်ပါသည်။ အရည်အသွေးကောင်းမွန်သောဥများပိုမိုထုတ်လုပ်နိုင်ရန် ကောင်းမွန်သောနေရာထိုင်ခင်းအထောက်အပံ့များနှင့် အရည်အသွေးကောင်းသောအစာများအတွက် ငွေကြေးအရင်းအနှီးပိုမိုရင်းနှီးမြှုပ်နှံနိုင်ပါသည်။ ကြက်ကလေးများကိုသင့်တင့်လျောက်ပတ်စွာကာကွယ်ဆေးထိုးထားသင့်ပြီးထိုကြက်


ကလေးများကောင်းစွာကြီးထွားနိုင်ရန် ဗီတာမင်ဓာတ်ကို လည်း တိုက်ကျွေးသင့်ပါသည်။

## (ဃ) သစ်သီး/ဟင်းသီးဟင်းရွက် ထုတ်လုပ်ခြင်းလုပ်ငန်း



အိန္ဒိယနိုင်ငံသည် ကမ္ဘာပေါ်တွင် ဟင်းသီးဟင်းရွက် ထုတ်လုပ်ခြင်း၌ဒုတိယနေရာတွင်ရှိပြီး သစ်သီးထုတ်လုပ်မှုတွင် ပထမနေရာ၌ရှိပါသည်။ ဟင်းသီးဟင်းရွက်နှင့် သစ်သီး ၃၀ မှ ၄၀ ရာခိုင်နှုန်းခန့်သည် သိုလှောင်ရန် နေရာနည်းပါးသည့်အတွက် ပျက်စီးခဲ့ရပါသည်။ ထို့ကြောင့် သစ်သီးနှင့် ဟင်းသီးဟင်းရွက်များကိုအကျိုးရှိစွာအသုံးပြုနိုင်ရန် အခြောက်ခံခြင်း၊ ဆားရည်စိမ်ခြင်းနည်းလမ်းများအပြင်ဆော့၊ သစ်သီးဖျော်ရည်၊ ယို၊ ဂျယ်လီ စသည်တို့ကိုနည်းလမ်းအမျိုးမျိုးဖြင့် ထုတ်လုပ်လျက်ရှိပါသည်။ ရရှိသောကုန်ကြမ်းအပေါ် မူတည်၍နည်းလမ်းအမျိုးမျိုးပြုလုပ်ခြင်းဖြင့် အရည်အသွေးကောင်းကုန်စည်များရရှိနိုင်ပါသည်။ ထုတ်လုပ်မှုယူနစ်တစ်ခုစီတွင် အဓိကအားဖြင့် အဆင့်သတ်မှတ်ခြင်းအပိုင်း၊ သန့်ရှင်းပေးသည့်အပိုင်း၊ အခွံနွှာသည့်အပိုင်း၊ ကြိတ်ခြေသည့်အပိုင်း၊ ထုတ်လုပ်သည့်အပိုင်းနှင့် ထုပ်ပိုးသည့်အပိုင်းစသည်ဖြင့် ပါဝင်ပါသည်။ ထုတ်လုပ်ခြင်းလုပ်ငန်းကိုပူးပေါင်း ဆောင်ရွက်ခြင်းဖြင့် လုပ်သားအင်အားပိုမိုဖန်တီးပေးနိုင်ပါသည်။


## (င) ပျားမွေးမြူထိန်းသိမ်းခြင်း



ပျားမွေးမြူရေးလုပ်ငန်းသည် ဝင်ငွေရနိုင်သောနည်းလမ်းတစ်ခုဖြစ်ပါသည်။ မည်သူမဆိုဤလုပ်ငန်းကို ပျားထည့်ထားသောသေတ္တာ ၁၀-၁၅ လုံးဖြင့် စတင်ဆောင်ရွက်နိုင်ပါသည်။ ဤလုပ်ငန်းကိုစတင်ဆောင်ရွက်မည်ဆိုလျှင် ပျားထည့်ရန်သေတ္တာနှင့် ပျားထားရန်အဆောက်အအုံကိုပြင်ဆင်ရန် လိုအပ်ပါသည်။ ကနဦးတွင် သီးနှံအမျိုးမျိုးစိုက်ပျိုးသောဒေသနှင့် မြင်ကွင်းကိုသုံးသပ်သင့်ပါသည်။ အကြောင်းရင်းမှာပျားများအတွက် ကုန်ကြမ်းဖြစ်သည့် သီးနှံပင်များ၏ အပွင့်များနှင့် ပျားများရရှိရန်အတွက် သစ်တောများရှိသည့်ဒေသလိုအပ်သောကြောင့်ဖြစ်ပါသည်။ ပျားထည့်မည့် သေတ္တာတစ်လုံးအတွက် ရင်းနှီးမြှုပ်နှံမှုမှာ Rs.3000ဝန်းကျင်ရှိပါသည်။ လူတစ်ဦးသည် ပျားသေတ္တာ ၂၀-၃၀ကို မွေးမြူလျှင် ပျားများ စားသုံးနိုင်ရန် ပန်းပွင့်များအမျိုးအပြားရရှိနိုင် ရန်လိုအပ်ပါသည်။ အချင်းဝက် ၂.၅ ကီလိုမီတာဝန်းကျင်ရှိသည့် ရွှေ့ပြောင်းနိုင်သောသေတ္တာများတွင် ပျားကိုထည့်ပါသည်။ သေတ္တာတစ်လုံးအတွက်နှစ်စဉ် Rs.10,000ဝင်ငွေရရှိနိုင်ပါသည်။

အထက်ပါလုပ်ငန်းများကိုကျေးလက်ဒေသတွင် စတင်ဆောင်ရွက်ခြင်းဖြင့် ကိုယ်တိုင်လည်းအလုပ်အကိုင်ရရှိပြီးကျေးလက်နေပြည်သူများကိုတိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်းအလုပ်အကိုင်များရရှိအောင် ဖန်တီးပေးနိုင်ပါသည်။ ဤဆက်နွယ်မှုတွင် ချောမွေ့စွာစီမံခန့်ခွဲနိုင်ရန်၊ အမြတ်များများရရှိရန်၊ ကျေးလက်ဒေသဆင်းရဲနွမ်းပါးသူများ၏ လူမှု-စီးပွားအခြေအနေကိုတိုးမြှင့်နိုင်ရန်အတွက် တိုက်ရိုက် (သို့မဟုတ်) သွယ်ဝိုက်၍ အလုပ်အကိုင်အခွင့်အလမ်းများရရှိနိုင်ရန်၊ အလားအလာရှိသော မည်သည့်လုပ်ငန်းကိုမဆိုအလေးပေးလုပ်ဆောင်သင့်ပါသည်။ ကျေးလက်ဒေသစီးပွားရေးအဆောက်အအုံနှင့် ဆင်းရဲနွမ်းပါးသူများအတွက် ဘဏ္ဍာရေးအခြေအနေတိုးတက်လာစေရန် ကိုယ်ပိုင်လုပ်ငန်းစီမံကိန်းများ တည်ထောင်ဆောင်ရွက်ရပေမည်။

# ဖယ်ထုတ်သင့်တာ "Outlier"




|ဦးထွန်းထွန်းဝင်း (စာရင်းအင်းပညာ)|

၁။ သုတေသနလုပ်ငန်း/စီမံကိန်းများ၏ ဖြစ်ပေါ်တိုးတက်မှုအတွက် အစီရင်ခံစာများ (Reports) ရေးသားနိုင်ရန် -

(က) အချက်အလက်ကောက်ခံခြင်း (Data collection)

(ခ) ကောက်ခံရရှိသည့် အချက်အလက်များကို စုစည်းခြင်း (Data summarize)

(ဂ) စုစည်းထားသည့် အချက်အလက်များကို စိစစ်လေ့လာခြင်း (Data analyze)တို့ကို အဆင့်ဆင့် ဆောင်ရွက်လေ့ရှိကြပါသည်။




၂။ ထို့ကြောင့် အစီရင်ခံစာများရေးသားခြင်း တစ်နည်းအားဖြင့် သုံးသပ်တင်ပြခြင်းများ လွဲချော်မှု မရှိစေရေးသည် အချက်အလက်များ စိစစ်လေ့လာမှု (Data analyze) အပေါ်တွင် များစွာမူတည်နေသည်ကို တွေ့ရသည်။

၃။ အချက်အလက်များ စိစစ်လေ့လာမှု (Data analyze) ဆောင်ရွက်မည်ဆိုပါကလည်း -

(က) မည့်သည့် နည်းလမ်းများ (Methods) ဖြင့် တွက်ချက်သင့်သည်

(ခ) တွက်ချက်ရာတွင် မည်သည့်ကိန်းဂဏန်းများကို ထည့်သွင်းစဉ်းစားမည် (မည်သည့်ကိန်းဂဏန်းများကို ဖယ်ထုတ်ထားသင့်သည်) တို့ကို ဦးစွာစဉ်းစားသုံးသပ်ထားနိုင်ရမည်ဖြစ်သည်။

၄။ အထက်ပါ အကြောင်းအရာကို ကြည့်ခြင်းအားဖြင့် မည်သည့်ကိန်းဂဏန်းများကို ဖယ်ထုတ် ထားသင့်သည် (အစွန်းတန်ဖိုး (outlier) များကို တွက်ချက်ရာတွင် ထည့်သွင်းမစဉ်းစားသင့်ပါ) ဆိုသည့် ယူဆချက်သည် အမှန်တကယ် ဆောင်ရွက်ရမည့် ကိစ္စတစ်ခု ဖြစ်လာပါသည်။ ထို့ကြောင့် -

(က) outlier ဆိုတာဘာလဲ

(ခ) outlier တွေကိုဘာကြောင့် ဖယ်ထုတ်သင့်တာလဲ

(ဂ) outlier ရှိ/မရှိ ဘယ်လိုသိနိုင်မလဲဆိုသည့် အချက်များသည် လေ့လာသူများ အနေဖြင့် အသိချင်ဆုံး အချက်များ ဖြစ်လာပါသည်။

၅။ Outlier ဆိုသည်မှာ မိမိကောက်ယူရရှိသည့် အချက်အလက်များတွင် ကိန်းဂဏန်းအများစုနှင့် ကွဲထွက်နေသည့် (ဝေးကွာနေသည့်) အစွန်းတန်ဖိုးများကို ဆိုလိုသည်။ ယေဘုယျအားဖြင့် ကောက်ယူရရှိသည့် ကိန်းဂဏန်းအများစုထက် အထိုက်အလျောက်ကြီးနေသည့် ကိန်းဂဏန်း/ ကောက်ယူရရှိသည့် ကိန်းဂဏန်းအများစုထက် အထိုက်အလျောက်ငယ်နေသည့် ကိန်းဂဏန်းတို့ကို ဆိုလိုသည်။

၆။ ထို outlier များကိုပါ တွက်ချက်မှုများတွင် ထည့်သွင်းတွက်ချက်ပါက ကိန်းဂဏန်းအများစုကို ကိုယ်စားမပြုသည့် အဖြေထွက်ပေါ်လာမည်ဖြစ်ပြီး အဆိုပါ လေ့လာမှုသည် မှားယွင်းသော လေ့လာစိစစ်မှုတစ်ခုသာ ဖြစ်မည် ဖြစ်ပါသည်။

၇။ Outlier ရှိ/ မရှိကို စာရင်းအင်းဆိုင်ရာ တွက်ချက်မှုဖြင့် လည်းကောင်း၊ box plot ရေးဆွဲ၍လည်းကောင်း သိရှိနိုင်ပါသည်။

**စာရင်းအင်းဆိုင်ရာတွက်ချက်မှု (Statistical Formula)**

**Lower limit = Q1 – 1.5 (IQR)**

**Upper limit = Q3 + 1.5 (IQR)**

*Where*

*Q1 = First Quartile*

*(ကိန်းဂဏန်းအရေအတွက်အားလုံး၏ ၄-ပုံ ၁-ပုံ နေရာရှိကိန်းဂဏန်းတန်ဖိုး)*


*Q3 = Third Quartile*

*(ကိန်းဂဏန်းအရေအတွက်အားလုံး၏ ၄-ပုံ ၁-ပုံ နေရာရှိ ကိန်းဂဏန်းတန်ဖိုး)*

*IQR = Q3 – Q1 (Inter Quartile Range)*

စာရင်းအင်းဆိုင်ရာ တွက်ချက်မှုအရ ကြည့်မည်ဆိုပါက မိမိကောက်ယူရရှိသည့် ကိန်းဂဏန်းများတွင် Lower limit ထက်ငယ်သော ကိန်းဂဏန်းပါရှိနေပါက (သို့) Upper limit ထက်ကြီးသော ကိန်းဂဏန်းပါရှိနေပါက အဆိုပါကိန်းဂဏန်းများသည် စိစစ်လေ့လာတွက်ချက်မှုတွင် ဖယ်ထုတ်ထားသင့်သည့် outlier များပင်ဖြစ်ပါသည်။ ထို့ပြင် outlier ရှိ/မရှိကို boxplot ဖြင့်လည်း ကြည့်ရှုနိုင်ပါသည်။

Boxplot




၈။ Outliers နှင့် ပတ်သက်ပြီး ဆက်လက်လေ့လာကြည့်မည်ဆိုပါက -

ဥပမာအားဖြင့် အိမ်ထောင်တစ်ခုတွင် အိမ်ထောင်

ဦးစီးသည် မိမိတို့ အိမ်ထောင်စု၏ တစ်လပျှမ်းမျှ ကုန်ကျစရိတ်ကို လေ့လာလိုပါက ယေဘုယျအားဖြင့် သမတ်ကိန်း (ပျမ်းမျှကိန်း) ကိုတွက်ချက် လေ့ရှိကြပါသည်။

| Month | Jan | Feb | Mar | Apr | May | Jun |
|---|---|---|---|---|---|---|
| Expenditure | 400,000 | 450,000 | 430,000 | 3,000,000 | 420,000 | 500,000 |


| Month | Jul | Aug | Sep | Oct | Nov | Dec |
|---|---|---|---|---|---|---|
| Expenditure | 450,000 | 450,000 | 420,000 | 480,000 | 420,000 | 490,000 |

ပထမဦးစွာ (၁၂) လလုံး၏ အသုံးစရိတ်များအပေါ် အခြေခံပြီးတွက်ချက်မည်ဆိုပါက

တစ်လပျမ်းမျှ အသုံးစရိတ် = စုစုပေါင်းအသုံးစရိတ် ÷ စုစုပေါင်းလအရေအတွက်

တစ်လပျမ်းမျှ အသုံးစရိတ် = ၇၉၁၀၀၀၀ ÷ ၁၂ = ၆၅၉၁၆၇ (ကျပ်)

၉။ အဆိုပါ တွက်ချက်မှုမှ ရရှိသည့် **အဖြေ ၆၅၉၁၆၇ (ကျပ်)**သည် ကိန်းဂဏန်းအားလုံး (လအလိုက် ကုန်ကျစရိတ်)ကိုကိုယ်စားပြုသည့် ကိန်းဂဏန်း မဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။ အဘယ့်ကြောင့် ဆိုသော် အထက်ပါဇယားတွင် ဖော်ပြထားသည့်ကိန်း (၁၂) လုံး တွင် Aprilလ ကုန်ကျစရိတ် သိန်း ၃၀ ကျပ် (outlier) ပါရှိနေခြင်းကြောင့် ဖြစ်နိုင်ပါသည်။




၁၀။ အထက်ပါ ဇယားကိုလေ့လာကြည့်မည်ဆိုပါက မိသားစု၏ တစ်လပျမ်းမျှ ကုန်ကျစရိတ်သည် ၄၀၀၀၀၀ ကျပ်နှင့် ၅၀၀၀၀၀ ကျပ်ကြားတွင်သာရှိပြီး April လတွင် ရဟန်းခံရှင်ပြုအလှူ ဆောင်ရွက်ခြင်းကြောင့် အဆိုပါလ၏ **ကုန်ကျစရိတ်မှာ ၃၀၀၀၀၀၀ ကျပ် (သိန်းသုံးဆယ်ကျပ်)** ဖြစ်နေခြင်းသာ ဖြစ်ပါသည်။ ထိုကုန်ကျစရိတ်သည် လစဉ်ကုန်ကျလေ့ရှိသည့် ကုန်ကျစရိတ်မျိုး မဟုတ်သဖြင့် ထိုကုန်ကျစရိတ်ကို ထည့်သွင်းတွက်ချက်မည်ဆိုပါက မှားယွင်းသောတွက်ချက်မှုတစ်ခုသာဖြစ်မည် ဖြစ် ပါသည်။

၁၁။ ထို့ကြောင့် အဆိုပါ April လ၏ ကုန်ကျစရိတ် (Outlier) ကိုဖယ်ထုတ်တွက်ကြည့်မည် ဆိုပါက -

တစ်လပျမ်းမျှ အသုံးစရိတ် = (၁၁)လ၏ အသုံးစရိတ် စုစုပေါင်း ÷ ၁၁ လ

**တစ်လပျမ်းမျှ အသုံးစရိတ် = ၄၉၁၀၀၀၀ ÷ ၁၁ = ၄၄၆၃၆၄ (ကျပ်)**ဖြစ်သည်ကိုတွေ့ရမည် ဖြစ်ပါသည်။ ထိုကုန်ကျစရိတ်သည် ကိန်းဂဏန်းအများစုနှင့် နီးစပ်သော (ကိုယ်စားပြုသော) ကိန်းတစ်ခုဖြစ်ကြောင်း တွေ့ရမည်ဖြစ်သည်။

၁၂။ ထို့ကြောင့် မိမိတို့ ကောက်ယူရရှိသည့် ကိန်းဂဏန်းများကို စိစစ်လေ့လာမှု မပြုလုပ်မီ အဆိုပါကိန်းစဉ်တွင် outlier များ ပါဝင်ခြင်းရှိ/မရှိကို ဦးစွာစစ်ဆေးသင့်ပါကြောင်းနှင့် တွက်ချက်မှုများတွင် outlier များကို ဖယ်ထုတ်တွက်ချက်မှသာ ကိန်းဂဏန်းအများစုကို ကိုယ်စားပြုသည့် ကိန်း (အဖြေ) ရရှိမည်ဖြစ်ပြီး၊ သို့မှသာ မှန်ကန်သော သုံးသပ်လေ့လာတင်ပြမှုများကိုလည်း ဆက်လက်လုပ်ဆောင်နိုင်မည်ဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

၁၃။ သို့သော် အချို့ကိန်းစဉ်များတွင်ပါရှိသည့် outlier များသည် extreme outlier များ မဟုတ်သဖြင့် စိစစ်လေ့လာမှုများ ဆောင်ရွက်ရာတွင် outlierထည့်သွင်းတွက်ချက်မှုမှ ရရှိသည့် အဖြေနှင့် outlier ဖယ်ထုတ်တွက်ချက်မှုမှရရှိသည့် အဖြေတို့သည် သိသိသာသာကွာခြားခြင်းမရှိပါကအဆိုပါ outlier များကို ထည့်သွင်းတွက်ချက်မှုများလည်း ရှိကြောင်းတင်ပြအပ်ပါသည်။



# Social Media ဖြင့် ဈေးကွက်ရှာကြစို့

ညီမြင်း

## မိတ်ဆက်

Social Media ဆိုတာနဲ့ ကြီးငယ်မဟူ တန်းမြင်ကြမှာကတော့ မြန်မာပြည်မှာ ခေတ်စားတဲ့ Facebook ပဲ ဖြစ်ပါလိမ့်မယ်။ မြန်မာအခေါ် လူမှုကွန်ရက်အများစုဟာ ခုချိန်မှာ လူမှုရေး နယ်ပယ်သာမက လူမှုရေးချိတ်ဆက်မှုကနေတစ်ဆင့် တွင်ကျယ်တဲ့ ဈေးကွက်ကြီးအသွင်ကူး ပြောင်းရောက်ရှိလာပြီလည်း ဖြစ်ပါတယ်။ ကမ္ဘာအနှံ့အပြားမှာ လူမှုကွန်ရက်ပေါင်းများစွာကို ပြည်သူတွေ တွင်တွင်ကျယ်ကျယ် အသုံးပြုလာကြတာ ကတော့ အံ့မခန်းပါပဲ။

အကောင်းတွေရော၊ အဆိုးတွေပါ ဒွန်တွဲနေလေတော့ အစဆိုရင် အမုန်းစကားဖြန့်ချိမှု၊ သတင်းအမှားများဖြန့်ချိမှုကအစပြုပြီး လူမှုရေးနှင့် ယဉ်ကျေးမှု နယ်ပယ်ထိအောင် ပြောင်းလဲတိုးဝင်လာနေပြီလည်း ဖြစ်ပါတယ်။ လေ့လာဆန်းစစ်ချက်တွေအရ တိုးတက်ပြီးနိုင်ငံတွေက ပြည်သူတွေထက် ဖွံ့ဖြိုးဆဲနိုင်ငံတွေက ပြည်သူတွေကြားမှာ ပိုမိုသက်ရောက်မှု မြန်ဆန်လာတာကို တွေ့ရှိနေကြရပါတယ်။ ဒါပေမဲ့ လူမှုကွန်ရက်တွေကို အသုံးချပြီးအောင်မြင်နေတဲ့ လူငယ်တွေ၊ အရောင်းဌာနတွေကလည်း ဒုနဲ့ဒေး ဖြစ်လို့နေပါပြီ။ မြန်မာနိုင်ငံအပါအဝင် နိုင်ငံအများစုမှာ လူမှုကွန်ရက်တွေရဲ့ အကျိုးသက်ရောက်မှုများစွာကိုလည်း လက်ရှိအချိန်မှာ ထိသိခံစားနေကြရတာကိုလည်း တွေ့ရှိနေကြရပါပြီ။

ခုဆောင်းပါးမှာတော့ စာရေးသူအနေနဲ့ လူမှုကွန်ရက်တွေကို လူမှုရေးနယ်ပယ်မှသည် ဈေးကွက်ရှာနိုင်တဲ့ သဘောတရားတွေနှင့် ဆိုးကျိုး/ကောင်းကျိုးတွေကို အသိပေးတင်ပြလိုတဲ့ ရည်ရွယ်ချက်နဲ့ ရေးသားလိုက်ရခြင်းဖြစ်ပါတယ်။ အသိပေးခြင်းလို့ဆိုလိုတာက လူမှုကွန်ရက်တွေကို ကောင်းကောင်းအသုံးချတတ်နေတဲ့ မြန်မာ့ လူ့အဖွဲ့အစည်း ဖြစ်နေပြီမို့လို့ပါပဲ။ ရေးသားတဲ့အခါမှာ တော့ မြန်မာ့လူမှုအဖွဲ့အစည်းအတွင်းက အဆင့်ဆင့် တိုးတက်လာမှုကို ဦးတည်ချိတ်ဆက်ရေးသားမှာလည်း ဖြစ်ပါတယ်။

## Website တွေခေတ်ကုန်ပြီလား?

အားလုံးသိရှိပြီးဖြစ်တဲ့အတိုင်း တစ်ချိန်တစ်ခါက Social Media (လူမှုကွန်ရက်) ဆိုတာဝေးလို့ Internet ကို အကန့်အသတ်နဲ့ အသုံးပြုခဲ့ကြရတဲ့ ကာလများစွာမှာ မိတ်ဆွေ၊ သူငယ်ချင်းများနဲ့ ချိတ်ဆက်နိုင်ဖို့ နိုင်ငံတကာကို ချိတ်ဆက်နိုင်ဖို့ စာရေးသူ Master တက်တဲ့ ၂၀၀၂ လောက်အထိ Gmail, Yahoo Mail တွေ အသုံးမပြုနိုင်သေးဘဲ Hot Mail, Free Mail တွေကို အသုံးပြုပြီး နိုင်ငံခြားသွားခွင့်ရတဲ့ အချိန် ဆက်သွယ်ခဲ့ကြရပါတယ်။ နောက်ပိုင်း အစိုးရချထားပေးတဲ့ mail4u အကောင့်ကို ၄ လစာ၊ ၆ လစာဝယ်ပြီး အသုံးပြုကြရပါတယ်။ အဲဒီကာလတွေကတော့ အကောင်းဆုံးဆက်သွယ်တဲ့ ခေတ်စားဆုံးအရာတွေကတော့ GTalk နှင့် VZO Chat တွေ ပြီးတော့ လူမှုကွန်ရက်ဆန်တဲ့ ကိုယ်ပိုင် website တွေပဲဖြစ်ပါတယ်။ နည်းပညာနဲ့ ဆေးပညာတွေ မျှဝေပေးကြရုံတင်မကပဲ နောက်ပိုင်း ဖျော်ဖြေရေးဆိုဒ်တွေပါ အတော်ရေပန်းစားလာခဲ့သလို website ကို ဝင်ရောက်ကြည့်ရှုကြသူတွေအချင်းချင်း ရင်းနှီးဖလှယ်ကြစေဖို့ Chat Room တွေလည်းခေတ်စားခဲ့ပါတယ်။ ဒါ့အပြင် အပြင်လောကမှာလည်း အချင်းချင်း ထိတွေ့ခင်မင်ခွင့်ရကြပေမယ့် အဲဒီအချိန်က website ထောင်ကြတဲ့ရည်ရွယ်ချက်တွေက အတော်ရိုးရှင်းကြပါတယ်။ Alibaba တို့လို ကုန်သည် website တွေကလည်း တကယ်ကို ခုချိန်ထိအောင်မြင်စွာ ရပ်တည်နေနိုင်ကြတုန်းပါ။ စာရေးသူတို့ သူငယ်ချင်းတွေ စုကာ Free Web Page ကိုရှာပြီး ဆိုဒ်တစ်ခုထောင်၊ အသံလွှင့်၊ Post တွေတင် Chat Room တွေ၊ Logo တွေ၊ နာရီတွေကို လာရောက်ကြည့်ရှုသူတွေ အဆင်ပြေဖို့ Program တွေဖန်တီးပြီး ကိုယ့်ဆိုဒ်ကို အလှဆင် ဆွဲဆောင်ခဲ့ကြတာမျိုးပါ။ အချိန်ကုန်မှန်းမသိ ကုန်ဆုံးခဲ့ကြပါတယ်။ လူငယ်ဘဝမှာ အသစ်တီထွင်ဖန်တီးရတာ၊ သူများတွေထက် ကိုယ်ကရှေ့ရောက်ချင်ကြတဲ့ လူငယ်တွေအဖို့ အတော်ကို ပျော်ရွှင်တက်ကြွစရာတွေပါပဲ။ ဒါပေမဲ့ ဒါကိုအသုံးချပြီး ငါစီးပွားရေးဈေးကွက် ရှာကြည့်မယ်ဆိုတဲ့ အတွေးမျိုး ကတော့ ဒီဇင်ဘာည၊ ဘူးသီးနနမရှူးရတို့ သီချင်းမျိုးတွေ ဖျော်ဖြေရေးဆိုဒ်တွေကတစ်ဆင့်၊ online ကတစ်ဆင့် ပရိသတ်တွေအထိ ထိုးဖောက်ရောက်ရှိလာတဲ့ အချိန်အခါမှ အတွေးနယ်ချဲ့မိတာတော့ အမှန်ပါ။ ကမ္ဘာ့အရပ်ရပ်က သူငယ်ချင်းတွေ တွေ့ဆုံစကား ပြောခွင့်ရခဲ့ကြတာကလည်း အားသာချက်တွေ ဖြစ်ခဲ့တာပါပဲ။ တကယ်တော့ အဲဒီအချိန်က အင်တာနက်ဆိုင်လေးတွေမှာ ငွေအချိန်ကုန်ခံပြီး အသုံးပြုလာခဲ့ကြတာပဲ မဟုတ်လား။ ဒီလိုနဲ့ မြန်မာ့လူမှုနယ်ပယ်မှာ အင်တာနက်ယဉ်ကျေးမှုကတစ်ဆင့် နိုင်ငံခြားသွားရောက် အလုပ်လုပ်ကိုင်သူတွေနဲ့ သူတို့မိသားစုတွေကို GTalk, Skype, VZO Chat စသည့် အသုံးချ ချိတ်ဆက်အဆက်အသွယ်ပြုခွင့်ရလာခဲ့ကြပါတယ်။ တကယ်တော့ အသေအချာပြန်တွေးကြည့်ရင် Website တွေရဲ့ အရေးပါမှုက အံ့မခန်းဆိုတာ ငြင်းဖွယ်ရာမရှိခဲ့ပါဘူး။

၂၀၁၆ ပတ်ဝန်းကျင်ကအစပြုပြီး လူမှုကွန်ရက်

တွေ လူမှုရေးနယ်ပယ်မှာ ရေပန်းစားလာခဲ့တဲ့အခါ website တွေခေတ်ကုန်လာပြီလား ပြောစရာတွေ ဖြစ်လာပါတယ်။ ကုမ္ပဏီတွေ၊ ဌာနဆိုင်ရာတွေက ထူထောင်ထားတဲ့ ကုန်ကျစရိတ်များစွာ ကုန်ကျခံပြီး ကိုယ်ပိုင် Server တွေ၊ အငှား Server တွေ၊ www/ org တွေနဲ့ ဆိုဒ်တွေကို အဆင်သင့်ဝယ်ယူမွမ်းမံနေကြရတဲ့ လစဉ်ကုန်ကျစရိတ်နဲ့ ပြန်ရလာမည့်အကျိုးအမြတ်ကာမိဖို့ဆိုတာကလည်း တကယ်တမ်းမလွယ်ကူတော့ပါဘူး။ တစ်ခုရှိတာက မဖြစ်မနေသုံးစွဲသူတွေ website ဝင် လျှောက်မှရမည့် လုပ်ငန်းမျိုးတွေရှိတဲ့ ဆိုဒ်တွေကတော့ ကြည့်ရှုလေ့လာသူတွေ ဆက်ရှိနေကြပါတယ်။ တကယ်တော့ လူတိုင်းဟာ လွယ်ကူရိုးရှင်းထိရောက်တဲ့ နည်းပညာတွေကို ထိတွေ့လာရတဲ့အခါ အလွယ်ကို ပိုခုံမင်တတ်ကြတာ သဘာဝပါပဲ။ စာရေးသူတို့ Andriod phone တွေ မကိုင်ရခင် ကာလတွေက Mobile Internet သုံးခွင့်ရချိန်မှာတောင် Nokia Keypad လေးတွေကို အသုံးပြုများတဲ့မြန်မာပြည်မှာ အင်တာနက်သုံးချင်ရင် အင်တာနက်ဆိုင်ကို ပြေးခဲ့ကြရပါတယ်။ အခြားအထောက်အကူပြု ကွန်ပျူတာတို့လို လျှပ်စစ်မီးပျက်တဲ့အတွက် UPS၊ အင်ဗာတာနှင့် မီးစက်တွေကို အပိုထပ်ဝယ်ဖို့ဆိုတာ တော်တန် ရင်းနှီးမြှုပ်နှံမှုမဟုတ်ဘူးလေ။ သာမာန်လူတွေ အဖို့ခက်ခဲသလို မဖြစ်မနေအသုံးပြုရမည့် လူတွေအတွက်လည်း ကုန်ကျစရိတ်များပြားလွန်းခဲ့ပါတယ်။ Mobile Phone ယဉ်ကျေးမှုနှင့် Mobile ကွန်ရက်တွေ အဆင့်မြင့်တက်လာတဲ့အခါမှာတော့ လိုက်မမီနိုင်အောင် စာတတ်သူရော၊ စာမတတ်သူပါ Mobile အရောင်းဆိုင်တွေက တစ်ဆင့် ဝန်ဆောင်မှုဆော့ဖ်ဝဲတွေ ထည့်ပေးရင် တစ်ဦးနဲ့တစ်ဦး ပြန်လည်သင်ပြပေးကြရင်း အသက်အရွယ်မျိုးစုံဟာ လူမှုကွန်ရက်ထဲကို အော်တိုရောက်ရှိထိတွေ့ခွင့်ရရှိလာကြပါတယ်။ ဒီတော့ လက်နဲ့ ထိလိုက်တာနဲ့ လူမှုကွန်ရက်က မှတ်သားထားတဲ့ ပုံလေးတစ်ခု နှိပ်လိုက်တာနဲ့ လူမျိုးစုံဟာ အဆင့်အတန်းတွေခဝါချပြီး လူတန်းစားမျိုးစုံနဲ့ စကားပြောဆိုနိုင်သလို ကမ္ဘာအရပ်ရပ်က ဖြစ်ရပ်တွေကို အချိန်စက္ကန့်မဆိုင်း ထိတွေ့သိမြင်ခွင့်ရနေကြတာမို့ ကလေး၊ လူငယ်၊ လူကြီးများအားလုံး အချိန်တိုင်းမှာ နေရာတိုင်း Mobile Internet ကွန်ရက်ရှိတဲ့နေရာတိုင်းမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုလာနိုင်ကြတာလည်းဖြစ်ပါတယ်။

လွယ်ကူရိုးရှင်းထိရောက်လှတဲ့ လူမှုကွန်ရက်တွေရဲ့ ထိရောက်မြန်ဆန်မှုအောက်မှာ website link ကို တကူးတက ရိုက်ထည့်ရှာဖွေကြည့်ရှုမှုဟာ မဖြစ်မနေအသုံးပြုဖို့ လိုအပ်တာမှတစ်ပါး မသုံးဖြစ်ကြတာဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပိုသာလွန်တာကို စစ်တမ်းအများစုကလည်း ထောက်ပြထားခဲ့ကြတာပါ။ နောက်တစ်ခုအရေးပါတဲ့အချက်ကတော့ Mobile Phone နည်းပညာတွေ တိုးတက်လာတာနဲ့အမျှ တစ်ချိန်က ဒစ်ဂျစ်တယ်ကင်မရာတွေက Mobile Hand Phone မှာ ရှေ့/နောက်ကင်မရာများအဖြစ် စကားပြောဖို့၊ ဓါတ်ပုံလှလှရိုက်ဖို့ကအစ လွယ်လင့်တကူဖြစ်လာတာမို့ ခုရိုက်ခုတင်နိုင်ပြီး၊ လူမှု ကွန်ရက်များရဲ့ သုံးရက်တစ်ခါ update applications ဖြစ်နေအောင် အပြိုင်အဆိုင်တိုးချဲ့ဆွဲဆောင်နေတာကြောင့် အချိန်နှင့်တစ်ပြေးညီ ကိုယ်ဘာလုပ်နေတယ်ဆိုတာ မိတ်ဆွေ သူငယ်ချင်းတွေကို အမြန်ဆုံးသတင်းပေးနိုင်ကြလို့ ကမ္ဘာ့ ဘယ်နေရာကမဆို လူသားတိုင်း နှစ်သက်စွဲလမ်းအသုံးပြုကြတာလည်းဖြစ်ပါတယ်။ ပိုထူးခြားတဲ့အချက်ကတော့ စာရေးသူကိုယ်တိုင် တစ်ချိန်က website အချို့ထူထောင်ရာမှာ၊ moderator အဖြစ်ဆောင်ရွက်ခဲ့စဉ်က အတွေ့အကြုံအရ website ကိုဝင်ကြည့်လို့ လိုင်းက လည်းကျချိန်၊ ဆိုဒ်တင်ထားတာတွေမှာ Graphic ပုံတွေ တင်တာများရင် ဆိုဒ်တစ်ခုလုံး ပေါ်လာဖို့ အချိန်အများကြီးပေးကြရပါတယ်။ မလိုအပ်တဲ့ပို့စ်တွေကို ဖြုတ်ချရတာမျိုး၊ ဓါတ်ပုံ တွေ ဖျက်ပစ်ရတာတွေနဲ့ အတော်အလုပ်ရှုပ်ခဲ့တာပါ။ ပိုဆိုးတာက အချို့ Post အဟောင်းတွေ ရေးတာကောင်းပေမယ့် အရမ်းရှည်လို့ ဖြုတ်ချရတဲ့အခါ စိတ်ထိခိုက်ရတာတွေလည်း မကြာခဏကြုံရတာပါ။ ခုလူမှုကွန်ရက်နည်းပညာအစွမ်းကတော့ အံ့မခန်းပဲမို့လား၊ Facebook Friend ၅၀၀၀ ကို လက်ခံထားနိုင်ပြီး Follower သန်းချီလက်ခံထားနိုင်ရုံသာမက အသုံးပြုသူ စက္ကန့်တိုင်း တင်သမျှ အဖြစ်အပျက်တွေ၊ selfie ပုံတွေကို ဘယ်လောက်တင်တင် ကိုယ်အသုံးပြုတဲ့ အင်တာနက်လိုင်းကောင်း၊ မကောင်းပေါ်မူတည်ပြီး အနေးအမြန် မိတ်ဆွေတွေကို ကိုယ်ဘာလုပ်နေတယ်၊ ဘယ်ရောက်နေတယ်၊ ဘာတွေခံစားနေရတယ်ဆိုတာကို အချိန်နဲ့တစ်




ပြေးညီ တင်ပေးနိုင်ကြတာလည်းဖြစ်ပါတယ်။ ကိုယ်မနှစ်သက်တဲ့ပုံကို ပြန်ဖျက်နိုင်သလို ကိုယ်မကြိုက်တဲ့ Comment တွေကိုလည်း ဖြုတ်ချပစ်ပိုင်ခွင့် အသုံးပြုသူကာယကံရှင်မှာ ကိုယ်အသုံးပြုနေတဲ့ လူမှုကွန်ရက်ကို စီမံခန့်ခွဲပိုင်ခွင့် အပြည့်ရှိပြီး စိတ်ကျေနပ်မှုကို ပေးစွမ်းနိုင်တာကိုလည်း တွေ့ကြရမှာဖြစ်ပါတယ်။ ဒီလို လွယ်ကူအကျိုးရှိ ထိရောက်လှတဲ့ လူမှုကွန်ရက်တွေရဲ့ အခန်းကဏ္ဍတွင်ကျယ်လာတာနဲ့အမျှ website တွေရဲ့ အခန်းကဏ္ဍက တဖြည်းဖြည်း မှေးမှိန်လာတာလည်းဖြစ်ပါတယ်။

စာရေးသူအနေနဲ့ website တွေ ပျောက်ကွယ်သွားနိုင်ဖွယ်ရှိတယ်လို့ မဆိုလိုပါဘူး။ မှေးမှိန်လာဖွယ်သာရှိပါတယ်။ ဒါပေမဲ့ အရေးပါမှုလျော့ကျလာတာတော့ သေချာနေပါပြီ။ မဖြစ်မနေ ဝင်ကြည့်လေ့လာရတဲ့ အသုံးပြုရသည့် ဆိုဒ်တွေကတော့ သူ့နေရာနဲ့သူ အသုံးတည့် နေဦးမှာပါ။ စာရေးသူအကြံပြုချင်တာက ထူထောင်ထားတဲ့ ဆိုဒ်တွေရဲ့ Link တွေကို အလွယ်တကူ အသုံးပြုသူသိစေဖို့ Linkအဖြစ်နဲ့ လူမှုကွန်ရက်မှာ တင်ပေးထားပြီး လက်နဲ့ ထိတွေ့ရုံနဲ့ ကိုယ့်ဆိုဒ်ကို တန်းရောက်ရှိသွားအောင် ချိတ်ဆက်ထားရှိကြရင်တော့ အရင်လိုပဲ အကျိုးရှိလာနိုင်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ်ပါ လူမှုကွန်ရက်တွေရဲ့အခန်းကဏ္ဍ ကျယ်ပြန့်လာမှုကတော့ website တွေရဲ့အခန်းကဏ္ဍကို လျော့ပါးလာနေတာကတော့ အမှန်ပါ။ အချို့သုတေသနတွေ ပြဆိုတာကတော့ နာမည်ကြီး ကုန်အမှတ်တံဆိပ်အချို့တောင် ခုချိန်မှာ လူမှုကွန်ရက်မှာ ကြော်ငြာထည့်တာနဲ့ ကိုယ်ပိုင်ဆိုဒ်မှာ ကြော်ငြာတာနှစ်ခု နှိုင်းယှဉ်ဖော်ပြလေ့လာဆန်းစစ် ကြည့်တဲ့အခါ လူမှုကွန်ရက်က ပိုထိရောက်အကျိုးများတာကို တွေ့ရှိနေရတာပဲဖြစ်ပါတယ်။ ဒီတော့ website တွေအခန်းကဏ္ဍ ဘယ်လဲ၊ ဘာလဲလို့ မေးကြရတော့မလိုဖြစ်လာနေတာပါ။

## ဈေးကွက်ရှာမယ်?

ဆရာကြီးဒေါက်တာအောင်ထွန်းသက်ပြောသလိုပါပဲ။ **ခင်ဗျားတို့ စီးပွားရေးလုပ်ငန်းတွေ website ထောင်ကြော်ငြာနေမည့်အစား လူမှုကွန်ရက်ကသာ ကြေငြာလိုက် အလုပ်ပိုဖြစ်တယ်လို့ဆိုပါတယ်။** အပိုပစ္စည်းကုန်ကျစရိတ်လည်းမလို page တစ်ခုထောင်ပြီး ဖြန့်ဝေမလား၊ ပိုတိုးချဲ့ပြီးကျယ်ကျယ်ပြန့်ပြန့် လုပ်မလား၊ မလိုလားအပ်တဲ့ Comment တွေ Tag တွေ ဖျက်မလား၊ ကိုယ်တင်ချင်တဲ့ သတင်းအချက်အလက်တွေကို အချိန်နှင့်တစ်ပြေးညီ တိုက်ရိုက် လွှင့်မလား၊ တင်ကြမလား အလုံးစုံ

ကို Mobile Phone တစ်ခုတည်းနဲ့ ရောက်တဲ့နေရာကနေ အချိန်တိုင်း ချုပ်ကိုင်လုပ်ဆောင်နိုင်တာလည်းဖြစ်ပါတယ်။ ကိုယ်တိုင်မအားလပ်တဲ့အခါ ယုံကြည်စိတ်ချရသူတွေကို တာဝန်ယူနိုင်သူတွေကို Admin နှင့် Moderator စသည် ပေးအပ်ထားပြီး လိုသလို စီမံခန့်ခွဲလို့လည်း ရနေပါတယ်။ ခုအချိန်ခါမှာ E-mail Account တစ်ခုရှိရုံပဲဖြစ်ဖြစ်၊ Sim Card တစ်ခုရှိရုံပဲဖြစ်ဖြစ် လူမှုကွန်ရက်အကောင့်တစ်ခု မဖွင့်တတ်ရင်လည်း နီးစပ်ရာ Mobile ဆိုင်ကို အပြေးသွားချက်ချင်းဖွင့်လို့လည်းရနေပါပြီ။

Online shopping တွေကနေတစ်ဆင့် ကိုယ်ရှိတဲ့နေရာအရောက် ဝန်ဆောင်မှုလုပ်ငန်းတွေကိုလည်း လုပ်ဆောင်နိုင်နေတာတွေ့ရမှာဖြစ်ပါတယ်။ မိမိအသုံးပြုနေတဲ့ လူမှုကွန်ရက်ကနေ မိတ်ဆွေတွေကို ဖြန့်ဝေချင်တဲ့ သတင်းစကားတွေကိုပေးပြီး ကိုယ်လိုချင်တဲ့ သတင်း အချက်အလက်တွေကိုရယူပြီး အကျိုးရှိရှိ အရောင်းအဝယ် ဖြစ်နေတာတွေကလည်း ပြောင်းလဲလာတဲ့ ဈေးကွက်ပဲ မဟုတ်ပါလား။

ယခုအခါမှာ Facebook ဖြစ်ဖြစ်၊ Twitter ပဲဖြစ်ဖြစ် နိုင်ငံခေါင်းဆောင်များအနေနဲ့ပါ ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုနေကြတာဖြစ်သလို ကိုယ့်စီးပွားရေးလုပ်ငန်း၊ ကုန်ပစ္စည်းတွေကို တရားဝင်အနေနဲ့ လူမှုကွန်ရက်ကနေ ကြော်ငြာထည့်ပေးတဲ့ ဝန်ဆောင်မှုအဖွဲ့အစည်းတွေကို အသုံးပြုကြတဲ့ ကမ္ဘာတစ်ဝှမ်းက နိုင်ငံတွေမှာ တည်ရှိနေကြတာလည်းဖြစ်ပါတယ်။ အားသာချက်က လူတိုင်းသိကြတဲ့ အတိုင်းပါပဲ။ ကိုယ့် page လူသိအောင် လုပ်လို့ရသလို ပြန် share အောင်လုပ်ရင်း ကိုယ့်ကုန်ပစ္စည်း လူသိအောင်လုပ်တဲ့ promotion တွေလည်း ခေတ်စားနေပါပြီ။ ကိုယ်အသုံးပြုတဲ့ လူမှုကွန်ရက်မှာ ကုန်ပစ္စည်းတစ်ခုကို အရောင်း/အဝယ် တင်လိုက်ရင်လည်း ကမ္ဘာတစ်ဝှမ်းလုံးကို စက္ကန့်ပိုင်းအတွင်း အရောက် သတင်းပေးနိုင်တာလည်း ဖြစ်ပါတယ်။ သာမန် အတွေးမျှဖြစ်ပင် စဉ်းစားကြည့်လိုက်လျှင် ကြီးမားသောဈေးကွက် တစ်ခုကို အလျင်အမြန် ပိုင်ဆိုင်သွားသကဲ့သို့ ဖြစ်နေချေပြီမဟုတ်ပါလား။

ကုန်အမှတ်တံဆိပ်တစ်ခုပဲဖြစ်ဖြစ်၊ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ အောင်မြင်/ကျဆုံးမှု၊ ဆုံးရှုံးမှုဟာ အချိန်ခဏအတွင်းမှာ ထိုးဖောက်ရောက်ရှိသွားနိုင်တာလည်းဖြစ်ပါတယ်။ လူမှုကွန်ရက်ကနေ ကိုယ့်ကုန်ပစ္စည်း အရည်အသွေး ကောင်းရင်ကောင်းသလို ထိုးဖောက်နိုင်ပြီး မကောင်းရင်မကောင်းသလို ဈေးကွက်ပျက်သုဉ်းရမှာကိုလည်း မေ့မထားသင့်ပါဘူး။ အကျိုးရှိရှိ အသုံးချတတ်သူအတွက် အသုံးတည့်အကျိုးများသလို တလွဲသုံးသူတွေအတွက်လည်း ဈေးကွက်တစ်ခုအဖြစ် လူမှုကွန်ရက်တွေက အဆင်သင့်ရှိနေပြန်ပါတယ်။ ခုချိန်မှာ ကုန်ပစ္စည်း အသစ်၊ အဆိုတော်အသစ်၊ မင်းသားမင်းသမီးအသစ်၊ ဇာတ်ကားအသစ်၊ Mister/Miss တွေ၊ ပြီးတော့ လူပြောများလာတဲ့ လူမှုကွန်ရက် cele တွေရဲ့ ဈေးကွက်ချဲ့ထွင်ရာ နေရာကြီးတစ်ခုက လူမှုကွန်ရက်တွေဖြစ်လာနေတာကလည်း အထူးအဆန်းတော့ မဟုတ်တော့ပါဘူး။ အမုန်း စကားတွေဖြန့်ချီရာနေရာ၊ သတင်းအမှားတွေ အသုံးချရာနေရာ၊ နိုင်ငံရေးမတည်ငြိမ်အောင် လှုံ့ဆော်တဲ့နေရာအဖြစ် ဈေးကွက်ချဲ့ထွင်နေကြတာကိုလည်း တွေ့ကြရမှာပါ။

စိတ်မကောင်းစရာတစ်ခုက လူမှုကွန်ရက်တွေရဲ့ အသုံးတည့်မှုဈေးကွက်တွေကို နစ်မျောပြီး လူမှုရေးနယ်ပယ်နဲ့ နိုင်ငံ့တစ်နိုင်ငံရဲ့ ယဉ်ကျေးမှုနယ်ပယ်အထိ ထိပါးလာသည်အထိ ဈေးကွက်ချဲ့ထွင် အသုံးချခဲ့ကြတာပဲဖြစ်ပါတယ်။ အကောင်းသုံးရင်လည်း ဒီလူသားများဖြစ်သလို၊ အဆိုးကိုသုံးရင်လည်း ဒီလူသားများပါပဲ။ မှန်ကန်တဲ့ ကိုယ့်ကုန်ပစ္စည်းတွေကို လူသိနည်းနေရာကနေ လူသိများလာအောင် ကြော်ငြာတဲ့အခါ၊ ပိုမိုအရောင်းအဝယ်ဖြစ်ဖို့ ဈေးကွက်ရှာကြတဲ့အခါ လူမှုကွန်ရက်တွေကို အသုံးချတတ်ဖို့ အရေးကြီးလာသလို သက်ရောက်မှု ဖြစ်လာနိုင်တဲ့ အဆိုးအကောင်းတွေကို ချိန်ထိုးပြင်ဆင်ထားကြဖို့လည်း လိုအပ်ပါတယ်။ ယခင်ကာလကလို အပိုပစ္စည်း ကုန်ကျစရိတ်၊ အရောင်း Promotion ကုန်ကျစရိတ်တွေအစား၊ Internet Line ကောင်းကောင်းနဲ့ Mobile Phone အဖွဲ့တစ်ခုနဲ့ ကိုယ့်ကုန်ပစ္စည်းကို စစ်တမ်းကောက်ခြင်း၊ အချိန်နဲ့တစ်ပြေးညီ စိစစ်ခြင်း၊ Event တစ်ခုတင်ပြီး ဆန်းစစ်ခြင်းတွေကို လူမှုကွန်ရက်ကနေ ပြုလုပ်နိုင်တာမို့ အဆိုးအကောင်း Feedback တွေကိုလည်း ချက်ချင်း ပြန်လည် ရရှိနိုင်မှာဖြစ်လို့ လူမှုကွန်ရက်က ဈေးကွက်ရှာကြ

ဖို့ စာရေးသူအနေနဲ့ တိုက်တွန်းလိုပါတယ်။ ဒါ့အပြင် မလိမ်မညာဘဲ အရည်အသွေးမှန်နဲ့ ကိုယ့်ကုန်ပစ္စည်းကို အသေအချာကြော်ငြာပြီး အရောင်းအဝယ်ပြုလုပ်နိုင်ကြစေဖို့လည်း မေတ္တာရပ်ခံလိုပါတယ်။ ဘာလိုပဲဖြစ်ဖြစ် လူမှုကွန်ရက်ကနေ ဈေးကွက်ရှာခြင်းက မြန်ဆန်ထိရောက်တဲ့ ကမ္ဘာ့ဈေးကွက်ကြီးကို တိုက်ရိုက်ရောက်ရှိ ဖြန့်ဖြူးနိုင်တာမို့ကောင်းကောင်းအသုံးချသင့်လှပါတယ်။

## နိဂုံး

ဘယ်အရာမဆို အကောင်းချည်း မျှော်လင့်ထားလို့ မရပါဘူး။ အဆိုးတွေကိုလည်း ကြိုတင်ပြင်ဆင်ထားကြရမှာပါပဲ။ လူမှုကွန်ရက်ကြောင့် အကျိုးများစွာရနိုင်သလို လူမှုရေး ပိုမိုရှုပ်ထွေးမှု၊ ဈေးကွက်ပျက်ပြားစေမှု၊ ပုဂ္ဂိုလ်ရေးပြစ်တင်စော်ကားမှု၊ အမုန်းစကားများ ဖြန့်ဝေမှု၊ နိုင်ငံရေးအသုံးချမှု၊ သတင်းအမှားများဖြန့်ချိမှုတွေကလည်း ဒွန်တွဲနေမှာပါပဲ။

ယနေ့မြန်မာ့လူမှုရေးနယ်ပယ်မှာ Facebook လူမှုကွန်ရက်က တရားမျှတမှု ဖွေရှာရာ နေရာတစ်ခုအဖြစ် လူအချို့ကတင်စားလာသလို မကောင်းတဲ့ အာရုံ အများစုအတွက် ချဲ့ထွင်ရာ နေရာတစ်ခုအဖြစ်လည်း ကျယ်ပြန့်စွာရောက်ရှိလာနေပါတယ်။ Facebook Team အနေနဲ့လည်း စောင့်ကြည့်စစ်တမ်းယူပြီး စာမျက်နှာများဖြုတ်ချခြင်းနှင့် အသုံးပြုမှုရပ်ဆိုင်းခြင်းများကို ပြုလုပ်နေလျက်ရှိပါတယ်။ စာရေးသူအနေနဲ့ မေတ္တာရပ်ခံချင်တာကတော့ မြန်မာတွေရဲ့ ရိုးရိုးကူညီရိုင်းပင်းစိတ်တွေ၊ ယဉ်ကျေးမှုမြင့်မားမှုတွေကို မမေ့မလျော့ကြစေလိုပါ။ ဘာပြဿနာဖြစ်ဖြစ် ကူညီရိုင်းပင်းခြင်းမရှိတော့ဘဲ လူမှုကွန်ရက်များမှာ Video ရိုက်ကူးတင်ပြခြင်း၊ ဓါတ်ပုံရိုက်ကူးတင်ခြင်းများကိုသာ အာရုံထားလုပ်ဆောင်နေခြင်းကလည်း တစ်ဖက်မှာ မှုခင်းဖော်ထုတ်ရာတွင် ကူညီနိုင်တာဖြစ်ပေမယ့် အဲဒီမှုခင်းတစ်ခုမဖြစ်အောင် ကြိုတင်ဝိုင်းဝန်း ထိန်းသိမ်းရမည့် လူမှုကျင့်ဝတ်တွေကို မေ့လျော့စေပြီး လောကလူမှုဘဝတွေကိုပါ ထိခိုက် လာစေနိုင်တာကို သတိမမူမိကြပါဘူး။ လူမှုကွန်ရက်ကနေ သတင်းအမှန်တွေ ချက်ချင်း တင်လိုက်မည်ဆိုတဲ့ စိတ်ဇောက ဒုက္ခရောက်နေတဲ့ လူတစ်ယောက်ကို ကူညီဖို့ မေ့လျော့သွားတာမျိုးလည်း ဖြစ်နေတတ်ပါတယ်။ လူမှုကွန်ရက်မှာ တင်မိလိုက်တဲ့ စာသားအချို့ကြောင့်၊ ဌာနဆိုင်ရာတွေမှာဆို မတင်ရမည့် ရုံးစာတွေ၊ Video File တွေ ဖြန့်ဝေတာတွေကြောင့် ဌာနအတွက်ရော၊ လူမှုရေးအရရော၊ သတင်းအချက်အလက်အရပါ မလိုလားအပ်ဘဲ အတွင်းစည်းကျိုးပေါက်တာတွေလည်း ဖြစ်ပေါ်နေတတ်ပါတယ်။

ဘယ်လိုပဲဖြစ်ဖြစ် လူမှုကွန်ရက် (Social Media) တွေရဲ့အရေးပါမှုကတော့ ကိုယ့်ရဲ့ တစ်ဦးတည်းသော အချက်အလက်များဖြစ်စေ၊ သိစေလိုတဲ့ သတင်း စကားဖြစ်စေ၊ ကိုယ့် ရောင်းဝယ်ဖောက်ကားလိုတဲ့ ကုန် ပစ္စည်းဖြစ်စေ၊ အသိပညာအသစ်၊ နည်းပညာအသစ်ဖြစ်စေ လွယ်လင့်တကူ ရရှိအသုံးချပြီး အသုံးတည့်နိုင်တဲ့ နေရာတစ်ခုအဖြစ်၊ ကြီးမားကျယ်ပြန့်တဲ့ ဈေးကွက်ကြီးတစ်ခုအဖြစ် ဆက်လက်ရှင်သန်နေဦးမှာဖြစ်တဲ့အတွက် နိုင်ငံတော် အစိုးရ အပါအဝင် လူမှုရေးအဖွဲ့များ၊ လေ့လာ စောင့်ကြည့်ရေးအဖွဲ့များအနေဖြင့် ကောင်းကောင်း အသုံးချလျက် နိုင်ငံနှင့်ပြည်သူ့အကျိုးကို သယ်ပိုးနိုင်ကြပါစေ။ ဈေးကွက်ရှာဖွေနေကြတဲ့ လုပ်ငန်းကြီးသေးများအနေဖြင့် လည်း Mobile Phone နှင့် Mobile Internet အသုံးပြုရုံဖြင့် ကုန်ကျစရိတ်သက်သာ၊ အချိန်အခါမရွေး၊ နေရာဒေသမရွေးကနေ ထိန်းချုပ်စောင့်ကြည့် သတင်းစကားပါးနိုင်ကြတာမို့ ထဲထဲဝင်ဝင် အသုံးချပြီး အကျိုးအမြတ်များစွာနှင့် စိန်ခေါ်မှုများစွာကို ကျော်လွှားအနိုင်ယူနိုင်ကြပါစေကြောင်း မေတ္တာပို့သရင်း နိဂုံးချုပ်လိုက်ရပါတယ်။



# ပြည်သူ့အကျိုးစီးပွားသီအိုရီ၊ ပြည်သူ့ရွေးချယ်မှုသီအိုရီနှင့် မီဒီယာကဏ္ဍ

|စောနိုင် (အသုံးချဘောဂဗေဒ)|

မီဒီယာလုပ်ငန်းများကို နိုင်ငံပိုင်ပြုလုပ်သင့်သလား၊ ပုဂ္ဂလိကကဏ္ဍမှသာ လုပ်ကိုင်သင့်ပါသလား၊ မီဒီယာလုပ်ငန်းကို တစ်ဦးတည်း မိုနိုပိုလီပါဝါရဈေးကွက်ဖြစ်စေရန် အားပေးသင့်ပါသလား၊ ပြိုင်ဆိုင်မှုရှိသော ဈေးကွက်ဝန်းကျင်ဖြင့် လုပ်ကိုင်သင့်ပါသလား။ မည်သည့်အခြေအနေက နိုင်ငံသူနိုင်ငံသား ပြည်သူများအတွက် အကျိုးအများဆုံးရနိုင်ပါသလဲ စသဖြင့် မီဒီယာကဏ္ဍနှင့်ပတ်သက်၍ အခုအချိန်တွင် မေးစရာမေးခွန်းများစွာရှိနေသကဲ့သို့ ငြင်းခုံဆွေးနွေးစရာများလည်းရှိနေ၏။ မေးခွန်းများမှာ အမေးလွယ်သော်လည်း တိကျသောအဖြေနှင့် ချက်ချင်းတုံ့ပြန်ရန်မှာ ထင်သလောက်မလွယ်ကူပေ။ ယခင်ကာလ လူ့အဖွဲ့အစည်းများထက် သဘောတရားအယူအဆများ ပိုမိုကျယ်ပြန့်ရှုပ်ထွေးလာနေသည့် ယနေ့ကာလနိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများ၌ မီဒီယာ၏အခန်းကဏ္ဍသည် ပိုမိုကြီးမားလာသကဲ့သို့ အကဲဆတ်လွန်းသည့်အခြေအနေတွင်လည်းရှိနေသည်။

မီဒီယာနှင့်ပတ်သက်၍ ပြောဆိုဆွေးနွေးကြရာတွင် နိုင်ငံရေးစနစ်၊ စီးပွားရေးစနစ်၊ လူ့အဖွဲ့အစည်းအတွင်းကို ဦးဆောင်တာဝန်ယူနေသည့်အဖွဲ့အစည်း၏ ရည်ရွယ်ချက်၊ ပြည်သူလူထု၏ဆန္ဒသဘောထားစသဖြင့် ထည့်သွင်းစဉ်းစားစရာများစွာရှိသည်။ ထိုသို့လူ့အဖွဲ့အစည်းအတွင်းရှိ လက်တွေ့ဖြစ်ပေါ်နေသောအခြေအနေများနှင့်အတူ ပညာရှင်များ၊ သုတေသီများ၏ သီအိုရီအယူအဆများ ရှာဖွေတွေ့ရှိချက်များမှာလည်း မီဒီယာကဏ္ဍဆိုင်ရာစဉ်းစားချက်များတွင် များစွာအထောက်အကူပြုသည်ကိုတွေ့ရသည်။

မီဒီယာဆိုင်ရာ မီဒီယာအဖွဲ့အစည်းများနှင့် ပတ်သက်၍ပြောဆိုဆွေးနွေးခဲ့ကြရာတွင် အများစုကိုးကားလေ့ရှိသည့် သီအိုရီနှစ်ခုတွေ့ရသည်။ ပထမသီအိုရီမှာ ပြည်သူ့အကျိုးစီးပွားသီအိုရီ ( Public Interest Theory)ဖြစ်သည်။ စီးပွားရေးသီအိုရီတစ်ရပ်ဖြစ်သော ၎င်းသီအိုရီက စွမ်းဆောင်ရည်မဲ့သော ဈေးကွက်တစ်ခုအတွင်း အများပြည်သူ၏လိုလားချက်များကို ဖြည့်ဆည်းတုံ့ပြန်ပေးနိုင်ရန် လုပ်ထုံးလုပ်နည်းစည်းမျဉ်းဥပဒေများ ဖြည့်ဆည်းရမည်ဆိုသည့် အယူအဆကိုလက်ကိုင်ထားသည်။ စွမ်းဆောင်ရည်မဲ့ (ကျ) နေသော ဈေးကွက်ယန္တရားကို စွမ်းဆောင်ရည်ရှိစေရန်ဆောင်ရွက်ခြင်းဖြစ်သည်။ တစ်နည်းဆိုသော် ဈေးကွက်အတွင်း အစိုးရဝင်ရောက် ပတ်သက်မှုလိုအပ်သည်ကို ဖော်ထုတ်ထားခြင်းဖြစ်သည်။ စည်းမျဉ်းစည်းကမ်းများသည် တစ်ဦးတစ်ယောက်၏အကျိုးစီးပွားထက် လူ့အဖွဲ့အစည်းတစ်ခုလုံးကို အကျိုးစီးပွားဖြစ်ထွန်းစေသည်ဟု ယူဆသည်။ သီအိုရီသည် စားသုံးသူ သို့မဟုတ် အများပြည်သူတို့၏ သာယာဝပြောမှု၊ အကျိုးစီးပွားကိုအမြင့်ဆုံးရစေသည်ဟုလည်းဆိုသည်။ ထိုသီအိုရီအရ မီဒီယာကဏ္ဍတွင် တစ်ဦးချုပ်မိုနိုပိုလီ ဈေးကွက်တည်ရှိနေမည်ဖြစ်စေ (နိုင်ငံပိုင်ဖြစ်နေပါစေ)ကာမူ အောက်ပါအချက်(၃) ချက်ကြောင့် လိုလားနှစ်သက်ဖွယ်ဟုသုံးသပ်ကြသည်။

သတင်းသည်အများပြည်သူနှင့် သက်ဆိုင်သော ကုန်စည် ( Public Goods) ဖြစ်သည်။

သတင်းဖြန့်ချီမှု၊ထောက်ပံ့မှုပြုလုပ်ရာတွင် အစွန်းထွက်ကုန်ကျစရိတ် ( Marginal Cost) နိမ့်သည်။ (အစွန်းထွက်ကုန်ကျစရိတ်ဆိုသည်မှာ သတင်းစာအရေအတွက်တစ်ယူနစ်တိုးထုတ်ပါက ပိုမိုကုန်ကျလာသည့် စရိတ်ဖြစ်သည်)

ဘက်လိုက်မှုနည်းသော၊ ပိုမိုပြည့်စုံ၍ ပိုမိုတိကျသောသတင်းအချက်အလက်များရရှိနိုင်သည်။

နောက်ထပ်သီအိုရီတစ်ခုမှာ ပြည်သူအကျိုးစီးပွားသီအိုရီနှင့်ခြားနားသော အယူအဆရှိသည့်ပြည်သူ့ရွေးချယ်မှုသီအိုရီ (Public Choice Theory)ဖြစ်ပြီး အများပြည်သူတို့ရွေးချယ်မှုကို အလေးထားဖော်ပြထားသည်။ ထိုသီအိုရီထဲ



တွင် နိုင်ငံသူနိုင်ငံသားပြည်သူများ၊ နိုင်ငံရေးသမားများ၊ ဗျူရိုကရေစီယန္တရားထဲတွင် ပါဝင်နေသည့်သူများနှင့် နိုင်ငံရေးအရ ဖွဲ့စည်းထားသော ကော်မတီများအကြား အပြန်အလှန်တုံ့ပြန်မှုများပါဝင်သည်။ ထိုသီအိုရီကို လက်ခံသူများက စည်းမျဉ်းစည်းကမ်းများသည် စွမ်းဆောင်ရည်မရှိ လိုက်နာအသုံးပြုသူ၊ အဖွဲ့အစည်းများကလည်း စည်းမျဉ်းစည်းကမ်းများလိုက်နာခြင်းထက် ၎င်းတို့ဈေးကွက်ထဲသို့ ပြိုင်ဘက်များဝင်ရောက်မလာရေး ဟန့်တားနိုင်ရန်အတွက်သာ ရည်ရွယ်နေသည်ဟု ယူဆသည်။ သီအိုရီက နိုင်ငံပိုင် မီဒီယာများသည် နိုင်ငံရေးသမားများကို ထိန်းချုပ်ရန်၊ မဲဆန္ဒရှင်များတွေ့ဝေစေရန်၊ စားသုံးသူများ၎င်းတို့၏ဆန္ဒ လျော့ပါးစေလျက် အသုံးပြုလိုမှု(ဝယ်လိုအား)ကို နည်းလမ်းအမျိုးမျိုးဖြင့် ဟန့်တားထားနိုင်ရန် ရည်ရွယ်သည်ဟုဆိုသည်။ ထို့ပြင်ဒီမိုကရေစီနှင့် ဈေးကွက်စနစ်နှစ်ခုစလုံး တဖြေးဖြေးချင်း အင်အားချည့်နဲ့သွားစေရန် လုပ်ဆောင်နိုင်သည်ဟု ဝေဖန်သည်။ လွတ်လပ်သောမီဒီယာများကမူ အများပြည်သူတို့အတွက် ကွဲပြားခြားနားသော ရှုထောင့် အမျိုးမျိုးမှ အမြင်အမျိုးမျိုးကို ပံ့ပိုးပေးနိုင်သည်။ မီဒီယာ လုပ်ငန်းများအပြိုင်အဆိုင်ဖြစ်ထွန်းခြင်းသည် မဲဆန္ဒရှင်များ၊ စားသုံးသူများနှင့် ရင်းနှီးမြှုပ်နှံသူများအတွက် ဘက်လိုက်မှုမရှိသော၊ တိကျသော သတင်းအချက်အလက်များ ရရှိရေးအတွက် သေချာမှုရှိစေသည်ဟုယူဆသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဟူသောမဏ္ဍိုင်ကြီး(၃)ရပ်ရှိနေသည့် ခေတ်သစ်ဒီမိုကရေစီ လူ့အဖွဲ့အစည်းများ၌ မဏ္ဍိုင်သုံးရပ် အပြန်အလှန်ထိန်းကျောင်းနိုင်ရေးအတွက် အပြိုင်အဆိုင်ရှိသော ပုဂ္ဂလိကမီဒီယာရပ်တည်မှုသည် အလွန်အရေးကြီးသည်

ဟူသောအယူအဆကိုလည်း လက်ခံသည်။

ကမ္ဘာ့ဘဏ်မှ ပြုလုပ်သောနိုင်ငံပေါင်း ၉၇ နိုင်ငံရှိ မီဒီယာပိုင်ဆိုင်မှုပုံစံကို လေ့လာထားသည့် သုတေသနတစ်ခုတွင် မီဒီယာလုပ်ငန်းအများစုမှာ ဈေးကွက်ကို ထိန်းချုပ်ထားနိုင်သော ရှယ်ယာပိုင်ရှင်ကြီးများနှင့် ဆက်နွယ်လျက်ရှိပြီး၊ ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်နေသူများ သို့မဟုတ် အစိုးရအဖွဲ့အစည်းများဖြစ်နေကြသည် ဖော်ပြထားသည်။ လေ့လာမှုတွင် ဆက်လက်ဖော်ပြထားသည်မှာ မူလတန်းကျောင်းတက်မှုနှုန်းနည်းသောနိုင်ငံ့စီးပွားရေးတွင် အစိုးရမှ ဝင်ရောက်စွက်ဖက်မှု အခြေအနေမြင့်မားသော၊ ပြည်သူလူထုဆင်းရဲနွမ်းပါးမှု ပြင်းထန်သော၊ အော်တိုကရေစီဆန်သော တိုင်းပြည်များတွင် မီဒီယာကဏ္ဍကို အစိုးရမှ ချုပ်ကိုင်မှုပိုမိုကြီးမားသည်။ မီဒီယာကို အစိုးရပိုင်ဆိုင်မှုပိုမိုမြင့်မားသော တိုင်းပြည်များ၌ လွတ်လပ်မှုနည်းသော သတင်းစာ၊ တန်ဖိုးထားမှုနည်းသော နိုင်ငံရေးဆိုင်ရာအခွင့်အရေး၊ ညံ့ဖျင်းသောအုပ်ချုပ်မှု၊ ဖွံ့ဖြိုးမှုနည်းသော အရင်းအနှီးဈေးကွက်များ၊ နိမ့်ပါးသော လူထုကျန်းမာရေးစောင့်ရှောက်မှုများလည်း တွေ့ရသည်ဟု ဆိုထားသည်။ နိုင်ငံရေးလွတ်လပ်မှုနှင့် မီဒီယာလွတ်လပ်မှုကြားဆက်စပ်မှုအခြေအနေများကိုသာမက လွတ်လပ်၍ အမှီအခိုကင်းသောမီဒီယာကဏ္ဍတည်ရှိမှုနှင့် ကျန်းမာရေးစနစ်၊ ပညာရေးအဆင့်၊ နိုင်ငံ့စီးပွားရေးအခြေအနေများအကြား ဆက်စပ်မှုအခြေအနေများမှာလည်း သတိထားစရာများဖြစ်သည်ကိုပါ လေ့လာထားသည်။

မီဒီယာနှင့်ပတ်သက်၍ မည်သည့်ခေါင်းစဉ်တင်၍ ဆွေးနွေးသည်ဖြစ်စေ၊ များသောအားဖြင့် ဆွေးနွေးမှုများအားလုံး၏နောက်ဆုံးဦးတည်ရာသည် မီဒီယာလွတ်လပ်ခွင့်ဆီသို့သာဖြစ်သည်ကိုတွေ့ရသည်။ အမှန်တကယ်အခြေအနေများတွင် မီဒီယာလွတ်လပ်မှုရှိ၊ မရှိအခြေအနေကို မီဒီယာပိုင်ဆိုင်မှုကိုသာကြည့်၍ ဝေဖန်သုံးသပ်ရန်မလွယ်ကူပေ။ မီဒီယာပိုင်ဆိုင်မှုတွင် ပိုင်ဆိုင်သည့် လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ အကျိုးစီးပွားရေးနှင့် ဆက်စပ်မှုရှိနေသည်ကို သတိပြုရမည်ဖြစ်သကဲ့သို့ စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများ၊ ပေါ်လစီများ၊ ယန္တရားများနှင့် ပတ်သက်သည့်အချက်များကိုလည်း ထည့်သွင်းစဉ်းစားရန် လိုပေသည်။ မည့်သို့ပင်ဆိုစေ ဒီမိုကရေစီစနစ်ကျင့်သုံးမည့် လူ့အဖွဲ့အစည်းတစ်ရပ် အနေဖြင့်ကျင့်သုံးမည့် နိုင်ငံရေးစနစ်နှင့်လိုက်လျောညီထွေရှိသည့် မီဒီယာယန္တရားတစ်ရပ်ရှိရန်အရေးကြီးသည်။ ဒီမိုကရေစီဖြစ်စဉ်ထဲရှိ လူ့ပ်ရှားပြောင်းလဲမှုများအတွက် ထိထိရောက်ရောက်ဖြည့်ဆည်းပံ့ပိုးနိုင်ရေးအတွက်အိုင်ဒီယာများ၊ သတင်းအချက်အလက်များ၊ အခြေအတင်ငြင်းခုံဆွေးနွေးမှုများ စီးဆင်းရာလမ်းကြောင်းအဖြစ် မီဒီယာကဏ္ဍကို အသုံးပြု၍အသံအမျိုးမျိုး၊ အမြင်အမျိုးမျိုးက လူထုကိုပေးနိုင်သည့် အခြေအနေ ရှိရမည်။ အစိုးရအေဂျင်စီ၊ ဌာနတစ်ခုခုကဖြစ်စေ၊ လူ ပုဂ္ဂိုလ်တစ်ဦး၊ အဖွဲ့အစည်းတစ်ခုဖြစ်စေ လွှမ်းကဲသော လွှမ်းမိုးချုပ်ကိုင်ထားမှုများ မရှိဘဲအမှီအခိုကင်းစွာ လှုပ်ရှားနိုင်ရမည်သာဖြစ်သည်။နောက်ဆုံးအနေဖြင့် ဒီမိုကရေစီလူ့အဖွဲ့အစည်းတစ်ရပ်အနေနှင့် လျော်ညီသော မီဒီယာယန္တရားအတွက် မီဒီယာဗဟုဝါဒ ဆိုသည့် အယူအဆကိုပါထပ်မံ၍သိစရာ ရှိလာသေးသည်။ ကွဲပြားခြားနားမှုများကိုလက်ခံသော မီဒီယာဗဟုဝါဒ (media pluralism) သည် လူ့အဖွဲ့အစည်း အတွင်းရှိရှုထောင့် စုံ၊ အမြင်စုံကို လက်ခံသည့်သဘောထား အယူအဆဖြစ်သည်။ ထိုအယူအဆမှာ လူ့အဖွဲ့အစည်းအတွင်း၌တည်ရှိနေ သော ကွဲပြားခြားနားမှုများထင်ဟပ်စေသဖြင့် လက်တွေ့ကျ သည်ဟုဆိုရမည်။ ကွဲပြားခြားနားသော အတွေးအခေါ် အယူအဆများနှင့် လွတ်လပ်၍ပွင့်လင်းသော မီဒီယာ နယ်ပယ်သည် ဒီမိုကရက်တစ် လူ့အဖွဲ့အစည်း တည်ဆောက် ရေးတွင် အရေးပါသောကြောင့် မီဒီယာဗဟုဝါဒသည်လည်း ယနေ့ကာလတွင် ပို၍အရေးပါလျက်ရှိနေသည်။

ယနေ့ကာလတွင် လက်တွေ့ကျသော အကိုးအကားများ၊ သီအိုရီများ၊ သဘောတရား အယူအဆများ အကိုးအကားပြုလျက် မီဒီယာကဏ္ဍ ဖွံ့ဖြိုးလာစေရေး ဆွေးနွေးပြောဆိုမှုများစွာ ရှိနေမည်ဖြစ်သည်။ မည်သည့် အခြေအနေမျိုးပင် ဖြစ်နေစေကာမူ လူထုအကျိုး စီးပွားကို ဗဟိုပြုမှုအားကောင်းသည့် မီဒီယာများပေါ်ထွန်း လာရေးသည်သာ လူထုလိုချင်သော နောက်ဆုံးရည်မှန်းချက်ဖြစ်သည်ကို ဒီမိုကရေစီအဖွဲ့အစည်းကို ဦးဆောင်ဦးရွက်ပြုသူများ အမြဲမပြတ် နှလုံးသွင်း၍ လုပ်ဆောင်နိုင်မှုသည် အခြားသောအစီအစဉ်များထက် ပို၍အရေးကြီးပေသတည်း။



# မြန်မာနိုင်ငံဖွံ့ဖြိုးတိုးတက်မှုအတွက် အကူအညီများကို ပိုမိုထိရောက်စွာအသုံးချရေး

|ဒေါက်တာပင်လုံအေး|

ဖွံ့ဖြိုးပြီးနိုင်ငံများသည် ဖွံ့ဖြိုးဆဲနိုင်ငံများသို့ ဆင်းရဲနွမ်းပါးမှု လျှော့ချရေး၊ လူနေမှုဘဝ မြှင့်တင်ရေး၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေရန်အတွက် အထောက်အပံ့များ ပေးအပ်လျက်ရှိရာ ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဘဏ္ဍာရေး ရန်ပုံငွေ ရရှိရန်၊ ထုထည်ကြီးမားသည့် အခြေခံအဆောက် အအုံဆိုင်ရာ စီမံကိန်းများတွင် ရင်းနှီးမြှုပ်နှံရန်၊ နည်းပညာအထောက်အပံ့ ရရှိရန်နှင့် နိုင်ငံအနေဖြင့် ချေးငွေ ကင်းလွတ်ရန် အကူအညီများအပေါ် မှီခိုကြရသည်။ လက်ရှိတွင် မြန်မာနိုင်ငံအနေဖြင့် လွန်ခဲ့သော ဆယ်စုနှစ်များမှစတင်၍ နိုင်ငံတကာ အကူအညီများ တိုးမြှင့်ရရှိခဲ့သည်။

## မြန်မာနိုင်ငံ၏ နိုင်ငံတကာအကူအညီ ရရှိမှု သမိုင်းအကျဉ်း

မြန်မာနိုင်ငံ၏ နိုင်ငံတကာ အကူအညီ ရရှိမှု သမိုင်းကြောင်းကို ပြန်လည်ဆန်းစစ်ရာတွင် ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်ထိ လွတ်လပ်ရေးရပြီး နောက်ပိုင်းခေတ် ၊ ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် ထိ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်၊ ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ်ထိ သမ္မတ ဦးသိန်းစိန်ခေတ်နှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် အစိုးရခေတ်ဟု အပိုင်းလေးပိုင်း ခွဲခြားနိုင်ပါသည်။

## လွတ်လပ်ရေး ရပြီးနောက်ပိုင်း ၁၉၄၈ ခုနှစ်မှ ၁၉၈၈ ခုနှစ်

ဒုတိယကမ္ဘာစစ်ကြီးပြီးဆုံးသည့် နောက်ပိုင်းတွင် မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာမှ အကူအညီများရရှိခဲ့ရာ ဂျပန်နိုင်ငံသည် မြန်မာနိုင်ငံသို့ စစ်လျော်ကြေးဆိုင်ရာကိစ္စများအတွက် ငွေကြေးနှင့် နည်းပညာအကူအညီများပေးခဲ့ပြီး အမေရိကန်နိုင်ငံနှင့် ဩစတြေးလျနိုင်ငံတို့မှ အစီအစဉ်ငယ်များဖြင့် အကူအညီများ ပေးအပ်ခဲ့ပါသည်။ ဒေသတွင်း အင်အားကြီးဘဏ်များဖြစ်သော ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်မှ အကူအညီများ ပေးခဲ့သော်လည်း ၁၉၈၀ ခုနှစ် နှောင်းပိုင်းကာလများတွင် ဆက်လက်ကူညီခြင်း မပြုရန် ဖိအားပေးခံရသဖြင့် မြန်မာနိုင်ငံ၏ နိုင်ငံတကာ အကူအညီ ရရှိမှု နည်းပါးခဲ့ပါသည်။ ၁၉၈၇ ခုနှစ်တွင် ဖွံ့ဖြိုး မှုအနည်းဆုံးနိုင်ငံအဖြစ် ရောက်ရှိခဲ့သော်လည်း ဖွံ့ဖြိုး မှုအနည်းဆုံးနိုင်ငံများသို့ အထူးထောက်ပံ့ပေးသည့် တရားဝင် ဖွံ့ဖြိုးမှု အကူအညီ (Official Development Assistance-ODA)၊ အပြည်ပြည်ဆိုင်ရာ ကုန်သွယ်ရေး (International Trade) နှင့် အခြားထောက်ပံ့ပေးမှုများ (Other Forms of Support) တို့ကို ၁၉၈၈ ခုနှစ် ဒီမိုကရေစီ လှုပ်ရှားမှု ဖြစ်ပွားပြီး နောက်ပိုင်းတွင် နိုင်ငံရေး ဖိအားများကြောင့် အပြည့်အဝ မရရှိခဲ့ပေ။

## ၁၉၈၈ ခုနှစ်မှ ၂၀၁၁ ခုနှစ် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီခေတ်

၁၉၈၈ ခုနှစ် ဒီမိုကရေစီလှုပ်ရှားမှု ဖြစ်ပွားပြီး နောက်ပိုင်းတွင် မြန်မာနိုင်ငံသို့ အကူအညီပေးသည့် အဓိက နိုင်ငံကြီးများဖြစ်သော အမေရိကန်၊ ဂျပန်၊ အနောက်ဂျာမနီ၊ ဗြိတိန်နှင့် အခြားသော အနောက် ဥရောပအဖွဲ့ဝင်နိုင်ငံများမှ အကူအညီများ ရပ်ဆိုင်းခဲ့ချိန်တွင် ဒေသတွင်းနိုင်ငံများ ဖြစ်သော ကိုရီးယားသမ္မတနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့သည် မြန်မာနိုင်ငံ၏စီးပွားရေး လုပ်ငန်းများတွင် ဝင်ရောက်ခဲ့သည်။

ထို့ပြင် အိမ်နီးချင်းနိုင်ငံဖြစ်သော တရုတ်နိုင်ငံနှင့် အရှေ့တောင်အာရှ ဒေသတွင်းနိုင်ငံများဖြစ်သော ထိုင်းနိုင်ငံ၊ စင်ကာပူနှင့် မလေးရှားနိုင်ငံတို့နှင့် ပူးပေါင်း ဆောင်ရွက်မှုများကို မြှင့်တင်နိုင်ခဲ့သည်။

၂၀၀၀ ပြည့်နှစ်အစောပိုင်းတွင် OECD နှင့် ဗြိတိန်၊ ဩစတြေးလျ၊ ဥရောပသမဂ္ဂနိုင်ငံများနှင့် ပြန်လည်ဆက်သွယ်ခဲ့ရာ ကျန်းမာရေးစောင့်ရှောက်မှု အကူအညီများ ပြန်လည် ပေးအပ်ခဲ့သည်။ ၂၀၀၈ ခုနှစ်တွင်ဖြစ်ပွားသော ဆိုင်ကလုန်းနာဂစ်မုန်တိုင်း ဖြစ်ပွားပြီးနောက်ပိုင်းတွင် နိုင်ငံတကာ အဖွဲ့အစည်းများမှ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ အကူအညီများပေးအပ်ခဲ့သည်။

## ၂၀၁၂ ခုနှစ်မှ ၂၀၁၆ ခုနှစ် သမ္မတ ဦးသိန်းစိန်ခေတ်

သမ္မတ ဦးသိန်းစိန်လက်ထက်တွင် ပြုပြင်ပြောင်းလဲမှုများ စတင်ခဲ့၍ ချေးငွေလျော်မှုများ ပြုလုပ်ခဲ့ပြီး နိုင်ငံတကာ ဖွံ့ဖြိုးမှုမိတ်ဖက်များ ပြန်လည်ဝင်ရောက် လာခြင်း၊ နှစ်နိုင်ငံအကူအညီများ တိုးမြှင့်ရရှိခြင်းဖြင့် အဖွဲ့အစည်းများမှ အကူအညီများအား ဖိတ်ခေါ်၍ နိုင်ငံတကာ အဖွဲ့အစည်းများမှ မြန်မာနိုင်ငံ၏အကူအညီရယူမှု ကဏ္ဍသစ်ကို စတင်နိုင်ခဲ့သည်။ ၂၀၁၂ ခုနှစ်နှင့် ၂၀၁၃ ခုနှစ်တွင် အဓိက အတားအဆီးဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ချေးငွေ များကို လျော်ပစ်နိုင်ရေးကို ဆောင်ရွက်ခဲ့ပါသည်။ နော်ဝေ နိုင်ငံမှလည်း ကြွေးလျော်ပေးခဲ့ပြီး ကမ္ဘာ့ဘဏ်နှင့် အာရှဖွံ့ဖြိုးရေးဘဏ်တို့မှလည်း ဂျပန်နိုင်ငံမှ ချေးငွေများကို Bridge Loan အဖြစ် ဖန်တီးပေးခဲ့သည်။ ဥရောပသမဂ္ဂနှင့် USAID တို့မှ မြန်မာနိုင်ငံအတွက် အထောက်အပံ့များ ပြန်လည်ပေးနိုင်ရန် ပြန်လည် ဆက်သွယ်ခဲ့ပြီး ရန်ကုန်မြို့တွင် ဖွံ့ဖြိုးမှုမိတ်ဖက်နိုင်ငံများမှ သံရုံးများ ပြန်လည်ဖွင့်လှစ်ကာ အကူ အညီများ ပေးခဲ့ပါသည်။ ထို့ပြင် နိုင်ငံတကာမှပေးအပ်သော ချေးငွေ၊

နည်းပညာ အကူအညီနှင့် အထောက်အပံ့များနှင့် စပ်လျဉ်းသည့် ဖွံ့ဖြိုးမှုမူဝါဒများဖြစ်သော Nay Pyi Taw Accord on Effective Development Cooperation 2013၊ Guide to International Assistance in Myanmar 2014 နှင့် Framework for Economic and Social Reforms 2013 တို့ကို ထုတ်ပြန်ကာ နိုင်ငံတကာအကူအညီများ ပိုမိုရရှိနိုင်ရေးအတွက် အလေးထား ဆောင်ရွက်ခဲ့ပါသည်။

အလှူရှင်များမှ ပေးအပ်သော အကူအညီများဖြင့် တစ်နိုင်ငံလုံး၏ စီးပွားရေးကို လွှမ်းခြုံသည့် ဦးစားပေးကဏ္ဍများကို ရွေးချယ်သတ်မှတ်ခဲ့သော မူလလမ်းညွှန်ဖြစ်သည့် စီးပွားရေးနှင့် လူမှုရေး ပြုပြင်ပြောင်းလဲမှုမူဘောင် FESR ကို ရွေးချယ်သတ်မှတ်ဆောင်ရွက်ခဲ့သည်။ ၂၀၁၁ ခုနှစ်မှ ၂၀၁၅ ခုနှစ် ကာလအတွင်း ကမ္ဘာ့အဆင့် (၁၃) တွင် ရပ်တည်ကာ စုစုပေါင်းကုန်သွယ်မှုပမာဏ တိုးတက်ခဲ့သည်။

## အမျိုးသားဒီမိုကရေစီ အဖွဲ့ချုပ် (NLD) အစိုးရခေတ်

NLD အစိုးရလက်ထက်တွင် နိုင်ငံတကာမှ ချေးငွေနှင့် အကူအညီများ မြန်မာနိုင်ငံသို့ ပေးအပ်ရေးအတွက် နိုင်ငံတကာမှ ကြေညာချက်များ ရှိခဲ့သည်။ နိုင်ငံတကာ ချေးငွေများကို အကျိုးရှိစွာ အသုံးချနိုင်ရေးအတွက် ဖွံ့ဖြိုးမှုအကူအညီများညှိနှိုင်းရေးအဖွဲ့ (DACU) ကို ဖွဲ့စည်းခဲ့၍ မူဝါဒ များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံခြားစီးပွားဆက်သွယ်ရေးဦးစီးဌာန (FERD) သည် DACU ၏ အတွင်းရေးမှူးရုံးအဖြစ် ဆောင်ရွက်ပြီး အကူအညီများ၊ အကူအညီ ရယူခြင်းဆိုင်ရာ မူဝါဒများကို



ဆုံးဖြတ်ချက်ပေးသည့် အစိုးရအဖွဲ့တစ်ရပ်အဖြစ် ဆောင်ရွက်ပါသည်။ ထို့ပြင် မုန့်ဟင်းခါးအကူအညီ သတင်းအချက်အလက် စီမံခန့်ခွဲမှုစနစ် (Mohinga Aid Information Management System-AIMS) ကို ဆောင်ရွက်ကာ အလှူရှင်များမှ ပေးအပ်သော အချက်အလက်များကို ထည့်သွင်းထားသော စနစ်ဖြစ်သည်။ AIMS သည် Organization for Economic Cooperation and Development (OECD) နှင့် Creditor Reporting Standard (CRS) မှ အသုံးပြုသော စနစ်နှင့် လိုက်လျောညီထွေရှိရန် စံပြုရေးဆွဲထားသော စနစ်ဖြစ်သော်လည်း အစီရင်ခံသောစနစ်သည် နိုင်ငံအဆင့်သာဖြစ်ရာ AIMS ၏ အချက်အလက်အရည်အသွေးသည် ဖွံ့ဖြိုးမှုမိတ်ဖက်များမှ မည်ကဲ့သို့ တိကျမှန်ကန်စွာ ရေးသွင်းသည်ဆိုသော အချက်ပေါ်တွင် မူတည်လျက် ရှိသည်။ ထို့ပြင် Develop-ment Assistance Policy-DAP ကို ထုတ်ပြန်ခဲ့ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးမှုပန်းတိုင်များ (SDGs) နှင့် လိုက်လျောညီထွေ ဖြစ်နိုင်ရေးအတွက် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (MSDP) ကို ထုတ်ပြန်ခဲ့ပါသည်။

## အနာဂတ်အလားအလာများအတွက် လေ့လာသုံးသပ်ချက်

မြန်မာနိုင်ငံသည် (၆) နှစ်တာ ကာလအတွင်း စီးပွားရေးနှင့် နိုင်ငံရေး ပြုပြင်ပြောင်းလဲမှု အစီအစဉ်များကြောင့် နိုင်ငံတကာမှ အကူအညီများကို အများဆုံးရရှိသည့် နိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ သို့သော် မြန်မာနိုင်ငံ၏ အကူအညီရယူမှုစနစ်သည် ဒေသတွင်း အခြားနိုင်ငံများ နည်းတူ စိန်ခေါ်မှုများစွာရှိပါသည်။ အကူအညီရရှိသည့် ပမာဏသည် နိုင်ငံ၏ စီးပွားရေးနှင့် အသုံးစရိတ်တို့နှင့် နှိုင်းယှဉ်ပါက များစွာနည်းပါးသဖြင့် အဓိကအကျိုးသက်ရောက်မှုရရှိရန် အလေးပေးဆောင်ရွက်ရမည်ဖြစ်သည်။ ၂၀၁၁ ခုနှစ်မှ စတင်၍ မြန်မာနိုင်ငံသည် ကာလရှည် ပူးပေါင်း ဆောင်ရွက်မှုများ စတင်ခဲ့သော်လည်း ဒေသတွင်း အဆင်း ရဲဆုံးသော၊ ပဋိပက္ခများသော၊ စိန်ခေါ်မှုများသော၊ အခြေခံ အဆောက်အအုံ အားနည်းသော၊ ပြည်သူ့ဝန်ဆောင်မှုများစွာ ဖြည့်ဆည်းရန်လိုအပ်လျက်ရှိပါသည်။

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာ အကူအညီများနှင့်စပ်လျဉ်း၍ အနာဂတ်တွင် အလေးပေး ဆောင်ရွက်ရမည့် အချက် (၃) ချက်မှာ-

## (က) နိုင်ငံဖွံ့ဖြိုးတိုးတက်ရန် အဓိကကျသည့် အမြင်နှင့် မဟာဗျူဟာ

ဖွံ့ဖြိုးမှုလုပ်ငန်းများအား အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကဏ္ဍဆိုင်ရာ စီမံကိန်းများကို အလေးထားဆောင်ရွက်ရန်လိုအပ်သကဲ့သို့ နိုင်ငံတစ်ဝှမ်း လွှမ်းခြုံသည့် ဘက်စုံဖွံ့ဖြိုး တိုးတက်စေမည့် စီမံကိန်းများကိုလည်း အလေးထားဆောင်ရွက်ရန်လိုအပ်ပြီး ကျား/မ တန်းတူအခွင့်အရေး ရရှိရေး၊ လက်နက်ကိုင် ပဋိပက္ခများနှင့် အပစ်အခတ်ရပ်စဲရေး နယ်ပယ်ဒေသများကဲ့သို့သော အလေးထားဆောင်ရွက်ရမည့် အခက်အခဲများကို ဦးစားပေးကဏ္ဍများအဖြစ် ဆောင်ရွက်ရန်လိုအပ်ပြီး မူဘောင်များကို ကဏ္ဍအလိုက် စီမံကိန်းများဖြင့် အစားထိုး ဆောင်ရွက်ရန် လိုအပ်သည်။ ထို့ပြင် ကဏ္ဍဆိုင်ရာ စီမံကိန်းများနှင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်သင့်သည့် မူဝါဒသစ်များကို မူကြမ်းပြန်လည်ရေးဆွဲရန်နှင့် မဟာဗျူဟာကျစွာ ပူးပေါင်းဆောင်ရွက်၍ အလေးထား ဆောင် ရွက်သင့်သည်။

## (ခ) ဖွံ့ဖြိုးမှု မိတ်ဖက်များ၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ

အချို့သော ဖွံ့ဖြိုးမှုမိတ်ဖက်များသည် မြန်မာနိုင်ငံတွင်းရှိ ပဋိပက္ခဖြစ်ပွားရာ ဒေသများတွင် စီမံကိန်းများအကောင်အထည်ဖော်ဆောင်ရွက်ရန် တားမြစ်ကြသည်။ အကြမ်းဖက်မှုများနှင့် လုံခြုံမှုမရှိခြင်းသည် ပြည်သူအများစုကို ဆိုးကျိုးများသက်ရောက်စေပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် အတားအဆီးများ ဖြစ်စေပါသည်။ ပဋိပက္ခများသိသာစွာ လျော့နည်းသွားစေရန် အချိန်ယူ၍ ဆောင်ရွက်ရမည်ဖြစ်ရာ ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် ထိုအရပ် ဒေသနေ ပြည်သူများအတွက် သင့်တော်သောဘဝနေ ထိုင်မှုများရရှိရန်နှင့် မည်ကဲ့သို့ အသွင်သဏ္ဍာန်များဖြင့် ကူညီထောက်ပံ့ရန် လိုအပ်သည်ကို မဟာဗျူဟာကျစွာ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မည်ဖြစ်သည်။ ငြိမ်းချမ်း ရေး လမ်းစဉ်များတွင် ကူညီထောက်ပံ့ခြင်းသည် အရေးကြီးသော်လည်း ဖွံ့ဖြိုးမှုမိတ်ဖက်များ၊ ငြိမ်းချမ်းရေးနှင့် လုံခြုံ ရေးအတွက် ဆောင် ရွက် လျက် ရှိသော အဖွဲ့အစည်းများ အနေဖြင့် ကြားဖြတ်အစီအစဉ်များ ရေးဆွဲ၍ မည်ကဲ့သို့ အကူအညီအထောက်အပံ့များပေးရန် လိုအပ်သည်ကို သဘောပေါက်နားလည်ရန် လိုအပ်မည်ဖြစ်ပါသည်။

## (ဂ) အဖွဲ့အစည်းများနှင့် အပြန်အလှန် နားလည်မှု တည်ဆောက်၍ လက်တွဲဆောင်ရွက်ရန်

ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် တူညီသော မူဝါဒဦးတည်ချက်များဖြင့် အဖွဲ့အစည်းများနှင့် စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသော ဝန်ကြီးဌာနများအကြား ညှိနှိုင်းမှုများ ထိရောက်စွာ ပြုလုပ်သင့်ပါသည်။ ဖွံ့ဖြိုးမှုမိတ်ဖက်များ၏ ဦးတည်ချက်အား ဘုံလမ်းကြောင်းဖြင့် ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်သည်။ ထို့ပြင် အနောက်နိုင်ငံမှ အလှူရှင်များဖြစ်သော OECD အလှူရှင်များအနေဖြင့် ပုံမှန် ဆောင်ရွက်လျက်ရှိသော ဖွံ့ဖြိုးမှုပုံစံကို ဖြစ်နိုင်သော နည်းလမ်းများမှ အချိန်နှင့်တစ်ပြေးညီ ဦးဆောင်သည့် အခန်းကဏ္ဍမှ တာဝန်ယူဆောင်ရွက်ရန်နှင့် အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs) ကဲ့သို့သော တတိယ အဖွဲ့အစည်းများမှ အလှူရှင်များနှင့် ဆွေးနွေး ညှိနှိုင်းတိုင်ပင်၍ ပါဝင်ဆောင်ရွက်သင့်ပါသည်။ တစ်ချိန်တည်းမှာပင် ဖွံ့ဖြိုးမှုမိတ်ဖက်များအနေဖြင့် အခြားအဖွဲ့အစည်းများနှင့် လတ်တလော ဆွေးနွေးညှိနှိုင်းရန် ခက်ခဲသည့် စီမံကိန်းများကို ပြန်လည်ဆန်းစစ်ရန်လိုအပ်ပြီး အခြားအဖွဲ့အစည်းများ အစိုးရများဖြင့် ကနဦးပူးပေါင်းဆောင်ရွက်၍ အကျိုးအမြတ်ရရှိရန် ဆောင်ရွက်သင့်ပါသည်။

Source: Thomas Carr, Supporting the Transition: Understanding Aid to Myanmar since 2011, the Asia Foundation



# ရင်းနှီးမြှုပ်နှံမှုအခွင့်အလမ်းများကို ပွင့်လန်းစေသော
# အာဆီယံဝန်ဆောင်မှုကုန်သွယ်ရေး သဘောတူညီချက်

|သိန်းမြင့်ဝေ|

အရှေ့တောင်အာရှနိုင်ငံများအသင်း (ASEAN) သည် ၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၁ ရက်နေ့တွင် အာဆီယံစီးပွားရေး အသိုက်အဝန်း (ASEAN Economic Community-AEC) ကို အကောင်အထည်ဖော်ခဲ့သည်။ ထိုကဲ့သို့ အကောင်အထည်ဖော်ရာတွင် စီးပွားရေး ပိုမိုတိုးတက်လျက်ရှိသော အာဆီယံ ၆ နိုင်ငံဖြစ်သည့် စင်ကာပူ၊ မလေးရှား၊ ထိုင်း၊ ဘရူနိုင်း၊ ဖိလစ်ပိုင်နှင့် အင်ဒိုနီးရှားနိုင်ငံတို့သာ အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့သည်။ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု အဆင့်နိမ့်ကျသည့် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံတို့သည် ၂၀၁၈ ခုနှစ်၊ ဇန်နဝါရီလ ၁ ရက်နေ့မှသာ AEC ကို အပြည့်အဝ အကောင်အထည်ဖော်နိုင်ခဲ့သည်။ AEC ကို အကောင်အထည်ဖော်ခြင်းကြောင့် အရှေ့တောင်အာရှဒေသအတွင်း တစ်နည်းအားဖြင့် အာဆီယံ အဖွဲ့ဝင်နိုင်ငံများကြား နယ်ပယ် ၅ မျိုးတွင် လွတ်လွတ်လပ်လပ် စီးဆင်းခွင့်ရှိလာပြီဖြစ်သည်။



အာဆီယံအဖွဲ့ဝင် နိုင်ငံများအကြား လွတ်လွတ်လပ်လပ် စီးဆင်းခွင့် ရှိလာပြီဖြစ်သော နယ်ပယ် ၅ မျိုးမှာ ကုန်စည် (Free flow of goods)၊ ဝန်ဆောင်မှု (Free flow of services)၊ ရင်းနှီးမြှုပ်နှံမှု (Free flow of investment)၊ အရင်းအနှီး (Freer flow of capital) နှင့် ကျွမ်းကျင် လုပ်သား (Free flow of skilled labour) တို့ဖြစ်ကြသည်။ ထိုသို့ လွတ်လပ်စွာ စီးဆင်းခွင့် ရှိလာပြီဖြစ်သော်လည်း အာဆီယံ စီးပွားရေး ပေါင်းစည်းမှုမှာ တိုးတက်မှုနှေးကွေးနေဆဲဖြစ်ကြောင်း ထောက်ပြပြောဆိုသည်များလည်း ရှိပါသည်။ အထူးသဖြင့် အာဆီယံနိုင်ငံများသည် ကုန်စည်အပေါ် ကောက်ခံသည့် အကောက်ခွန်နှုန်းများကို သိသိသာသာနှင့် မြန်မြန်ဆန်ဆန် လျှော့ချခဲ့ကြသော်လည်း အရင်းအနှီး စီးဆင်းမှုကဲ့သို့သော ဝန်ဆောင်မှုပိုင်း ဖြေလျှော့ရာတွင် နှေးကွေးနေပါသည်။ ထိုကဲ့သို့ ပေါင်းစည်းမှု နှေးကွေးနေရခြင်းမှာ အာဆီယံနိုင်ငံတိုင်းသည် ဒေသ၏ အကျိုးစီးပွားထက် မိမိတို့နိုင်ငံ၏ အကျိုးစီးပွားကို ပိုမိုအလေးထားသောကြောင့်ဖြစ်ကြောင်း၊ မိမိနိုင်ငံ၏ အကျိုးစီးပွားကို ကာကွယ်နေကြသောကြောင့်ဖြစ်ကြောင်း ထောက်ပြဝေဖန် လျက်ရှိသည်။

၂၀၁၈ ခုနှစ်၊ ဩဂုတ်လ ၂၈ ရက်နေ့မှ စက်တင်ဘာလ ၁ ရက်နေ့ထိ စင်ကာပူနိုင်ငံတွင် အာဆီယံ စီးပွားရေးဝန်ကြီးများ၏ နှစ်ပတ်လည်အစည်းအဝေးပြုလုပ်ခဲ့သည်။ အစည်းအဝေးတွင် ဦးစားပေးလုပ်ဆောင်ရမည့် လုပ်ငန်းအစီအစဉ်များကို ထပ်မံဆွေးနွေးခဲ့ကြပြီး အာဆီယံနှစ် ၅၀ ပြည့်မြောက်ခဲ့သည့် ၂၀၁၇ ခုနှစ်တွင်လည်း အာဆီယံ စီးပွားရေးဝန်ကြီးများတွေ့ဆုံပြီး ဦးစားပေး လုပ်ငန်းစဉ်များကို ရွေးချယ်သတ်မှတ်ခဲ့ကြပါသည်။

အာဆီယံ စီးပွားရေး ပေါင်းစည်းမှုမူဘောင် (Framework of ASEAN Economic Integration) အတွင်း ပူးပေါင်းဆောင်ရွက်ကြမည့် လုပ်ငန်းနယ်ပယ်များအနက် အရေးကြီးသော နယ်ပယ်မှာ ဝန်ဆောင်မှုကုန်သွယ်ရေး (Services Trade) ဖြစ်ပါသည်။ အာဆီယံစီးပွားရေး ဝန်ကြီးများသည် (၁၀) ကြိမ်မြောက် အာဆီယံဝန်ဆောင်မှု မူဘောင်သဘောတူညီချက် (10th ASEAN Framework Agreement on Services-AFAS) ကို သဘောတူလက်မှတ် ရေးထိုးခဲ့ကြသည်။ အဆိုပါ အာဆီယံဝန်ဆောင်မှု ကုန်သွယ်ရေးဆိုင်ရာ သဘောတူညီချက် အစီအစဉ်ကို 10th AFAS Package ဟူ၍လည်း ခေါ်ဆိုပါသည်။ ပထမဆုံးသော အစီအစဉ်ဖြစ်သည့် First AFAS Package ကို ၁၉၉၆ ခုနှစ်တွင် စတင်ခဲ့ကြသည်။

(၁၀) ကြိမ်မြောက် AFAS Package တွင် အာဆီယံအဖွဲ့ဝင် နိုင်ငံအားလုံးသည် ဝန်ဆောင်မှုကဏ္ဍခွဲ ၁၅ ခုနီးပါးကို လွတ်လပ်ခွင့်ပြုဖြေလျှော့ပေးရန် ကတိကဝတ် ထားရှိခဲ့ကြသည်။ အထူးသဖြင့် စီးပွားရေးလုပ်ငန်း (Business Services)၊ ဆက်သွယ်ရေးလုပ်ငန်း (Telecommunication Services)၊ ဖြန့်ဖြူးရေးလုပ်ငန်း (Distribution Services)၊ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လုပ်ငန်း (Environmental Services)၊ ကျန်းမာရေးလုပ်ငန်း (Health Services) နှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်း (Transportation Services) တို့ဖြစ်ကြသည်။

(၁၀) ကြိမ်မြောက် AFAS အစီအစဉ်အရ ဝန်ဆောင်မှုကုန်သွယ်ရေးတွင် ပိုမိုပူးပေါင်း ဆောင်ရွက်ခြင်းအားဖြင့် အာဆီယံနိုင်ငံများအတွက် ကောင်းကျိုးများ ဖြစ်ထွန်းစေနိုင်သည်။ အထူးသဖြင့် အာဆီယံနိုင်ငံ အချင်းချင်း ဝန်ဆောင်မှုကုန်သွယ်ရေး ပြုလုပ်ရာမှတစ်ဆင့် အပြန်အလှန် အခွင့်အလမ်းများပွင့်လန်းပြီး ကောင်းကျိုးများကို ခံစားရမည်ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ဝန်ဆောင်မှု လုပ်ငန်းစု (Service Industry) ဖွံ့ဖြိုးတိုးတက်ပြီး ရင်းနှီးမြှုပ်နှံမှုများလည်း ပိုမိုတိုးတက် လာနိုင်သည်။ ဆက်လက်၍ အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ စီးပွားရေးကို ပိုမိုတိုးတက်စေမည်ဖြစ်ပါသည်။



ထို့မျှသာမက နိုင်ငံများ၏ ဝန်ဆောင်မှုလုပ်ငန်းကဏ္ဍ ပိုမိုအားကောင်းလာပြီး ကမ္ဘာ့ ဈေးကွက်အတွင်း ပိုမိုထိုးဖောက်လာနိုင်မည်ဖြစ်သည်။ (၁၀) ကြိမ်မြောက် AFAS အစီအစဉ်ကို အကောင်အထည်ဖော်ခြင်းနှင့်အတူ အာဆီယံနိုင်ငံများအတွင်းသို့ နိုင်ငံခြားအရင်းအနှီးပိုင်ဆိုင်မှု (Foreign Capital Ownership) ပိုမိုစီးဝင်များပြားလာနိုင်သည်။ ထို့ကြောင့် အာဆီယံနိုင်ငံများသည် ပြည်ပရင်းနှီးမြှုပ်နှံမှုဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ၊ ပြည်တွင်းရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများကို ဖြေလျှော့ပြောင်းလဲရန်လိုအပ်မည်ဖြစ်ပါသည်။

သို့သော်လည်း အာဆီယံအဖွဲ့ဝင်နိုင်ငံအချို့တွင် နိုင်ငံခြားအရင်းအနှီးပိုင်ဆိုင်မှုကို ၁၀၀ ရာခိုင်နှုန်း ခွင့်ပြုထားသည်ကို တွေ့ရှိရသည်။ ဥပမာအားဖြင့် အင်ဒိုနီးရှားနိုင်ငံသည် အချို့သော ကဏ္ဍများတွင် နိုင်ငံခြား အရင်းအနှီးပိုင်ဆိုင်မှုကို ရာခိုင်နှုန်းပြည့် ခွင့်ပြုထားပါသည်။ အထူးသဖြင့် အင်ဒိုနီးရှားနိုင်ငံ၏ အရှေ့ဘက်ပိုင်းတွင် ရှိသောမြို့နယ်များတွင် ပြည်ပအရင်းအနှီးပါဝင်မှု ၁၀၀ ရာခိုင်နှုန်းခွင့်ပြုပြီး ရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်းများကို ဖွင့်ပေးထားပါသည်။ အဆိုပါဒေသနှင့် မြို့နယ်များတွင် ရင်းနှီးမြှုပ်နှံမည့် ဟိုတယ်နှင့် အပန်းဖြေစခန်းကဲ့သို့သော ခရီးသွား ဝန်ဆောင်မှု လုပ်ငန်းများအတွက်လည်းကောင်း၊ ဂေါက်ကွင်းအပါအဝင် ဂေါက်ကွင်းနှင့် ဆက်စပ်နေသော လုပ်ငန်းများ၊ ခရီးသွားဧည့်သည်များအတွက် အပန်းဖြေစရာနေရာများကဲ့သို့သော အပန်းဖြေခြင်းနှင့် အားကစားဝန်ဆောင်မှုလုပ်ငန်းများ (Recreation and Sports Services) အတွက်လည်းကောင်း ပြည်ပအရင်းအနှီးပိုင်ဆိုင်မှုကို ရာနှုန်းပြည့်ခွင့်ပြုထားပါသည်။

ဤကဲ့သို့ဆောင်ရွက်ခြင်းသည် နိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍကို ပိုမိုဖွံ့ဖြိုးတိုးတက်စေပြီး ပြည်ပရင်းနှီးမြှုပ်နှံမှုကို ဆွဲဆောင်ရာရောက်ပါသည်။ (၁၀) ကြိမ်မြောက် AFAS Packageကို အကောင်အထည်ဖော်ခြင်းသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများ၏ ဝန်ဆောင်မှုတင်ပို့ခြင်းနှင့် တင်သွင်းခြင်းကို တိုးတက်စေပြီး ကုန်သွယ်မှုအခွင့်အလမ်းကိုလည်း ပိုမိုတိုးတက်စေနိုင်သည်။ ကုန်သွယ်မှု နှင့်ရင်းနှီးမြှုပ်နှံမှု တိုးတက်ခြင်းကြောင့် အာဆီယံနိုင်ငံ အချင်းချင်း၏ နည်းပညာလွှဲပြောင်းရရှိမှု၊ အကျွမ်းကျင်ဆုံးသော ဝန်ထမ်းများ (The Best Professional Staffs) ရရှိနိုင်မှု၊ နောက်ဆုံးစားသုံးသူနှင့် ထုတ်လုပ်သူများ (End Consumers and Producers) အတွက် ဝန်ဆောင်မှု ထုတ်ကုန်အမျိုးမျိုး ရရှိနိုင်မှုတို့ကို ဖြစ်စေပါသည်။

ထို့ပြင် အာဆီယံစီးပွားရေးဝန်ကြီးများသည် အာဆီယံ e-commerce သဘောတူညီချက်ကိုလည်း ဆွေးနွေးလက်ခံခဲ့ကြသည်။ အာဆီယံ e-commerce သဘောတူညီချက်ကို ၂၀၁၈ ခုနှစ်၊ နိုဝင်ဘာလတွင် ကျင်းပသည့် အာဆီယံထိပ်သီးအစည်းအဝေး (ASEAN Summit) ၌ အာဆီယံအဖွဲ့ဝင်နိုင်ငံများက လက်မှတ်ရေးထိုး ခဲ့ကြသည်။ အာဆီယံ အီလက်ထရောနစ် ကုန်သွယ်ရေး သဘောတူညီချက် (Electronic Trade or e-commerce Agreement) သည် အရှေ့တောင်အာရှဒေသအတွင်း နယ်စပ်ဖြတ်ကျော် အီလက်ထရောနစ် ကုန်သွယ်ရေး လုပ်ဆောင်ချက်များ အဆင်ပြေချောမွေ့ရန် ရည်ရွယ်ပါသည်။ ထို့ပြင် ကောင်းမွန်သော e-commerce ပတ်ဝန်းကျင်ကို ဖန်တီးရန်၊ အားလုံးအကျုံးဝင်သော တိုးတက်မှု (Inclusive Growth) အတွက် အာဆီယံနိုင်ငံများကြား ပိုမို ပူးပေါင်း ဆောင်ရွက်ရန်နှင့် အရှေ့တောင်အာရှဒေသအတွင်း စီးပွား ရေးမညီမျှမှုကို လျှော့ချရန် ရည်ရွယ်ပါသည်။

နှစ်ပတ်လည် အစည်းအဝေးကာလအတွင်း အာဆီယံစီးပွားရေးဝန်ကြီးများသည် အာဆီယံ စီးပွားရေးလုပ်ငန်းအကြံပေးကောင်စီ (ASEAN Business Advisory Council-ABAC) နှင့်လည်း တွေ့ဆုံခဲ့သည်။ ၂၀၂၅ ခုနှစ် အာဆီယံစီးပွားရေးအသိုက်အဝန်း (ASEAN Economic Community -AEC) အကောင်အထည်ဖော်မှုကို အတူလက်တွဲဆောင်ရွက်ရန်အတွက် အစိုးရနှင့် ပုဂ္ဂလိက ကဏ္ဍကြား အပြုသဘောဆောင်သော ဆွေးနွေးမှုများ ပြုလုပ်ခဲ့ခြင်းဖြစ်သည်။ ယခုအခါ AEC အကောင်အထည်ဖော်မှုကို စနစ်တကျစောင့်ကြည့်သုံးသပ်သည့်ဖြစ်စဉ် (Process of Monitoring and Evaluation) ဖြင့် အလေးထားဆောင်ရွက်လျက်ရှိပါသည်။

Source: en.netralnews.com

# Intellectual Property Law

# ပြဋ္ဌာန်းမှုကြောင့်

# နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုအပေါ် အကျိုးသက်ရောက်မှု

ဒေါ်သူဇာ(DICA)

**နိဒါန်း**

၁။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုနှင့် ကုန်သွယ်မှုတို့ကို ဆင်းရဲမှုလျှော့ချရေးနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုအတွက် အဓိကအချက်များအဖြစ် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ရှုမြင်ကြသည်။ နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းတစ်ခုအား အသိဉာဏ်ပစ္စည်းများ အကာအကွယ်ပေးမှု ခိုင်မာရုံတစ်ခုတည်းဖြင့် ဆွဲဆောင်နိုင်မည် မဟုတ်သော်လည်း အဆိုပါအချက်သည် ရင်းနှီးမြှုပ်နှံသူအများ စုအနေဖြင့် နိုင်ငံတစ်နိုင်ငံတွင် ရင်းနှီးမြှုပ်နှံရန် ထည့်သွင်းစဉ်းစားသည့် အချက်များတွင် တစ်ခုအပါအဝင်ဖြစ်ပါသည်။

၂။ အသိဉာဏ်ပစ္စည်းများ အကာအကွယ်ပေးနိုင်မှု အားကောင်းလာခြင်းသည် ရှင်းလင်းတိကျမှု မရှိသည့် ဥပဒေစနစ်မှ ပွင့်လင်းမြင်သာသည့် ဥပဒေစနစ်ဆီသို့ ပြောင်းလဲနေကြောင်း၊



ပွင့်လင်းမြင်သာမှုမရှိသည့် ထုတ်ပြန်ချက်များမှသည် ဘက်လိုက်မှုမရှိသော စီးပွားရေးဆိုင်ရာဥပဒေများ ဖော်ဆောင်နေကြောင်းနှင့် လာဘ်ပေးလာဘ်ယူမှုမှသည် အဂတိတရားကင်းရှင်းမှုသို့ ပြောင်းလဲနေကြောင်း သိသာစေသည့်အချက်ပင်ဖြစ်ပါသည်။ ထိုအချက်သည်ပင် နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာအောင် ဆွဲဆောင်လျက်ရှိနေပါသည်။[1]

၃။ ထို့အပြင် အသိဉာဏ်ပစ္စည်းများ အကာအကွယ်ပေးနိုင်ခြင်းသည် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုအား မြှင့်တင်ပေးနိုင်သည့် အချက်များတွင် အဓိကအခန်းကဏ္ဍမှ ပါဝင်လျက်ရှိပါသည်။ Microeconomic Level တွင် ရင်းနှီးမြှုပ်နှံသူ (သို့မဟုတ်) တီထွင်သူမှ ၎င်း၏ ကုန်ပစ္စည်းများ ဈေးကွက်အတွင်းသို့ ဝင်ဆန့်နိုင်အောင် ရင်းနှီးမြှုပ်နှံခဲ့သည့် အချိန်နှင့်ငွေများအတွက် ကာမိစေရန် အသိဉာဏ်ပစ္စည်းများ အကာအကွယ်ပေးခြင်းအားဖြင့်လည်းကောင်း၊ Macreconomic Level တွင် ပြည်တွင်းတီထွင်ဆန်းသစ်မှုကို အားပေးခြင်းနှင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုများ ဖိတ်ခေါ်နိုင်ခြင်းအားဖြင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို မြှင့်တင်စေနိုင်ပါသည်။ ထို့အပြင် Intellectual Property System သည် ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် ဖွံ့ဖြိုးပြီးနိုင်ငံများ၏ စီးပွားရေးလုပ်ငန်းများတွင်လည်း ဝင်ဆန့်စေနိုင်ပါသည်။[2]

## အသိဉာဏ်ပစ္စည်းများ အကာအကွယ်ပေးနိုင်မှု အားကောင်းခြင်း၏ အကျိုးကျေးဇူးများ

၄။ ရင်းနှီးမြှုပ်နှံသူများသည် ၎င်းတို့၏ ပိုင်ဆိုင်မှုအခွင့်အရေးများကို အကာအကွယ်ပေးသည့် ဥပဒေများ ခိုင်မာမှုရှိသည့် နိုင်ငံများတွင်သာ ရင်းနှီးမြှုပ်နှံရန် စဉ်းစားလေ့ရှိကြပြီး Intellectual Property Law ခိုင်မာမှုမရှိသည့် နိုင်ငံများတွင် ၎င်းတို့၏ကုန်ပစ္စည်းများ ထုတ်လုပ်လေ့မရှိကြပါ။ အဘယ်ကြောင့်ဆိုသော် Intellectual Property Law ခိုင်မာမှုမရှိသည့် နိုင်ငံများအနေဖြင့် မူလ ကုန်အမှတ်တံဆိပ်၏ ဂုဏ်သတင်းကျော်ဇောမှုနှင့် အရည်အသွေးကို ထိခိုက်စေသည့် အတုအပများ ထုတ်လုပ်နေမှုကို အကာအကွယ်ပေးနိုင်မှု အားနည်းခြင်း/ မရှိခြင်းတို့ကြောင့် အတုအပများ ဈေးကွက်တွင် ဝင်ရောက်နေရာယူပါက ၎င်းတို့၏ ဂုဏ်သိက္ခာကျဆင်းစေရုံသာမက လုပ်ငန်းအတွက် အရှုံးများစွာ ပေါ်ပေါက်စေမည် ဖြစ်ပါသည်။ ထိုကဲ့သို့ အတုအပအန္တရာယ်များကြောင့် အသိဉာဏ်ပစ္စည်းပိုင်ဆိုင်သူများသည် ၎င်းတို့၏အသိဉာဏ်ပစ္စည်းပိုင်ဆိုင်ခွင့်ကို အကာအကွယ်ပေးနိုင်မှုအားနည်းသည့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ၎င်းတို့၏ နည်းပညာမြင့်ထုတ်ကုန်များကို ဈေးကွက်ချဲ့ထွင်လိုစိတ် နည်းကြသည်။ ထို့ကြောင့် IP Rights အကာအကွယ်ပေးနိုင်မှု အား ကောင်းခြင်းသည် ထုတ်လုပ်သည့် ကုန်ပစ္စည်းများပြည်ပသို့ တင်ပို့နိုင်စွမ်းရည်ကို မြှင့်တင်ပေး နိုင်ရုံသာမက IP-intensive Industry တွင် ရင်းနှီးမြှုပ်နှံသူများအတွက် ၎င်းတို့၏ ပိုင်ဆိုင်မှု အခွင့်အရေးများ လုံခြုံစိတ်ချရမှုနှင့် အာမခံမှုကိုလည်း ပေးစွမ်းနိုင်ပါသည်။

၅။ Intellectual Property Law ခိုင်မာမှုရှိပါက စီးပွားရေးလုပ်ငန်းများအနေဖြင့် ၎င်းတို့ကြုံတွေ့ရနိုင်သည့် အန္တရာယ်များကို ကြိုတင်ခန့်မှန်းနိုင်သည့်အတွက် ထိုကဲ့သို့သောနေရာဒေသတွင် လုပ်ငန်းများကို ပိုမိုချဲ့ထွင်လိုကြသည်။ အတွေးအခေါ် အယူအဆတီထွင်မှု တစ်ခုအား ဈေးကွက်အတွင်းသို့ ချပြနိုင်ရန်အတွက် အချိန်၊ ကြိုးစားအားထုတ်မှုနှင့် ကုန်ကျစရိတ်များစွာ လိုအပ်ပါသည်။[3] Intellectual Property Law ခိုင်မာမှုသည် စွန့်ဦးတီထွင်သူအား ၎င်း၏ ကြိုးစားအားထုတ်မှုကို ခိုင်မာစွာ အကာအကွယ်ပေးခြင်းဖြင့် တီထွင်ဆောင်ရွက်မှုများကို အားပေးရန်နှင့် အတုအပထုတ်လုပ်သူ၊ မသမာသူများ မရှိခြင်း

1 The role of Intellectual Property Rights

2 Nathan Associates Inc., Intellectual Property and Developing Countries

3 Nathan Associates Inc., Intellectual Property and Developing Countries

ဖြင့် စီးပွားရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ရိုးသားဖြောင့်မတ်စွာနှင့် မျှတစွာ ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာစေမည် ဖြစ်ပါသည်။

၆။ နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံသူများ ဝင်ရောက်လာခြင်းဖြင့် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာပြီး ထိုမှတစ်ဆင့် ကျွမ်းကျင်လုပ်သားများဖြစ်အောင် သင်ယူလေ့လာနိုင်ပါက Home-grown Technology များ ဖန်တီးပေးနိုင်သည့် ပညာတတ် လူ့အသိုင်းအဝိုင်းတစ်ခု ဖော်ဆောင်နိုင်မည် ဖြစ်ပါသည်။ ထို့အပြင် ပြည်ပသို့ ပို့ကုန်တင်ပို့မှု တိုးမြင့်ခြင်းအားဖြင့် နိုင်ငံခြားဝင်ငွေရရှိကာ အခွန်ဘဏ္ဍာများရရှိပြီး ပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

## သုတေသနတွေ့ရှိချက်များ

၇။ ဖွံ့ဖြိုးဆဲနိုင်ငံ ၄၄ နိုင်ငံအား လေ့လာခဲ့ရာတွင် IPR နှင့် FDI မှာ တိုက်ရိုက်ဆက်စပ်လျက် ရှိကြောင်းနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများအား ကာကွယ်ပေးနိုင်မှုအားကောင်းပါက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု ပိုမိုစီးဝင်လာလေ့ရှိကြောင်း တွေ့ရှိခဲ့ရသည်။ ထို့အတူ ကုန်သွယ်မှု ပိုမိုပွင့်လင်းသော စီးပွားရေးစနစ်တွင် အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေး ကာကွယ်မှုသည် ပိုမိုအကျိုးရှိစေကြောင်း တွေ့ရှိခဲ့ရသည်။ [4]

၈။ TRIPS သဘောတူညီချက်သို့ ဝင်ရောက်ပြီးနောက်ပိုင်း အသိဉာဏ်ပစ္စည်းဆိုင်ရာအခွင့် အရေးများအား ကာကွယ်ပေးနိုင်မှု အားကောင်းပါက နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုမှာ ပိုမိုများပြားလေ့ရှိကြောင်း လေ့လာတွေ့ရှိခဲ့သည်။ သို့သော်သက်ရောက်မှုအတိုင်းအတာမှာ နိုင်ငံ၏ ဖွံ့ဖြိုးမှုအဆင့်ပေါ် မူတည်လျက်ရှိပြီး နိုင်ငံ၏ ယဉ်ကျေးမှုနှင့် အဖွဲ့အစည်းဆိုင်ရာ အရည်အသွေးများအပေါ်လည်း မူတည်လျက်ရှိသည်။ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများတွင် သက်ရောက်မှု ပိုမိုများပြားလေ့ရှိပြီး အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများအား ကာကွယ်ပေးနိုင်မှု ဒုတိယအနည်းဆုံးဖြစ်သော ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဒုတိယအများဆုံး သက်ရောက်လျက်ရှိသည်။[5]

၉။ အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများ အားနည်းသည့်နိုင်ငံများသို့နည်းပညာအသစ်များ လွှဲပြောင်းလိမ့်မည်မဟုတ်ကြောင်း စက်မှုလုပ်ငန်းများနှင့် ဓာတုပစ္စည်းများထုတ်လုပ်သော လုပ်ငန်းများကို လေ့လာဆန်းစစ်ချက်တွင် ဖော်ပြထားသည်။ ထို့အပြင် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေများ အားကောင်းခြင်းဖြင့် နည်းပညာအထူးပြုကုန်စည်များ၏ ဈေးနှုန်းများလည်း မြင့်တက်စေပြီး ဖွံ့ဖြိုးပြီးနိုင်ငံများအတွင်းသို့ နည်းပညာအထူးပြုထုတ်ကုန်များ ထုတ်လုပ်သောလုပ်ငန်းများ၏ ဈေးကွက်လည်း ပိုမိုချဲ့ထွင်နိုင်ကြောင်း တွေ့ရှိခဲ့သည်။[6]

၁၀။ အမေရိကန်နိုင်ငံရှိ လုပ်ငန်း ၁၀၀ အား ဆန်းစစ်ခဲ့ရာတွင် IP Rights အကာအကွယ် ပေးမှုသည် ရင်းနှီးမြှုပ်နှံရန် နေရာဒေသရွေးချယ်ရာတွင် ထည့်သွင်းဆုံးဖြတ်သည့် အချက်များတွင် တစ်ခုအပါအဝင်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ အထူးသဖြင့် နည်းပညာမြင့်မားစွာ အသုံးပြုထားသည့် လုပ်ငန်းများနှင့် နည်းပညာလွှဲပြောင်းပေးနိုင်ရန် အလားအလာများသော ရင်းနှီးမြှုပ်နှံမှုများအနေဖြင့် ရင်းနှီးမြှုပ်နှံရန် နေရာဒေသရွေးချယ်ရာတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများ ခိုင်မာမှု ရှိ၊ မရှိအပေါ် မူတည်၍ ရွေးချယ်ကြောင်း ဖော်ပြထားသည်။[7]

၁၁။ IP-intensive Industry တွင် လုပ်ဆောင်သော ဝန်ထမ်းများသည် Non-IP Industry တွင် လုပ်ဆောင်သော ဝန်ထမ်းများထက် ၄၆ ရာခိုင်နှုန်း ဝင်ငွေပိုမိုများပြားကြောင်း တွေ့ရှိခဲ့ရသည်။ ထို့အတူ IPR Index 1 Point တိုးခြင်းဖြင့် အမေရိကန်ဒေါ်လာ ၁.၅ ဘီလီယံရရှိနိုင်ကြောင်း တွေ့ရှိခဲ့သည်။

4 Lesser (2002)

5 Park and Lippoldt (2003)

6Mansfield(1994)

7Nathan Associates Inc., Intellectual Property and Developing Countries

## မြန်မာနိုင်ငံနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေများ ပြဋ္ဌာန်းနိုင်မှုအခြေအနေ

၁၂။ မြန်မာနိုင်ငံအနေဖြင့် ၁၉၉၄ ခုနှစ်တွင် World Trade Organization (WTO) သို့ ဝင်ရောက်ခဲ့ပြီး ၂၀၀၁ ခုနှစ်တွင် World Intellectual Property Origanization -WIPO အဖွဲ့ဝင်ဖြစ်လာခဲ့သည်။ WTO သို့ ဝင်ရောက်သည့် နိုင်ငံတိုင်းသည် Trade-Related Aspects of Intellectual Property Rights (TRIPS) Agreement ပါ ပြဋ္ဌာန်းချက်များကို လိုက်နာရန် တာဝန်ရှိပါသည်။ ထို့အတူ မြန်မာနိုင်ငံအနေဖြင့် အာဆီယံအဖွဲ့ဝင်ဖြစ်သည့် အားလျော်စွာ The ASEAN Framework Agreement on Intellectual Property ကိုလိုက်နာရန်လည်း တာဝန်ရှိပါသည်။

၁၃။ မြန်မာနိုင်ငံအနေဖြင့် TRIPS Agreement ပါ ပြဋ္ဌာန်းချက်နှင့်အညီ ၂၀၂၁ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့မတိုင်မီ အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ အကာအကွယ်ပေးနိုင်မည့် ဥပဒေများပြဋ္ဌာန်းပေးရန်လည်း လိုအပ်ပါသည်။ မြန်မာနိုင်ငံတွင် အသိဉာဏ်ပစ္စည်းမူပိုင်ခွင့် ဥပဒေများကို ပြဋ္ဌာန်းနိုင်မှုအခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ဥပဒေအမည် | သက်တမ်းကာလ | မှတ်ချက် |
|---|---|---|---|
| (က) | စက်မှုဒီဇိုင်း မူပိုင်ခွင့်ဥပဒေ Industrial Design Law | မူလ၅ နှစ်+ သက်တမ်းတိုး (၂) ကြိမ် ၅ နှစ်စီ | ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၂) (၃၀-၁-၂၀၁၉) |
| (ခ) | ကုန်အမှတ်တံဆိပ် မူပိုင်ခွင့်ဥပဒေ Trademark Law | ၁၀ နှစ် | ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃) (၃၀-၁-၂၀၁၉) |
| (ဂ) | တီထွင်မှု မူပိုင်ခွင့်ဥပဒေ Patent Law | ၂၀ နှစ် (အသေးစားတီထွင်မှုအတွက် ၁၀ နှစ်) | ဆောင်ရွက်ဆဲ |
| (ဃ) | စာပေနှင့်အနုပညာ မူပိုင်ခွင့်ဥပဒေ Copyright Law | မူလလက်ရာရှင် သက်ရှိထင်ရှားရှိစဉ်ကာလ နှင့် ၄င်းသေဆုံးပြီးနောက် နှစ် ၅၀ | ဆောင်ရွက်ဆဲ |

## အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများပြဋ္ဌာန်းမှု၏ သက်ရောက်မှုများ

### စင်ကာပူနိုင်ငံ

၁၄။ စင်ကာပူနိုင်ငံသည် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများ ကာကွယ်ပေးနိုင်မှုအနေဖြင့် ကမ္ဘာ့အကောင်းဆုံးများထဲတွင် တစ်ခုအပါအဝင် ဖြစ်ပါသည်။ စင်ကာပူနိုင်ငံကဲ့သို့ သယံဇာတနည်းပါးသည့်နိုင်ငံငယ်အတွက် ကမ္ဘာ့အင်အားကြီးနိုင်ငံများနှင့် ယှဉ်ပြိုင်၍ ရင်းနှီးမြှုပ်နှံမှုများ ဆွဲဆောင်နိုင်ခဲ့သည့် အချက်များထဲတွင် အသိဉာဏ်ပစ္စည်းဆိုင်ရာ အခွင့်အရေးများ ကာကွယ်မှု အားကောင်းခြင်းသည်လည်း တစ်ချက်အပါအဝင်ဖြစ်ပါသည်။ စင်ကာပူနိုင်ငံအနေဖြင့် The Copyright Act 1968 နှင့် The Patents (Compulsory Licensing) Act 1969 စသည့် IP Laws (၂) ခုကို ပြဋ္ဌာန်းခဲ့ပါသည်။ ထိုသို့ ပြဋ္ဌာန်းပြီးနောက်ပိုင်းတွင် စင်ကာပူနိုင်ငံအနေဖြင့် နိုင်ငံခြားတိုက်ရိုက်ရင်းနှီးမြှုပ်နှံမှု အများအပြားသာမက အရည်အသွေးပြည့်ဝသည့် နိုင်ငံစုံလုပ်ငန်းကြီးများကိုလည်း ဆွဲဆောင်နိုင်ခဲ့သည်။ အထူးသဖြင့် နည်းပညာနှင့် တီထွင်ဆန်းသစ်မှုမြင့်မားသည့် လုပ်ငန်းကြီးများကို ဆွဲဆောင်နိုင်ခဲ့သည်။ ထိုလုပ်ငန်းများမှ လစာကောင်းကောင်းရရှိသည့် အလုပ်အကိုင်များ ဖော်ဆောင်ပေးခဲ့သည့်အပြင် အလုပ်သမားများ၏ ကျွမ်းကျင်မှုကိုလည်း မြင့်တက်စေခဲ့သည်။ ထို့အပြင် ၂၀၁၃ ခုနှစ်တွင် ဥပဒေပညာရှင်များ၊ အတိုင်ပင်ခံများနှင့် Patent and Trademark ကိုယ်စားလှယ်များ စုစုပေါင်း အလုပ်အကိုင်အသစ် ၃၀၀ ကျော် ဖန်တီးပေးနိုင်ခဲ့သည်။ အကျိုးရလဒ်ကောင်းအနေဖြင့် ဆေးဝါးထုတ်လုပ်မှုလုပ်ငန်းများမှာ ၂၁.၅ ရာခိုင်နှုန်းမှ ၃၂.၄ ရာခိုင်နှုန်းသို့လည်းကောင်း၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု စီးဝင်မှုမှာ ၂၇.၃ ရာခိုင်နှုန်းသို့လည်းကောင်း မြင့်တက်ခဲ့သည်။ 8

8 Lee Kuan Yew School of Public Policy, The Development of Singapore's Intellectual Property Rights Regime

## ထိုင်းနိုင်ငံ

၁၅။ ထိုင်းနိုင်ငံအနေဖြင့် ၂၀၀၉ ခုနှစ်တွင် Creative Thailand Policy ကိုချမှတ်ခဲ့ပြီး နိုင်ငံ့ GDP ၏ ၂၀ ရာခိုင်နှုန်းကို Thailands Creative Industries ဖြစ်စေရန် ရည်မှန်းထားသည့်အပြင် Creative Hub of ASEAN ဖြစ်လာရန်အတွက် ရည်ရွယ်လျက်ရှိပါသည်။ ထိုင်းနိုင်ငံအနေဖြင့် Patent Law ကို ၁၉၇၉ ခုနှစ်တွင် စတင်ပြဋ္ဌာန်းခဲ့ပြီး ၁၉၉၂ ခုနှစ်တွင် ထပ်မံပြင်ဆင် ခဲ့သည်။ TRIPS သဘောတူညီချက်သို့ ဝင်ရောက်ပြီး နောက်ပိုင်းတွင် ပို့ကုန်မှာ ၃.၄ ရာခိုင်နှုန်းနှင့် သွင်းကုန်မှာ ၄.၇ ရာခိုင်နှုန်း အသီးသီး မြင့်တက်ခဲ့သည်။ 9

## ဗီယက်နမ်နိုင်ငံ

၁၆။ ဗီယက်နမ်နိုင်ငံအနေဖြင့် IP Law အပြင် IP Law နှင့်သက်ဆိုင်သည့် ဥပဒေများကိုလည်း ပြဋ္ဌာန်းခဲ့သည့်အပြင် IP နှင့် စပ်လျဉ်းသည့် အရေးကြီးသော သဘောတူညီချက်များဖြစ်သည့် Stockholm Convention, Paris Convention, Madrid Agreement, PCT, Bern Convention, TRIPs, Rome Convention and Lahay Convention တို့တွင် ဝင်ရောက်ခဲ့ပြီး အမေရိကန်နိုင်ငံအပြင် အခြားအင်အားကြီးကမ္ဘာ့နိုင်ငံများနှင့် နှစ်နိုင်ငံသဘောတူညီချက် စာချုပ်များချုပ်ဆိုခဲ့သည်။ ဗီယက်နမ်နိုင်ငံအနေဖြင့် IP နှင့်စပ်လျဉ်း၍ ဥပဒေဆိုင်ရာ ပြောင်းလဲမှုများကို ၁၉၈၁ ခုနှစ်၊ ၁၉၈၉ ခုနှစ်၊ ၁၉၉၅ ခုနှစ်နှင့် ၂၀၀၅ ခုနှစ်တို့တွင် ပြုလုပ်ခဲ့သည်။ သို့သော် ၂၀၀၅ ခုနှစ်တွင် ပြုလုပ်ခဲ့သော ပြောင်းလဲမှုမှာ သိသာစွာ အကျိုးသက်ရောက်မှုရှိခဲ့သည်။ ၂၀၀၅ ခုနှစ် နောက်ပိုင်းတွင် ပြည်တွင်းတီထွင်မှုဆိုင်ရာ မှတ်ပုံတင်လျှောက်ထားမှုမှာ ၂၀၀၄ ခုနှစ်နှင့် နှိုင်းယှဉ်ပါက ၈၀ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ ထို့သို့ တီထွင်ဆန်းသစ်လာမှုနှင့်အတူ ဈေးကွက်အတွင်း ယှဉ်ပြိုင်နိုင်စွမ်း မြင့်မားလာကာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ကောင်းကျိုးများ ရရှိစေခဲ့သည်။ 10

## မူဝါဒဆိုင်ရာအကြံပြုချက်များ

၁၇။ မြန်မာနိုင်ငံတွင် အသိဉာဏ်ဆိုင်ရာဥပဒေများ ပြဋ္ဌာန်းရာတွင် အောက်ပါအတိုင်း ဆောင်ရွက်နိုင်ပါရန် အကြံပြုအပ်ပါသည်-

၁။ မြန်မာနိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံဖြင့် IP Law အားကောင်းပါက အစပိုင်းတွင် လက်ရှိ IP-Intensive ကုန်ပစ္စည်းများ၏ ဈေးနှုန်းများမြင့်တက်ပြီး ငွေကြေးဖောင်းပွကာ စီးပွားရေးတိုးတက်မှုကို အချိန်အတန့်ကြာ နှေးကွေးစေသော်လည်း ရေရှည်တွင် ရင်းနှီးမြှုပ်နှံသူများ၏ ယုံကြည်မှုရှိမြင့်မားကာ နိုင်ငံအတွင်း ရင်းနှီးမြှုပ်နှံမှုများ ပိုမိုဝင်ရောက်လာမည်ဖြစ်သည့်အတွက် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများကို ခိုင်မာကောင်းမွန်အောင် ဆောင်ရွက်သင့်ပါသည်။

၂။ အသိဉာဏ်ပစ္စည်းဆိုင်ရာဥပဒေများ ပြဋ္ဌာန်းပြီးသော်လည်း တီထွင်ဆန်းသစ်သူ၊ ထုတ်လုပ်သူတို့၏ ကုန်ကျစရိတ်နှင့် ဂုဏ်သတင်းကျော်ဇောမှုတို့အပေါ် ထိရောက်စွာ ကာကွယ်နိုင်ခြင်းမရှိသည့် ပြစ်ဒဏ်များ ချမှတ်ခြင်း၊ ထိရောက်သော စောင့်ကြည့်လေ့လာမှုမရှိခြင်းနှင့် အသိဉာဏ်ပစ္စည်းဆိုင်ရာ ဥပဒေများနှင့် စပ်လျဉ်း၍ အများပြည်သူသိရှိအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းနှင့် ဥပဒေအတိုင်း အပြည့်အဝ ထိရောက်စွာ အရေးယူ ဆောင်ရွက်နိုင်ခြင်း မရှိပါက IP Law ပြဋ္ဌာန်းပြီးသော်လည်း ကောင်းကျိုးများ အပြည့်အဝရရှိနိုင်မည် မဟုတ်ကြောင်း ထည့်သွင်းစဉ်းစားသင့်ပါသည်။

၃။ အမေရိကန်နိုင်ငံရှိ လုပ်ငန်းများ၏ အသားတင်တန်ဖိုး ၆၀ ရာခိုင်နှုန်းမှာ IP Asset များဖြစ်ပြီး ဥရောပရှိ လုပ်ငန်းများ၏ အသားတင်တန်ဖိုး ၃၃ ရာခိုင်နှုန်းနှင့်အထက်မှာ IP Asset များဖြစ်ပါသည်။[11] ထို့ကြောင့် ၎င်းတို့၏ အဓိက အကျိုးကျေးဇူးကို လုံလောက်စွာ အကာအကွယ်

9Lesser W. The effects of intellectual property rights on foreign direct investment and imports into developing countries in the post TRIPs era. IP Strategy Today. 2002;5:1–15.

10Nguyen Phuong Mai, Impact of the Intellectual Property System on Economic Growth

11David Hindman, The effect of Intellectual Property Regimes on Foreign Direct Investments in Developing Economies

ပေးနိုင်မှသာ အနောက်နိုင်ငံများရှိ လုပ်ငန်းကြီး များကို ဆွဲဆောင်နိုင် မည်ဖြစ်ပါသည်။ မြန်မာနိုင်ငံအနေဖြင့် နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံ မှုများကို လုပ်အားခ သက်သာမှု၊ သယံဇာတ ကြွယ်ဝမှု၊ ဈေးကွက်ကြီးမားမှု၊ အချက်အချာကျမှုတို့အပြင် ရင်းနှီးမြှုပ်နှံသူများအတွက် အခွန်ကင်းလွတ်ခွင့်ဆိုင်ရာ မက်လုံးများပေးခြင်းဖြင့် ဆွဲဆောင်နေသော်လည်း မိမိတို့ ဖိတ်ခေါ်လိုသည့် ရင်းနှီး မြှုပ်နှံသူ၏ Corporate Strategy ကိုလည်း ထည့်သွင်း စဉ်းစားသင့်ပါသည်။

၄။ တီထွင်ဆန်းသစ်မှုကို ထောက်ပံ့ပေးနိုင်သည့် ပတ်ဝန်းကျင်၊ နိုင်ငံ၏လူမှုရေး၊ စီးပွားရေးနှင့် နည်းပညာ ဖွံ့ဖြိုးမှုပေါ် မူတည်နေသူအားလုံးအတွက် အကျိုးကျေးဇူး ရရှိစေပြီး အများပြည်သူ၊ ရင်းနှီးမြှုပ်နှံသူနှင့် ဆန်းသစ် တီထွင်သူများ၏အကျိုး စီးပွားအကြား ဘက်ညီမျှတစေမည့် Intellectual Property နှင့်စပ်လျဉ်းသည့် မူဝါဒများ ချမှတ်ရန်လည်း လိုအပ်ပါသည်။

## နိဂုံး

၁၈။ မြန်မာနိုင်ငံအနေဖြင့် နည်းပညာနှင့် တီထွင် ဆန်းသစ်မှုမြင့်မားသည့် High-tech Industries များကို ဆွဲ ဆောင်နိုင်ရန်အတွက် Intellectual Property Law သည် အလွန်အရေးပါလျက်ရှိနေပါသည်။ IP Law သည် မြန်မာ နိုင်ငံကဲ့သို့ ဖွံ့ဖြိုးဆဲနိုင်ငံအတွက်သာမက ဖွံ့ဖြိုးပြီးနိုင်ငံများ အတွက်လည်း အရေးပါသည့်အခန်းကဏ္ဍတွင် ရပ်တည် လျက်ရှိပါသည်။ အဓိကအကြောင်းများမှာ တီထွင်ဆန်းသစ် မှုအတွက် အာမခံပေးခြင်း၊ စီးပွားရေးအသိုက်အဝန်းအတွက် ကုန်ထုတ်စွမ်း အားတိုးမြင့်စေခြင်း၊ နည်းပညာလွှဲပြောင်း ပေးနိုင်ခြင်း၊ ပြည်ပသို့ ပို့ကုန်များတင်ပို့မှုမြင့်တင်ပေး ခြင်း၊ ကုန်သွယ်မှုတိုးတက်စေခြင်း၊ နိုင်ငံခြားတိုက်ရိုက် ရင်းနှီးမြှုပ်နှံမှု တိုးတက်စေခြင်းတို့ဖြစ်ပါသည်။ [12] ထို့မှ တစ်ဆင့် ပြည်ပဝင်ငွေပိုမိုရရှိကာ နိုင်ငံတော်အတွက် အခွန် အခများ ပိုမိုကောက်ခံ ပေးနိုင်ခြင်းအားဖြင့် ပြည်သူများ၏ လူမှုစီးပွားဘဝ သာယာဝပြောအောင် ဆောင်ရွက်ပေးနိုင်ရုံ သာမက ကုန်ပစ္စည်းများကို တုပရောင်းချသော မသမာသူ များမရှိသည့် လူမှုဝန်းကျင်ကောင်းတစ်ခုဖြစ်ပြီး တရား မျှတစွာ ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေးစနစ်ကို ဖော် ဆောင်ပေးနိုင်ခြင်းဖြင့် ရေရှည်တည်တံ့သော စီးပွားရေး ဝန်းကျင်ကောင်းကို ရရှိစေနိုင်မည်ဖြစ်ကြောင်း သုံးသပ်ရ ပါ သည်။

## ကိုးကားစာရင်း

၁။ Adams Samuel, Intellectual Property Rights, Investment Climate and FDI in Developing Countries
၂။ BeataSmentarzynskaJavorcik, The World Bank, Foreign Direct Investment, Technology Transfer and Protection of Intellectual Property Rights
၃။ David Hindman, The effect of Intellectual Property Regimes on Foreign Direct Investments in Developing Economies
၄။ Dr. Moe MoeThwe, Deputy Director General, Intellectual Property Rights Department, The ongoing process for the ratification of the four intellectual property laws
၅။ Nguyen Phuong Mai, Impact of the Intellectual Property System on Economic Growth
၆။ Keith E. Maskus, Intellectual Property Rights and Foreign Direct Investment
၇။ Lee Kuan Yew School of Public Policy, The Development of Singapore's Intellectual Property Rights Regime
၈။ Martin Falk, Impact of Intellectual Property tax

12 TalbarSabanna, Intellectual Property Rights and Economic Development

regime on FDI activities at the city level

၉။ Michael A. Klein, Foreign Direct Investment and Collective Intellectual Property in Developing Countries

၁၀။ Muhammad Arshad, Intellectual Property Rights and Foreign Direct Investment: Analysis of 14 South and South East Asian Countries, 1970-2005

၁၁။ Nae Win Aung, Intellectual Property Rights (IPRs) in Myanmar – Why Bother during this Transition Phase?,https://www.linkedin.com/pulse/intellectual-property-rights-iprs-myanmar-why-bother-during-aung

၁၂။ Nathan Associates Inc., Intellectual Property and Developing Countries

၁၃။ Peter K. Yu, Intellectual Property, Foreign Direct Investment and the China Exception

၁၄။ Talbar Sabanna, Intellectual Property Rights and Economic Development

၁၅။ Vairaj ArMune, Intellectual Property Rights Protection and Technology Transfer in Developing Countries: Foreign Direct Investment & Domestic Technological Capabilities as Indicators

၁၆။ Walter G. Park, Intellectual Property Rights and Foreign Direct Investment: Lessons for Central America



# ဘဝအတွေ့တွေ (၁၁)

## |ကျော်ဒွန်း၊ ညွှန်ကြားရေးမှူး (ငြိမ်း)|

[ခေတ်အဆက်ဆက် နိုင်ငံတာဝန်များကို ထမ်းဆောင်ခွင့်ရသော စီးပွားရေးတက္ကသိုလ်မှ ဘွဲ့ရသူများကို ဤစာစဉ်ဖြင့် ဂုဏ်ပြုအပ်ပါသည်။]

### အတွေ့အကြုံ (၃)

၂၀၀၁ -၂၀၀၂ ကာလများမှာ မြန်မာနိုင်ငံသား အထည်ချုပ်လုပ်ငန်းများ၊ တိုးတက်လာချိန်ဖြစ်သည်။ လက်ခစား CMP စနစ် အထည်ချုပ်ဆိုတော့၊ ကုန်ကြမ်း CUSTOM DUTY FREE နဲ့ သွင်းခွင့်ရတယ်။ ပြဿနာက ကုန်ကြမ်းအားလုံးအသုံးပြုပြီး ကုန်ချောအားလုံး ပြန်လည်မတင်ပို့ကြခြင်းဖြစ်သည်။ ဒါကြောင့် CMP ကုန်ကြမ်း၊ ကုန်ချောအချိုးအစားသိရှိရန် MIC ဥက္ကဋ္ဌ၊ ဝန်ကြီး ဦးသောင်းက ကွင်းဆင်းစစ်ဆေးခိုင်းပါသည်။ ဝန်ကြီးက DSA ပထမအသုတ်၊ စံပြကျောင်းသားဆုရနာမည်ကြီး ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။ MD, သံအမတ်တာဝန်များ ထမ်းဆောင်ခဲ့သူဖြစ်၍ စည်းကမ်းအလွန်ကြီးသူဖြစ်သည်။ ခရီးထွက်ရင် ကိုယ်ပိုင်ထမင်းချိုင့်နဲ့ ကြုံရာလက်ဖက်ရည်ဆိုင်မှာဝင်ပြီး ထမင်းထိုင်စားသည့်သူ။

လုပ်ငန်းရှင်များထံမှ လက်ဆောင်လုံးဝလက်မခံ သူ၊ မိမိတို့သီတင်းကျွတ်ကန်တော့တာကို အသီးအနှံအထူးသဖြင့် ငှက်ပျောသီးနဲ့သာ ကန်တော့ရန် ညွှန်ကြားထားသည်။

လှိုင်သာယာစက်မှုဇုန်မှာ CMP အထည်ချုပ်လုပ်ငန်းများ သွားရောက်စစ်ဆေးရန် မှာကြားရာ၌ လုပ်ငန်းရှင်ကျွေးသော အစားအသောက်မစားရန်၊ ရေလည်းမသောက်ရန် မှာကြားပြီး ၎င်း၏အိတ်ထဲမှ နေ့တွက်စရိတ်ထုတ်ပေးပါတယ်။ စက်ရုံတစ်ရုံပြီးတစ်ရုံ ရှာဖွေ စစ်ဆေးစစ်တမ်းကောက်ရတာ မွန်းလွဲ(၁) နာရီအထိ ထမင်းမစားရသေး။ ထမင်းဆိုင်တွင် ဧည့်ခံရန် စီစဉ်ထားသည်၊ မိမိတို့က ဝန်ကြီးမှာတာကိုပြောပြတယ်။ လုပ်ငန်းရှင်က ဝန်ကြီးမှာတာက ထမင်းမစားရန်၊ ရေမသောက်ရန် လက်ဆောင်မယူရန် ပြောတာပဲ။ အစာအိမ်ရောဂါမဖြစ်ရန် ကိတ်မုန့်နှင့် ကော်ဖီတော့သောက်ပါဟု ပြောသည်။

## အတွေ့အကြုံ (၄)

နေပြည်တော် ရောက်ခါစ (၂၀၀၆) Myanmar Investment Commission (MIC)အစည်းအဝေးကျင်းပမည့် သိပ္ပံနှင့်နည်းပညာဝန်ကြီးရုံးသို့ သွားရသည်။ ကားမရှိတော့ သုံးဘီးငှားသွားသည်။ အစည်းအဝေး FILE တွေကို မြွေရေခွံအိတ်မှာ ထည့်သွားကြသည်။ ဝန်ကြီးက ရုံးပေါ်ကနေ ကြည့်နေတယ်။ မိမိတို့ရုံးပေါ်ရောက်တော့ ရုံးအဖွဲ့မှူးကို ခေါ်ပြောတယ်။ MIC အဖွဲ့အတွက် ကားအသွားအပြန် စီစဉ်ပေးရန် နေ့လည်ထမင်းကျွေးရန် မှာကြားသည်။

တစ်နေ့မှာ MIC အစည်းအဝေးကျင်းပရန် အဖွဲ့ဝင်ဝန်ကြီးများစုံနေပြီ၊ ဥက္ကဋ္ဌက စစ်ရုံးသွားနေသည်၊ အချိန်မီ ပြန်မရောက်ပါ၊ မိမိတို့ကဝန်ကြီးများအား လက်ဖက်သုပ်၊ ရေနွေးကြမ်း၊ ကော်ဖီဖြင့် အမျိုးမျိုးဧည့်ခံနေရသည်။

(၁၂) နာရီခွဲလောက် ဥက္ကဋ္ဌရောက်လာတော့ မိမိတို့ကဆင်းကြိုတယ်။ နောက်ဆင်း မကြိုရန်၊ မိမိအလုပ်သာ ဆက်လုပ်နေရန်ပြောသည်။ အစည်းအဝေးခန်းထဲဝင်ပြီး ညီလေးတို့ရေ (၁၀) မိနစ်လောက်ခွင့်ပြုပါ။ ထမင်းစားရန်ဟု အဖွဲ့ဝင်ဝန်ကြီးများကို တောင်းပန်သည်။ ဝန်ကြီးက သူ့ရုံးခန်းထဲသွားပြီး ကြွေပန်းကန်စောက်တစ်လုံးထဲသို့ ပေါင်းအိုးထဲမှ ထမင်းအနည်းငယ်ထည့်သည်။ နောက် ပဲပေါင်း၊ ဆီ၊ ဆားထည့်ပြီး ဇွန်းဖြင့် မွှေပြီးစားသည်။ ဖီးခြမ်းငှက်ပျောသီးတစ်လုံး စားသည်၊ ရေသောက်သည်၊ အစည်းအဝေးခန်းထဲ ဝင်လာပြီး အစည်းအဝေးစတော့သည်။

## နေပြည်တော်ဘဝ

နေပြည်တော်ရောက်ခါစ ၂၀၀၆၊ ဇန်နဝါရီလ နေစရာတိုက်များ မပြီးသေး၍၊ တိုက်တစ်လုံးတွင် စုထားသည်၊ မိသားစုများလည်းမပါကြတော့ အဆောင်ကဲ့သို့ ဖန်တီးထားသည်။ တစ်ယူနစ်တွင် အိပ်ခန်း (၃) ခန်းပါသည်။ MASTER BED ROOM တွင် ညွှန်ကြားရေးမှူး ဦးဌေးချွန်နှင့် မိမိနေရသည်။ COMMON ROOM နှစ်ခန်းတွင် ဦးစီးအရာရှိ (၂) ဦးစီ၊ ဧည့်ခန်းတွင် ဦးစီးအရာရှိ (၁) ဦး၊ အသီးသီးနေရာချထားသည်။ စားတော့ စုချက်ကြသည်။ ကြီးသူများက ငွေပိုထည့်သူထည့်၊ ပစ္စည်းပံ့ပိုးသူက ပံ့ပိုးကြသည်။ ရုံးပိတ်ရက်မှ ပျဉ်းမနားဈေးသွားဝယ်ကြ၊ မြန်မာထမင်းဆိုင်ရှာဖွေပြီးစားကြရပါသည်။

## ပြောင်းရပြန်ပြီ

ဝန်ထမ်းနေရန် တိုက်အချို့ပြီးသောကြောင့် တစ်ယူနစ်လျှင် (၂) ဦးနှုန်းနေရာချပေးတော့ ပြောင်းရွှေ့ကြရပြန်ပြီ၊ အိပ်ယာလိပ်၊ သေတ္တာတစ်လုံးစီဖြင့် ပြောင်းကြရသည်။ အရာရှိကြီးတစ်ဦးနဲ့ အရာရှိငယ် တစ်ဦးစီတွဲပေးထားသည်။ ထမင်းစုချက်စားရသည်။ ကြက်ဥကြော်လိုက်၊ ဘဲဥကြော်လိုက်ပေါ့၊ ခုတင်တစ်လုံးစီပေးသည်။ ရာထူးကြီးသူကို တိုင်(၄) တိုင် နဲ့ ကျွန်းခုတင်၊ ရာထူးငယ်သူကို သုံးထပ်သား ခေါက်ခုတင်ပေးပါသည်။ ရုံးပြန်နောက်ကျလျှင် ထမင်းဆိုင်သွားစားကြသည်။ တစ်တိုက်လုံးသုံးဖို့ လိုင်းဖုန်းတစ်လုံး တပ်ပေးထားသည်။ ရုံးတက်၊ ရုံးဆင်း အတွက် ဌာနအလိုက် ကြိုပို့ယာဉ်များ စီစဉ်ပေးသည်။ ချက်စားရန် ကြက်ဥဘဲဥဟင်းသီးဟင်းရွက်တို့ကို စက်ဘီးဖြင့် လှည့်ရောင်းသူထံမှ ဝယ်ရသည်။ တစ်ခါတစ်ရံ ဆောက်လုပ်ရေး လုပ်သားများနေသော တဲများသို့ သွား၍ ဈေးဝယ်ရသည်။

## နောက်တစ်ခါပြောင်းရပြန်ပြီ


နောက်ထပ် လေးထပ်တိုက်တွေ ဆောက်ပြီးလို့တဲ့ ပြောင်းရပြန်ပြီ၊ ဒုတိယညွှန်ကြားရေးမှူးဆိုတော့ အိပ်ခန်း (၃) ခန်းပါတဲ့ အခန်းရတယ်။ မိသားစုလိုက်မနေတော့ တစ်ယောက်တည်း အုကြောင်ကြောင် တပည့်တွေကလည်း တစ်တိုက်တည်းဆိုတော့ ရုံးတက်ရုံးဆင်းအတူတူ မိမိရုံးကားနှင့် သွားလာရတော့ စည်းလုံးမှုလည်းရှိတယ်ပေါ့။ တစ်ခါတစ်ရံမဟုတ် အမြဲတမ်းလိုလို ထမင်းစားဖို့မရှိလျှင် အပြင်မသွားချင်လျှင် အပေါ်ထပ်ကနေ လှမ်းအော်လိုက်ရင် တပည့်တွေက ရှိတဲ့ကြက်ဥကိုမရိုးရအောင် မွှေကြော်လိုက်၊ အလုံးလိုက်ကြော်လိုက်နဲ့ လာပို့ကြတယ်။ ကြာတော့ သူတို့ ပဲအလုပ်ရှုပ်လို့လား၊ ဒါမှမဟုတ် ဆရာကောင်းကောင်း မွန်မွန်စားစေချင်လို့လား ဆရာတစ်ယောက်တည်း အပြင်ထွက် အဖော်ရှာသောက်စား၊ KTVသွားမှာစိုးလို့လား မသိပါဘူး၊ ဆရာအိမ် သန့်ရှင်းရေးအဝတ်လျှော်ကိစ္စတွေနဲ့

ပင်ပန်းမှာစိုးလို့လားမသိဘူး၊ မန္တလေးက ECO ဘွဲ့ရလူငယ်တစ်ယောက်ကိုခေါ်လာတယ်။ ဆရာနဲ့အဖော်ရအောင် ခေါ်ထားပါတဲ့။ အလွန်တော်တဲ့ တပည့်တွေ၊ ခုအားလုံး ညွှန်ကြားရေးမှူးတွေ ဖြစ်ကုန်ပြီ။ မိမိကိုလည်း ညွှန်ကြားရေးမှူးဖြစ်ရေးအတွက် အလုပ်တော်တော် လုပ်ပေးကြတယ်။ မိမိ SECTION က အလုပ်လုပ်တာတွေကို လူကြီးတွေက ချီးမွမ်းကြတယ်။ ဒါကြောင့် မိမိညွှန်ကြားရေးမှူးဖြစ်သွားတယ်။

## ညွှန်ကြားရေးမှူးဖြစ်ပြီ

နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများကို ရင်းနှီးမြှုပ်နှံမှုဌာနခွဲ (၁) အား MIC တာဝန်ခံဥက္ကဋ္ဌ ကိုယ်စား၊ ညွှန်ကြားရေးမှူး ဒေါ်မြသူဇာက တာဝန်ယူ ဆောင်ရွက်ပါတယ်။ မြန်မာနိုင်ငံသားများ ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းနှင့် နိုင်ငံပိုင် မြေအဆောက်အဦးငှားရမ်းခြင်းလုပ်ငန်းများကိုရင်းနှီးမြှုပ်နှံမှုဌာနခွဲ (၂) အား ဒုတိယညွှန်ကြားရေးမှူး မိမိက (၂၀၀၇ ခုနှစ်အထိ) တာဝန်ယူဆောင်ရွက်ရပါတယ်။

ထိုစဉ်က နိုင်ငံခြားဌာနခွဲနဲ့ ပြည်တွင်းဌာနခွဲ နှစ်ခုသာရှိပါတယ်။ ဌာနခွဲတစ်ခုချင်းအောက်မှာ အဆိုပြုလွှာစစ်ဆေးခြင်း၊ ပါမစ်ထုတ်ပေးခြင်းတို့ကို ဆောင်ရွက်တဲ့ လုပ်ငန်းညှိနှိုင်းရေးကဏ္ဍ (COORDINATION) အဆိုပြုလွှာများရဲ့ တွက်ချက်မှုကို စစ်ဆေးတဲ့ လုပ်ငန်းစိစစ်ရေးကဏ္ဍ (APPRAISAL) MIC ခွင့်ပြုမိန့်ရရှိပြီးနောက်ပိုင်းကိစ္စတွေ ဆောင်ရွက်ရာတွင် စောင့်ကြည့်လေ့လာရာအကဲဖြတ်ခြင်း (MORNITORING)တို့ဖြစ်ပါတယ်။




## MIC နဲ့ DICA

၁၉၈၈ ခုနှစ်မှစပြီး FOREIGN INVESTMENT COMMISSION (FIC) နဲ့ စတင်ခဲ့တယ်၊ PLANNING DEPARTMENT မှ INVESTMENT SECTION နဲ့ TRADE DEPARTMENT မှ COMPANY REGISTRATION SECTION တို့နဲ့ လုပ်ငန်းများဆောင်ရွက်ခဲ့တယ်၊ ၁၉၉၄ မှစ၍ DICA ဖွဲ့စည်းတယ်။ အဲဒီအချိန်မှာ DICA ကို စီမံ/ဘဏ္ဍာဝန်ကြီးဌာနက ထိန်းကျောင်းခဲ့တယ်၊

## ၁၉၉၆ ခုနှစ်မှစပြီ

DICA ရဲ့ ငွေကြေးနဲ့ စီမံခန့်ခွဲရေးကို စီမံ / စီးပွား ဝန်ကြီးက ကြီးကြပ်တယ်၊ စီမံ /စီးပွား ဝန်ကြီးက MIC အဖွဲ့ဝင်မှာ မပါဝင်ပါ။ ၁၉၉၉ ခုနှစ်ကုန်အထိ ဥက္ကဋ္ဌတာဝန်ကို ဒုတိယဝန်ကြီးချုပ်က တာဝန်ယူတယ်၊ ၂၀၀၀ ခုနှစ်ကစပြီး ဥက္ကဋ္ဌတာဝန်ကို သိပ္ပံနှင့် နည်းပညာဝန်ကြီးက တာဝန်ယူတယ်၊ အဲဒီနှစ်ကစပြီး DICA မှ COMPANY REGISTRATIONကိုစီမံ / စီးပွားဝန်ကြီးက တာဝန်ယူတယ်။ ၂၀၀၅ ခုနှစ် လယ်လောက်မှာ MIC ရုံးတာဝန်အဖြစ် ဥက္ကဋ္ဌ (ကိုယ်စား) လက်မှတ်ရေးထိုးခွင့်ကို ညွှန်ကြားရေးမှူး ဒေါ်မြသူဇာကို တာဝန်ပေးခဲ့တယ်။

## နေပြည်တော်ရောက် MIC

၂၀၀၅ ခုနှစ်ကုန်ပိုင်း၊ ၂၀၀၆ ခုနှစ် နှစ်စမှာ MIC အဖွဲ့ နေပြည်တော်ပြောင်းပြီ၊ DICA မှ INVESTMENT လုပ်ငန်းကို MIC မှ တာဝန်ယူပြီး COMPANY REGISTRATION ကိုစီမံ / စီးပွားဝန်ကြီးက တာဝန်ယူတယ်၊ DICA ရဲ့ ငွေရေးကြေးရေးအုပ်ချုပ်ရေးကိစ္စတွေကို စီမံ /စီးပွားဝန်ကြီးက တာဝန်ယူတယ်၊ အဲဒီတော့ MICအစည်း အဝေးကို သိပ္ပံနှင့် နည်းပညာဝန်ကြီး ဌာနမှာ သွားလုပ်ရတယ်၊ MICအစည်း အဝေးရှိတဲ့နေ့၊ အစည်းအဝေးဖိတ်စာများနဲ့ ရုံးကားမရှိလို့ သုံးဘီးကား (တုတ်တုတ်) နဲ့ သွားရ တယ်၊ အစည်းအဝေး လုပ်မည့် ရုံးရောက်တော့ သုံးဘီးကား သံဆူညံသွားတယ်၊ ရုံးပေါ်ရောက်တော့ ဥက္ကဋ္ဌ (ဝန်ကြီး ဦးသောင်း) က မေးတယ်၊ မင်းတို့ ဘာနဲ့ လာသလဲ။ မိမိတို့ သုံးဘီး (တုတ်တုတ်) နဲ့ လာကြောင်းပြောလိုက်တယ်၊ အဲဒီတော့ ဝန်ကြီးက ရုံးအဖွဲ့မှူးကိုခေါ်ပြီး MIC ရုံးအဖွဲ့ကို ကားကြို/ ပို့ပေးရန်

မှာကြားတယ်၊ ပြီးတော့ ပြောလိုက်တာ က MIC ဥက္ကဋ္ဌ လုပ်ရတာလည်း ဆီလည်းစိုက်၊ ဆံထုံးလည်း ထုံးပေးရတယ်တဲ့။

MIC အစည်းအဝေးစရိတ်ကို DICA ငွေစာရင်းခေါင်းစဉ်က ကျခံရတယ်၊ DICA, DG က MIC ရုံးလုပ်ငန်းကို တာဝန်မယူရတော့ ပြဿနာဖြစ်ပြန်တယ်၊ DICA ကို ဝန်ကြီးရုံးက စီမံခန့်ခွဲတယ်၊ MIC ရုံးလုပ်ငန်းနဲ့ MIC အစည်းအဝေးကို ဒေါ်မြသူဇာ (ညွှန်ကြားရေးမှူး) က တာဝန်ခံကျင်းပရတယ်၊ မိမိညွှန်ကြားရေးမှူးဖြစ်တော့၊ ဝိုင်းကူလုပ်ပေးတယ်၊ မိမိတို့ (၂) ဦးကို ဝန်ကြီးရုံးနဲ့ DGတို့က ဖိအားအမျိုးမျိုးပေးတယ်၊ MIC အစည်းအဝေးမှာ ရေနွေးကြမ်းနဲ့ သကြားလုံးပဲကျွေးလို့ DG က စီမံကို ညွှန်ကြားတယ်၊ ဝန်ကြီးရုံးအဖွဲ့ကလည်း MIC လုပ်ငန်းအဖွဲ့ကို အမျိုးမျိုး အာဏာပြတယ်၊ MICဆိုတဲ့ အသုံးအနှုန်း မသုံးဖို့ DICA လို့သာသုံးဖို့ ပြောတယ်၊ ဖုန်းခေါ်လို့ ပြောရင်တောင် MICကပါလို့ပြောမိလို့ ဝန်ကြီးရုံးက အရာရှိကြီးများက ဆူတာခံကြရပါတယ်၊ ခုတော့ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ (၂၀၁၆) မှာMIC ရုံးသည် DICAဖြစ်သည်ဟု အတိ အလင်းပြောထားပြီ၊

## သင်တန်းပို့ချခြင်း

လက်ထောက်ညွှန်ကြားရေးမှူးဘဝကတည်းက ဗဟိုဝန်ထမ်းတက္ကသိုလ်များ၊ ဝန်ကြီးဌာနများ၊ တိုက်ပွဲဝင်စည်းရုံးရေး သင်တန်းများကို ပို့ချရတယ်၊ မိမိကစာသင်တာ ဝါသနာပါတော့ အခြားဆရာများမသွားနိုင်ရင်လည်း အစားထိုးဆရာအနေနဲ့ သွားသင်တယ်၊ ဗဟိုဝန်ထမ်း တက္ကသိုလ်များမှာဆရာ၊ ဆရာမအထူးသင်တန်းများမှာ သင်တန်းသား ၁၅၀၀ ခန့်ရှိတယ်။ သင်ကြားရတဲ့ ဘာသာရပ်က န-ယ-က လက်ထက် စီးပွားရေးစွမ်းဆောင်ချက်တဲ့၊ စိတ်ဝင်စားအောင် ကြံဖန် ပြောရတယ်။ အရေးကြီးတာက အတန်းငြိမ်ဖို့နဲ့ ဗဟုသုတအနည်းငယ်ရသွားရင် တော်ပြီပေါ့။ အဲဒါကို စီးပွားရေးတက္ကသိုလ်က လာသင်တဲ့ ပါမောက္ခတစ်ဦးက ကျွန်တော်က သင်သွားတာ နဲနဲပဲ လို့ ပြောတယ်၊ မိမိကပြောလိုက်တယ်၊ သင်တန်းဆိုတာ စာတွေအများကြီးသင်ရန်မလိုဘူးလို့ ပြောလိုက်တယ်။ ဆေး ကောင်းရင်၊ သန်းခေါင်းလောက်နဲ့ ပျောက်ပါတယ်လို့ ပြန် ပြောလိုက်တယ်၊

တစ်ခါတော့ PSC မှ DGဗဟိုဝန်ထမ်း တက္ကသိုလ် သို့လာတယ်၊ မိမိအားခေါ်တွေ့တယ်၊ မိမိပို့ချမှုကို အသံဖမ်းထားကြောင်း၊ PSC မှာ မှတ်တမ်းတင်ထားကြောင်း ပြောတယ်၊ နောက်ပိုင်းမှာ မိမိသင်တန်းပို့ချလျှင် ခန်းမနောက်ပိုင်းမှာ စီးပွားရေးဌာနမှ နည်းပြတွေ စေလွှတ်ပြီး မိမိသင်ကြားနည်းကို နားထောင်စေတယ်။

## ဥက္ကဋ္ဌ ပြောင်းပြီ

၂၀၀၇ ခုနှစ်မှာ MIC ဥက္ကဋ္ဌအဖြစ် မွေး/ရေဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်း ဖြစ်လာတယ်၊ လုပ်ငန်းတွေကို ကိုင်တွယ်ဖြေရှင်းတဲ့အခါ ပျော့ပြောင်းတယ်၊ သူ့အဖွဲ့ဝင် ဝန်ကြီးတွေနဲ့ တိုင်ပင်တယ်။ မိမိကိုအချိန်မရွေး သူ့ရုံးကိုခေါ်မေးတယ်၊ တိုင်ပင်တယ်၊ သူ့အနေနဲ့ တခြားဝန်ကြီးထက် MIC လုပ်ငန်းကို အချိန်ပေးနိုင်တယ်၊ အောက်လက်ငယ်သားပြောတဲ့အခါ စိတ်ရှည်စွာနားထောင်တယ်၊ MICကိစ္စအရေးကြီးရင် ဗုဒ္ဓဟူးနေ့ ဗိုလ်ချုပ်မှူးကြီးထံ ငွေပြသွားတဲ့အခါ လမ်းညွှန်မှု ခံယူတယ်၊ ဒါကြောင့် သူ့လက်ထက်မှာ ကိစ္စအတော်များများပြီးပြတ်သွားတယ်၊ ပြဿနာက ယခင်အတိုင်း DICA မှ MIC လုပ်ငန်းဆောင်ရွက်သူတွေ နေရထိုင်ရခက်ပြန်တယ်၊ ဥက္ကဋ္ဌကို တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ဖိတ်ကြားတယ်၊ ဥက္ကဋ္ဌက မသွားနိုင်လို့ အတွင်းရေးမှူး (ဒုတိယဝန်ကြီး) နဲ့ မိမိ (ညွှန်ကြားရေးမှူး) တို့ (၂) ဦးသွားရန် အမိန့်ချမှတ်တယ်၊ ဒါပေမဲ့ အုပ်ချုပ်ရေးဆိုင်ရာဝန်ကြီး (စီမံ/စီးပွား) က ခွင့်မပြုဘူး၊ အဖေနေ့စ်ယောက်ကြားနေရတဲ့ ဒုက္ခလို့ အတွေ့အကြုံ ယူလိုက်တယ်၊

## လုပ်ငန်းနဲ့အုပ်ချုပ်ရေးတာဝန်ခံမတူတဲ့ပြဿနာ

MIC ဥက္ကဋ္ဌက မွေး/ရေဝန်ကြီးဆိုတော့ ရေလုပ်ငန်းရှင်ကြီးတစ်ဦးက MIC ရုံးဝန်ထမ်းတွေကို သူ့လုပ်ငန်းနယ်မြေမှာလေ့လာဖို့၊ အပမ်းဖြေဖို့ စရိတ်ငြိမ်းတာဝန်ယူကြောင်း ကမ်းလှမ်းလာတယ်။ မိမိက အတွေ့ကြုံရှိသူလည်းဖြစ်၊ အငြိမ်းစား/အကြံပေး ဖြစ်နေတော့ ခရီးစဉ်မှာမလိုက်တော့။ ခရီးစဉ်ကို ဦးဆောင်မှုမလုပ်တော့။ ညွှန်ကြားရေးမှူးအသစ်က တက်ကြွသူဆိုတော့ ခရီးစဉ်ကို ဦးဆောင်ပြီးသွားဖို့ အုပ်ချုပ်ရေးဝန်ကြီး (စီမံ/စီးပွား) ထံ

အမိန့်နာခံတယ်။ ထုံးစံအတိုင်း ခွင့်မပြုပါ။ MICဥက္ကဋ္ဌက အုပ်ချုပ်ရေးဝန်ကြီးအိမ်ကို သူကိုယ်တိုင်သွားပြီး ခွင့်တောင်းတော့ အားနာပြီးခွင့်ပြုလိုက်တယ်။ အဲ့ဒီလောက် ပျော့ပြောင်းတဲ့ ဥက္ကဋ္ဌပါ။

## ပထမအကြိမ် ပြည်သူ့လွှတ်တော်/ အစိုးရ / MIC

၂၀၁၀ ခုနှစ်အထိ နယကအစိုးရ၊ ၂၀၁၁ ခုနှစ်၊ မတ်လ၊ ကုန်ကစတဲ့ ပထမအကြိမ် သမ္မတအစိုးရခေတ် စီမံ / စီးပွားဝန်ကြီးသည် MIC ဥက္ကဋ္ဌ ဖြစ်လာတော့ အထက်က ပြောခဲ့တဲ့ ပြဿနာတွေ မရှိတော့ပါ။ ၂၀၁၂ ခုနှစ်မှာ ဥက္ကဋ္ဌက စက်မှုဝန်ကြီး ဖြစ်ပြန်ရော။ တော်သေးတာက အတွင်းရေးမှူးက စီမံ /စီးပွားဝန်ကြီး ဖြစ်နေသေးလို့ပေါ့။ ၂၀၁၃ ခုနှစ်မှာဥက္ကဋ္ဌက ဘဏ္ဍာဝန်ကြီး ဖြစ်ပြန်ရော။ ၂၀၁၄ ခုနှစ် မှ ၂၀၁၆ ခုနှစ်အထိ စွမ်းအင်ဝန်ကြီးက ဥက္ကဋ္ဌအဖြစ် လုပ်ခဲ့တယ်။ အတွင်းရေးမှူးက DICAရဲ့ DG ဖြစ်တယ်။

## ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်/ အစိုးရ / MIC

၂၀၁၆ ခုနှစ် မှ ၂၀၁၇ ခုနှစ်အထိ စီမံ/ ဘဏ္ဍာဝန်ကြီးကဥက္ကဋ္ဌ၊ အတွင်းရေးမှူးက DICA/DG ဖြစ်တယ်။ ၂၀၁၈ ခုနှစ်မှာ အစိုးရအဖွဲ့ရုံးဝန်ကြီးက ဥက္ကဋ္ဌ၊ ၂၀၁၉ မှာတော့ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြား စီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီးက ဥက္ကဋ္ဌဖြစ်တယ်။

## ညွှန်ကြားရေးမှူးပင်စင်ယူပြီ

၂၀၁၀ မှာတော့ ကျွန်တော်(၆၀) ပြည့်ပြီလို့ဥက္ကဋ္ဌ (မွေး/ရေ) ဝန်ကြီးကို တင်ပြလိုက်တယ်။ ဥက္ကဋ္ဌက စီမံ/ စီးပွားဝန်ကြီးထံ စာရေးတယ်။ တစ်နှစ်ဆက်လက်ခန့်ထားရန် သို့မဟုတ် (၄) လ ဆက်လက် လုပ်ခွင့်ပေးရန် မေတ္တာရပ်ခံတယ်။ စီမံ /စီးပွားဝန်ကြီးက တစ်နှစ်ဆက်လက်လုပ်ခွင့်ပြုတယ်။ ၂၀၁၁ နဲ့ ၂၀၁၂ မှာတော့ စီမံ/ စီးပွားဝန်ကြီးက ဥက္ကဋ္ဌ (အတွင်းရေးမှူး) ဖြစ်တော့ အဆင်ကိုပြေလို့။ (၂) နှစ်ဆက်တိုက် ဆက်လက်လုပ်ခွင့်ပေးတယ်။ ဒါနဲ့ ၂၀၁၃ ထိ MICကျွမ်းကျင်သူ / အကြံပေးအဖြစ် လုပ်ခဲ့ရတယ်။

## ကျန်းမာရေးအတွက် ဆေးစစ်ခြင်း။

၂၀၁၀ မှာလုပ်ငန်းတာဝန်နဲ့ မန္တလေးရောက်သွားတယ်။ မိတ်ဆွေက သူ့ဆေးရုံမှာ ဆေးစစ် ပေးတယ်။ ကျောက်ကပ်မှာ ကျောက်တွေများစွာတွေ့တယ်။ ခွဲမလား။ ချေမလား။ ဆေးသောက်မလား။ ကောင်းနိုးရာရာပြောကြ၊ အကြံပေးကြတယ်။ နောက်ဆုံးတော့ ၂၀၁၁ မှာ အာရှတော်ဝင် ဆေးရုံ (ရန်ကုန်) မှာပဲ PCNLလုပ်ဖို့ ဆုံးဖြတ်လိုက်တယ်။ ကျောက်ကပ်ခွဲစိတ်ဆရာဝန်ကြီး ကိုယ်တိုင်လုပ်ပေးမယ်ပေါ့။ ခွဲခန်းဝင်ဖို့ ပြင်ဆင်နေတုန်း ကုမ္ပဏီကြီးတစ်ခုမှ CEO ရဲ့ PSO က ဖုန်းဆက်ပြီး MICနဲ့ ပတ်သက်တဲ့ လုပ်ငန်းအကြောင်းတွေမေးတယ်။ ရှင်းပြလိုက်တယ်။ ပြီးတော့မှ 'ဆရာအခု ဘယ်မှာလဲ' လို့မေးတော့ ဆေးရုံရောက်နေတယ်၊ ခွဲစိတ်ခန်းဝင်တော့မယ်လို့ ပြောလိုက်တယ်။

## ဆေးရုံဆင်းပြီးနားနေတယ် (၂၀၁၁)

ညနေ (၆) နာရီမှာ ခွဲစိတ်ခန်းဝင်တာ သူများတွေ (၇) နာရီခွဲ ထွက်လာကြတယ်တဲ့။ ကိုယ်ကတော့ (၁၂) နာရီကျော်မှ ခွဲစိတ်ခန်းမှ ထွက်လာပြီးစောင့်ကြည့်ခန်း (CCU) ထဲမှာ (၂) ရက်နေလိုက်ရတယ်။ ဆေးရုံမှာ (၁၁) ရက်ကြာသွားတယ်။ စီမံ /စီးပွားဝန်ကြီး ( MIC ဥက္ကဋ္ဌ) အတွင်းရေးမှူး DICA/ DG တို့က ကျန်းမာအောင်နေပါ။ နေကောင်းမှ နေပြည်တော် ပြန်လာပါဟု ပြောကြပါတယ်။ လုပ်ငန်းကိစ္စရှိလျှင် ဖုန်းနဲ့ လှမ်းမေးတယ်။

## ၂၀၁၂ မှာဆေးရုံတက်ရပြန်ပြီ

လမ်းလျှောက်များလို့ အူကျတယ်ဆိုပြီး SAKURA ဆေးရုံ (ရန်ကုန်) မှာ တက်ရပြန်ပြီ။ အစောင့်ငှားရတဲ့ဒုက္ခ၊ ဆေးရုံထမင်းပို့ရတဲ့ ကိစ္စတွေမရှိအောင် မိသားစု (၃) ယောက်လုံးဆေးရုံမှာ သီးသန့်အခန်းယူပြီး နေလိုက်တယ်။ ဆေးရုံချင်းဝန်ဆောင်မှုနှင့် အခကြေးငွေကတော့ အာရှတော်ဝင်က SAKURA ထက်သာတယ်။

ဆက်လက်ဖော်ပြပါဦးမယ်။

# မျှတ၍ နည်းစနစ်ကျသော ပူးပေါင်းဆောင်ရွက်မှုမှသည် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုဆီသို့ အပိုင်း (၃)

|ထက်မာန်|



## ရွေးချယ်မှုနည်းလမ်းနှင့် ပေါင်းစည်းမှုဗျူဟာ

...that or that...

နိုင်ငံအစိုးရအနေဖြင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် ပြည်သူ့ အခြေခံအဆောက်အအုံ တည်ဆောက်ရေးလုပ်ငန်းများတွင် လုပ်ငန်းစီမံကိန်းသစ် များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကနှင့် ပူးပေါင်းဆောင်ရွက်မှု နည်းလမ်း သုံးသင့်/မသင့်ကို မည်သို့ဆုံးဖြတ်မည်နည်း။ စီးပွားရေးအရ အံဝင်ခွင်ကျ တွက်ခြေကိုက်မှု ရှိ/မရှိကို တိုင်းတာနိုင်သော နည်းလမ်း များစွာရှိပါသည်။ ယခင်က အစိုးရဝယ်ယူရေးစနစ်ဖြင့် ဝယ်ယူခြင်း သို့တည်းမဟုတ် ပုဂ္ဂလိက အကူအညီဖြင့် ပေါင်းစပ်ဝယ်လိုက ဝယ်ယူခြင်းဟူ၍ ရိုးရှင်းစွာ ဆုံးဖြတ်ခဲ့ကြသော်လည်း ယခု နောက်ပိုင်းတွင် Value for Money(VfM)၊ လက်ခံနိုင်စွမ်း စစ်ဆေးခြင်း (Affordability) နှင့် Balance Sheet Treatmentတို့ဖြင့် တိုင်းတာဆုံးဖြတ်လာကြပါသည်။

ရင်းနှီးမြှုပ်နှံမှုများသည် စီးပွားရေးဆိုင်ရာ အံဝင်ခွင်ကျဖြစ်တည်မှု (Economically Justification) ရှိ၊ မရှိ ဆုံးဖြတ်ရာတွင် အာဏာပိုင်များအနေဖြင့် လုပ်ငန်းစီမံကိန်း ၏ တစ်ဆင့်သက်ရောက်မှုများအပါအဝင် အကျိုးအမြတ်များ ရှာဖွေသတ်မှတ်ခြင်း၊ ဆန်းစစ်သတ်မှတ်ခြင်း၊ အနာဂတ်အကျိုးအမြတ်များ ခန့်မှန်းတွက်ချက်ခြင်းနှင့် လုပ်ငန်းစီမံကိန်းမှ စီးပွားရေးဆိုင်ရာ ပြန်ရချက်များ တွက်ချက်ခြင်းတို့ ပါဝင်ပါသည်။ ထိုသို့တွက်ချက်ရာတွင် ရှိရင်းစွဲ အခြေအနေများကို ပြန်လည်ပြုပြင်ရာတွင် ကုန်ကျမည့်ကုန်ကျစရိတ်နှင့် အသစ်တည်ဆောက်ပါက ကုန်ကျမည့် ကုန်ကျစရိတ်များကိုလည်း နှိုင်းယှဉ်တွက်ချက်ရပါမည်။ ဥပမာ-လမ်းသစ်တစ်ခုတည်ဆောက်ခြင်းဖြင့် ကုန်ကျမည့် ကုန်ကျစရိတ်အပြင် ထိုလမ်းသစ်အသုံးပြုခြင်းကြောင့် ရရှိမည့် အချိန်ကုန်သက်သာခြင်း အကျိုးကျေးဇူးများကိုလည်း တွက်ချက်ရပါမည်။

အခြားသော ပြင်ပသက်ရောက်မှုများ (Externalities) ကိုလည်း အလေးထားစဉ်းစားရမည်။ ပြင်ပသက်ရောက်မှုများတွင် ကောင်းကျိုး၊ ဆိုးကျိုးသက်ရောက်မှုများလည်းရှိပါသည်။ ဥပမာ- လမ်းသစ်တစ်ခုဖောက်လုပ်ခြင်းကြောင်း ထိုလမ်းတစ်လျှောက်ရှိ နေထိုင်သော သူများ၏ လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်လာခြင်းကို ဆိုလိုသည်။ အလားတူ လမ်းအရည်အသွေး ကောင်းမွန်သောကြောင့် လမ်းအသုံးပြုသူများ၏ အသက်အန္တရာယ်ထိခိုက်မှုများ လျော့နည်းခြင်းတို့လည်းပါဝင်ပါသည်။ သို့သော်လည်း လေထုညစ်ညမ်းမှုနှင့် ဆူညံမှုများကို ဆိုးကျိုးအနေဖြင့် ခံစားရမည်ဖြစ်သည်။

လုပ်ငန်းစီမံကိန်းများ၏ အရှုံးအမြတ်များ ဆန်းစစ်တွက်ချက်ရာတွင် Discount Cash Flow သို့မဟုတ် Internal Rate of Return များကို အသုံးပြုတွက်ချက်ပါသည်။အကယ်၍ Discount Cash Flow အသုံးပြုမည်ဆိုပါက နိုင်ငံပိုင်လုပ်ငန်းစီမံကိန်းများ၏ အကျိုးအမြတ်ကို ယေဘုယျအားဖြင့် လုပ်ငန်းစီမံကိန်း အကျိုးအမြတ်၏ လက်ငင်းအသားတင်တန်ဖိုးတွင် ပြည်ပကောင်းကျိုး သက်ရောက်မှုများ၏ အသားတင် လက်ငင်းတန်ဖိုးများကို ထည့်ပေါင်းတွက်ချက်ရပါသည်။

**Benefit of a public-sector Project = the NPV of Project benefit + the NPV of Positive externalities**

**Costs of a public - sector Project = the NPV of Project costs + the NPV of negative externalities**

ရင်းနှီးမြှုပ်နှံမှုများသော လုပ်ငန်းစီမံကိန်းကြီးများတွင် Discount Cash Flow နည်းလမ်းကို အသုံးပြု၍ လုပ်ငန်းစီမံကိန်း အရှုံးအမြတ်ကို တွက်ချက်ပါသည်။ သို့သော်လည်း အကျိုးအမြတ် တွက်ချက်ရန်ခက်ခဲသော လူမှုရေးဆိုင်ရာ အခြေခံအဆောက်အအုံများနှင့် ပတ်သက်၍ တွက်ချက်ရာတွင် Cost-Effectiveness Analysis ကို အသုံးပြုပါသည်။ တွက်ချက်မှုတိုင်းတွင် တိကျသော Public Sector Discount Rate (PSDR)သတ်မှတ်ရန်မှာ လွန်စွာခဲယဉ်းပါသည်။ နိုင်ငံတစ်နိုင်ငံနှင့် တစ်နိုင်ငံလည်း PSDR သတ်မှတ်သော နှုန်းထားများ တူညီမှုမရှိသည်ကို တွေ့ရပါသည်။ အချို့နိုင်ငံများတွင် PSDR အစား Public Sector Risk-free နှုန်းထားသတ်မှတ်ခြင်းကိုလည်း ပြုလုပ်ပါသည်။

Cost-Effectiveness Analysis ဆိုတာဘာလဲ။ ယေဘုယျအားဖြင့် ရည်ရွယ်ချက်တူ၊ ဦးတည်ချက်တူသော လုပ်ငန်းစီမံကိန်းများကို မူဝါဒအမျိုးမျိုး၊ စီမံကိန်းအမျိုးမျိုး၊ အစီအစဉ်အမျိုးမျိုး တို့ဖြင့် နှိုင်းယှဉ်လေ့လာခြင်းဖြစ်သည်။ တစ်နည်းအားဖြင့် စရိတ်နည်းနည်းဖြင့် ထိရောက်မှုအရှိဆုံးသော နည်းလမ်းကို ရွေးချယ်အသုံးပြုခြင်းဖြစ်သည်။

**"… … to select the project that for a given output level, minimizes the net present value of the costs or alternatively for a given cost, maximizes the output level… ."**

**R=(Ca-Cb)^ (Ea-Eb) = ΔC^ΔE**

သာမန်အားဖြင့် ယခင်က လုပ်ငန်းစီမံကိန်းများစိစစ်ရာတွင် Financial Rate of Return (FIRR) ကို တွက်ချက်ကြသော်လည်း နောက်ပိုင်းတွင် Economic Rate of Return (EIRR) ကိုပါ ထည့်သွင်းစဉ်းစားလာကြပါသည်။

## အစိုးရအနေဖြင့် လုပ်ငန်းစီမံကိန်းများကို PPP နည်းလမ်းအသုံးပြုမှု မှန်/မမှန် ကို မည်သို့ဆုံးဖြတ်မည်နည်း။


အခြေခံအားဖြင့် ယခင်အသုံးပြုနေသော အစိုးရကဏ္ဍဝယ်ယူမှု (Public-sector Procurement) နှင့် နှိုင်းယှဉ်ပါက PPP နည်းလမ်းအသုံးပြုခြင်းက ကောင်းမွန်သော VfM ရရှိနိုင်ခြင်း ရှိ/မရှိ ကို ဆုံးဖြတ်ပါသည်။ PPP နည်းလမ်း အသုံးပြုခြင်းဖြင့် VfM တန်ဖိုးတွက်ချက်မှုကောင်းမွန်ပါက PPP နည်းလမ်း အသုံးပြုသင့်သည်ဟု ဆုံးဖြတ်ပါသည်။ ၎င်းကို အများအားဖြင့် Public Sector Comparator (PSC) ပြုခြင်းဟုခေါ်ကြပါသည်။ ထို့ပြင် Public Sector Benchmark (PSB) ဟုလည်းနားလည်ကြသည်။ PSC သည် ထုံးစံအရ အစိုးရဝယ်ယူရေးလုပ်ငန်းများလုပ်ဆောင်ရာတွင် ကုန်ကျနိုင်သည့် လုပ်ငန်းစီမံကိန်း NPV Costs များကို PPP နည်းလမ်းအသုံးပြု ဝယ်ယူရေးလုပ်ငန်းများ လုပ်ဆောင်ရာတွင် ကုန်ကျမည့် ကုန်ကျစရိတ်များနှင့်

နှိုင်းယှဉ်ဆုံးဖြတ်သည့် အယူအဆမျိုးလည်းဖြစ်သည်။ PPP လုပ်ငန်း စီမံကိန်းများတွင် Public Sector Discount Rate(PSDR)ကို အများအားဖြင့် ၈% သတ်မှတ်အသုံးပြုကြပါသည်။

PPP ဟုဆိုရာတွင် လုပ်ငန်းစီမံကိန်း အကျိုးအမြတ်များ၊ လုပ်ပိုင်ခွင့်များသာ ခွဲဝေဆောင်ရွက်ခြင်းမျိုး မဟုတ်ဘဲ လုပ်ငန်းစီမံကိန်းဖော်ဆောင်ရာမှ ဖြစ်ပေါ်လာနိုင်သည့် Risks များကိုလည်း မျှဝေခံယူခြင်းဖြစ်သည်။ ထို Risk များခွဲဝေရာတွင် PSC နည်းလမ်းသည် အထောက်အပံ့ ဖြစ်စေပါသည်။ ထို့ပြင် PPP စီမံကိန်းများ၏ Balance Sheet Treatment များပေါ်တွင် ဆုံးဖြတ်ချက်ပေးရာတွင်လည်း အထောက်အပံ့ ဖြစ်စေပါသည်။ တစ်ခါတစ်ရံ ဖြစ်တန်စွမ်းအား (Affordability) များကို ဆန်းစစ်၍လည်း ဆုံးဖြတ်ကြပါသည်။ ဖြစ်တန်စွမ်းအား ဆန်းစစ်ခြင်း ဆိုသည်မှာ ပြည်သူ့အခြေခံအဆောက်အဦများ အသုံးပြုခြင်းအတွက် အသုံးပြုသူများ (သို့မဟုတ်) အစိုးရက အသုံးပြုခ (သို့မဟုတ်) ဝန်ဆောင်မှုအခများ ပေးနိုင်စွမ်း ရှိ/မရှိ ဆန်းစစ်ခြင်းဖြစ်ပါသည်။

Balance Sheet Treatment သည် အစိုးရအနေဖြင့် PPP လုပ်ငန်းစီမံကိန်းများ ဆောင်ရွက်ရန်အတွက် ၎င်းတို့ကိုယ်ပိုင် စာရင်းဥပဒေရေးဆွဲစေရန် မရည်ရွယ်ဘဲ ၁၉၉၃ ခုနှစ် United Nations System of National Accounts (SNA) ကို အခြေပြု၍ အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ရာတွင် ရွေးချယ်ဆုံးဖြတ်မှုများ ပြုလုပ်နိုင်စေရန် ရည်ရွယ်ပါသည်။ ပုဂ္ဂလိကဘက်မှ အပြည့်အဝ ပါဝင်ဆောင်ရွက်လာနိုင်စေရန် အစိုးရမှ အာမခံပေးမှုများနှင့် ထူးခြားသော မတ်လုံးပေးမှုများလည်း လိုအပ်ပါသည်။

**Figure of Decision Tree**




PPP လုပ်ငန်းစီမံကိန်းများ စီမံခန့်ခွဲမှုဆောင်ရွက်ရာတွင် အစိုးရအနေဖြင့် အောက်ပါအဆင့် (၄) ဆင့်ကို အထူးအလေးပေး သတိထားဆောင်ရွက်ရပါမည်။


(၁) ကနဦး ဖြစ်နိုင်ခြေဆန်းစစ်ခြင်း (Initial Feasibility)
(၂) ဝယ်ယူရေးအဆင့်များ (Procurement Phase)
(၃) တည်ဆောက်ရေးအဆင့် (Construction Phase) နှင့်
(၄) လုပ်ငန်းလည်ပတ်ဆောင်ရွက်မှုအဆင့် (Operation Phase)

အစိုးရက PPP လုပ်ငန်းစီမံကိန်းဆောင်ရွက်နိုင်မည့် လုပ်ငန်းရှင် (ရင်းနှီးမြှုပ်နှံမည့်သူ)များကို စာချုပ်မချုပ်မီ ဈေးပြိုင်စနစ်ဖြင့် ရွေးချယ်ရပါမည်။ ထိုသို့ရွေးချယ်ရာတွင် အောက်ပါအချက်များကို အခြေပြု တန်ဖိုးဖြတ်ရွေးချယ်ဆောင်ရွက်ပါသည်။

(၁) ဈေးနှုန်းနှိုင်းယှဉ်ခြင်း (ဥပမာ- ဝန်ဆောင်မှုဈေးနှုန်း) (Price Comparison)
(၂) စာချုပ်ပါအကြောင်းအရာများ (NPV, IRR, Pay Back Period များအပါအဝင်)
(၃) အထောက်အပံ့ပေးရမည့် အဆင့်အခြေအနေ (Level of Subsidies)
(၄) စီးပွားရေးအရ ကောင်းကျိုးဖြစ်ထွန်းနိုင်မှု (Most Economically Advantageous' Bid)

လုပ်ငန်းစီမံကိန်းများကို ယေဘုယျအားဖြင့် (၂) မျိုးခွဲခြားနိုင်သည်။ အစိုးရက စာချုပ်ချုပ် ဆောင်ရွက်ရမည့်သူ (သို့မဟုတ်) ရွေးချယ်ခံရသူကို သတ်မှတ်ဆောင်ရွက်စေသော လုပ်ငန်း စီမံကိန်း (Solicited Project) နှင့် ပုဂ္ဂလိက လုပ်ငန်းရှင်များက ၎င်းတို့ကိုယ်တိုင် ရွေးချယ် အဆိုပြုသော လုပ်ငန်းစီမံကိန်း (Unsolicited Project) တို့ဖြစ်ပါသည်။ ၎င်းအဆိုပြုလွှာ နှစ်ခုစလုံးကို အစိုးရက Pre-Screening (သို့မဟုတ်) Pre-feasibility နှင့် Feasibility အဆင့်များကို သေချာစွာ ပြုလုပ်ဆောင်ရွက်ရမည်ဖြစ်သည်။

(ရှေ့လဆက်ရန်)




# မွေခံထိုက်စေ

|ဒေါက်တာညီ|

**မိတ်ဆက်**

စာရေးသူအနေနဲ့ ဒီဆောင်းပါးကို မရေးခင်မှာ တွေ့ကြုံနေရတဲ့ပတ်ဝန်းကျင်၊ မျိုးဆက်သစ်တို့ရဲ့ ပြောင်းလဲလာတဲ့ အနေအထားတွေကို မြင်နေ၊ ကြားနေ၊ ကြုံနေရသမျှကို မျှဝေလိုခြင်းထက် သိနေပြီးသားအပေါ် အသိနှင့်သတိလေးကပ်စေချင်တဲ့ စေတနာ ရင်းခံဖြင့် တင်ပြလိုစိတ် ပေါ်ပေါက် လာရခြင်းဖြစ်ပါတယ်။

မိသားစုတစ်ခုဖြစ်ဖြစ်၊ နိုင်ငံတစ်ခုမှာပဲဖြစ်ဖြစ် မျိုးဆက်သစ်တို့က ရှေးဘိုးဘွား တွေပေးခဲ့တဲ့ ပညာအမွေ၊ ဥစ္စာအမွေ၊ အသိပညာအမွေတို့ကို မွေခံထိုက်သူဖြစ်ဖို့ ဆက်ခံ သူဖြစ်ဖို့က သမိုင်းတည် နေသမျှ လွန်စွာအရေးကြီးလှပါတယ်။

မိသားစုတစ်ခုမှာ မျိုးဆက်လိုက် ချိန်ထိုးကြည့်ရင် မိဘထက် သားသမီးက ပို အဆင့်မြင့်တဲ့ ဘဝမျိုးကိုရောက်အောင် လက်ဆင့်ကမ်းသယ်ပိုးရင်း မွေခံထိုက်စေဆိုတဲ့ စကားအတိုင်း အမှန်တကယ် အမွေခံထိုက်သူဖြစ်ဖို့က အင်မတန်အရေးကြီးလှပါတယ်။ မိဘထက် တစ်ဆင့်မြင့်တဲ့ သားသမီးတွေဖြစ်ဖို့လိုသလို မိဘတွေအနေနဲ့လည်း ကိုယ့် မျိုးဆက် ထာဝရရှင်သန်ဖို့ ဘယ်လိုအမွေကိုပေးရမလဲ၊ သားသမီးတွေအနေနဲ့ကရော မိဘပေးတဲ့ ကောင်းမွေတွေကို ဘယ်လိုထိန်းသိမ်း ကြမလဲ ဒါတွေက အရေးကြီးလှပါတယ်။

မိသားစုတစ်စုလိုပါပဲ နိုင်ငံတစ်နိုင်ငံရဲ့ ရေရှည်ဖွံ့ဖြိုးတိုးတက်ဖို့ဆိုတာကလည်း တာဝန်အပ်နှင်းခြင်းခံကြရတဲ့ နိုင်ငံတော်အစိုးရ အဆက်ဆက်အနေနဲ့ ရေရှည် ဖွံ့ဖြိုးတိုးတက်မည့် မဟာဗျူဟာတွေကို အသေအချာ ချမှတ်ရေးဆွဲပြီး ရေရှည်အကျိုးစီးပွား ကို တွက်ဆပြီး စနစ်တကျ အကောင်အထည်ဖော်ဆောင်ဖို့ လိုအပ်လှပါတယ်။


စာရေးသူအနေနဲ့ ဒီဆောင်းပါးမှာ ဇောင်းပေးဖော်ပြလိုတာက ပညာရေးစနစ်ပါ။ အသိပညာ၊ အတတ်ပညာ ခေါင်းပါးတဲ့ လူမျိုး၊ နိုင်ငံတွေဟာ နှစ်ကာလရှည်လာတာနဲ့အမျှ ဆင်းရဲခေါင်းပါးခြင်း အကြောင်းတရားများ ပေါ်ပေါက်လာသလို ချမ်းသာကြွယ်ဝစေမည့် နည်းလမ်းမှန်ကိုလည်း ရောက်ရှိနိုင်ဖို့၊ ရေရှည်ဖွံ့ဖြိုး တိုးတက်ဖို့ဆိုတာ အလွန်တရာ ခက်ခဲလွန်းတာကို တွေ့ရမှာဖြစ်ပါတယ်။ တကယ်တော့ အသိပညာဆိုတဲ့ချွန်းနဲ့ နိုင်ငံသူ / နိုင်ငံသားတို့ရဲ့ အသိစိတ်ကိုနှိုးဆွစေပြီး ဘိုးဘေးဘီဘင်တို့ရဲ့အမွေကို မွေခံထိုက်သူတွေအဖြစ် ဖြစ်စေရမှာပါ။

နိုင်ငံကို ဦးဆောင်သူရဲ့အသိပညာအပေါ်မူတည်ပြီး၊ နိုင်ငံသူ/နိုင်ငံသားတို့ရဲ့ မျိုးဆက် အလိုက် ခိုင်မာတဲ့ ဘဝများ ပိုင်ဆိုင်နိုင်ကြမှာဖြစ်ပြီး နိုင်ငံအဓွန့်ရှည် တည်တံ့မှာလည်း ဖြစ်ပါတယ်။

## မွေခံထိုက်သူဖြစ်ကြစေဖို့

ရှေးမြန်မာအယူအဆများဟာ ခုအချိန် လူငယ်လူရွယ်တို့ကြားမှာ အတော်အသင့် ပျောက်ကွယ်လာစပြုနေပြီလည်း ဖြစ်ပါတယ်။ **'ရှေးထုံးလည်းမပယ်နဲ့ ဈေးသုံးလည်းမလွယ်နဲ့'** ဆိုတဲ့ ဆိုရိုးစကားအတိုင်းပါပဲ။ စောင့်ထိန်းရမည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်ကတော့ ဘယ်ခေတ်ဘယ်စနစ် ရောက်ရောက် ထိန်းသိမ်းစောင့်ရှောက်ကြရမှာပါ။ ရှေးဘိုးဘွားတွေထားခဲ့တဲ့ သမိုင်းတန်ဖိုးနှင့် ယဉ်ကျေးမှု အမွေတွေကတော့ လက်ရှိနိုင်ငံသူ/သား တွေ ရော နောင်လာနောက်သားတွေပါ ထိန်းသိမ်း စောင့်ရှောက်ရင်း အမွေခံထိုက်သူတွေ ဖြစ်ကြစေဖို့ ကြိုးပမ်းကြရမှာပါ။

ဒီအပိုင်းမှာ စာရေးသူတင်ပြလိုတဲ့ အဓိကအချက်ကတော့ မွေခံထိုက်သူတွေ အမှန်တကယ် ဖြစ်စေဖို့ဆိုတာ အသိဉာဏ်ပညာနှင့် ထိန်းမတ်ချွန်းအုပ်နိုင်မှ နိုင်ငံအတွက်



သားကောင်းရတနာများ ဖြစ်လာမှာ ဖြစ်သလို၊ အမိနိုင်ငံတော် အဓွန့်ရှည်တည်တံ့နိုင်မည့် နည်းမှန်၊ လမ်းမှန်တွေကိုလည်း ကမ္ဘာနှင့် ရင်ပေါင်တန်းပြီး အခက်အခဲမှန်သမျှ ကျော်လွှားနိုင်ကြမှာလည်း ဖြစ်ပါတယ်။

တကယ်တော့ ဥစ္စာပစ္စည်းအမွေက အမွေခံထိုက်သူမဟုတ်ခဲ့ရင် လွင့်ပါးပျောက်ပျက်သွားမှာပါ။ ကုဋေရှစ်ဆယ်သူဌေးသားပုံပြင်နှင့် ငယ်စဉ်အခါကတည်းက မြန်မာ့လူမှုနယ်ပယ်ကို ထိန်းကျောင်းခဲ့ကြတာ မဟုတ်ပါလား။ မိဘမျိုးရိုးစဉ်ဆက်စောင့်ထိန်းရမည့် လူမှုကျင့်ဝတ်တွေ၊ လိုက်နာ ဆောင်ရွက်ရမည့် ဂရုဏာ ဓမ္မတရားတွေက နိုင်ငံတိုင်း၊ လူမျိုးတိုင်းမှာ ရှိကြပါတယ်။ တကူးတကအနေနဲ့ လိုက်နာဆောင်ရွက်နေကြခြင်း မဟုတ်ဘဲ အသိစိတ်အတွင်းမှာ အလိုလို လိုက်နာဆောင်ရွက်နေခြင်းက ပိုမိုထိရောက်မှုရှိတာကို တွေ့ရမှာဖြစ်ပါတယ်။ အသိစိတ်၊ အသိပညာကို မျိုးရိုးစဉ်ဆက် ဖြစ်ဖြစ်၊ နိုင်ငံသားတိုင်းရဲ့ နှလုံးသားထဲကို ထည့်ပေးနိုင်ဖို့ဆိုတာ ပညာရေးစနစ်က အဓိကကျတယ်ဆိုတာ မငြင်းနိုင်ပါဘူး။ ဆင်ခြင်တုံတရားကို အခြေခံပြီး လောကကို ကောင်းကျိုးပြုနိုင်မည့် အမှန်အမှားကို ခွဲခြားသိမြင်တတ်အောင် ပြုပြင်ထိန်းကျောင်းပေးတဲ့ ပညာရေးစနစ်ဟာ နိုင်ငံသားတွေ မွေခံထိုက်သူတွေ ဖြစ်ကြစေဖို့ ချွန်းအုပ်ပေးနိုင်တဲ့အရာ တစ်ခုလည်းဖြစ်ပါတယ်။

ပညာရေးစနစ်ကောင်းကို ဖန်တီးတည်ဆောက်ပြီး ရင်းနှီးမြှုပ်နှံခဲ့ကြတဲ့ ကမ္ဘာ့နိုင်ငံတွေဟာ ၂၁ ရာစုခေတ်မှာ

ကမ္ဘာ့ထိပ်ဆုံးနေရာတွေမှာ နေရာယူနေနိုင်ခဲ့ကြတာလည်း တွေ့ရမှာ ဖြစ်ပါတယ်။ နိုင်ငံသားတွေ ပညာရည်ပြည့်ဝပြီး တွေးခေါ်ကြံဆလုပ်ကိုင်နိုင်မှု စွမ်းအားတွေနှင့် နိုင်ငံကို အကျိုးပြုနိုင်ဖို့အတွက် နိုင်ငံတော်အစိုးရတွေကလည်း မူဝါဒအမှန်တွေကို ရေရှည်ချမှတ်ပြီး ထိထိရောက်ရောက် အကောင်အထည်ဖော်ဆောင်နိုင်ခဲ့ကြတာကလည်း အတုယူစရာတွေ ဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ ပညာရေးစနစ်တစ်ခုကို လေ့ကျင့်ပျိုးထောင်တဲ့နေရာမှာ အုပ်စုလိုက် အတူလုပ်ကိုင် ဆောင်ရွက်တတ်တဲ့အလေ့အကျင့်ကောင်းတွေ၊ တွေးခေါ်ကြံဆတတ်တဲ့အလေ့အကျင့်တွေ၊ ကျန်းမာကြံ့ခိုင်အောင် ပြုမူနေထိုင်တတ်တဲ့ အလေ့အကျင့်ကောင်းတွေ၊ လူမှုဝန်းကျင်နဲ့ သဟဇာတဖြစ်အောင် နေထိုင်ပြုမူပြောဆိုတတ်အောင် လုပ်နိုင်စွမ်းတဲ့အလေ့အကျင့်တွေ၊ ဘာသာစကားမျိုးစုံသင်ယူတတ်အောင် လေ့လာမှတ်သားပြီး နိုင်ငံအတွက် အထောက်အကူပြုစေတတ်တဲ့ အလေ့အကျင့်တွေနှင့် တီထွင်ဖန်တီးမှုကို အားပေးတဲ့ အလေ့အကျင့်တွေကို ပျိုးထောင်ပေးကြတာကိုလည်း သိထားကြပြီးဖြစ်ပါလိမ့်မယ်။

တစ်ချိန်က ပညာရေးမှာ ရင်းနှီးမြှုပ်နှံလျှင် ပြန်မရနိုင်တဲ့ ရင်းနှီးမြှုပ်နှံမှုလို့ ယူဆခဲ့ကြပြီး နိုင်ငံတော်ရဲ့ ဘတ်ဂျက်အနည်းငယ်မျှသာ အသုံးပြုခဲ့ကြတာကို လက်ရှိဖွံ့ဖြိုးဆဲ နိုင်ငံလေးတွေရဲ့ သမိုင်းကို ပြန်စိစစ်ကြည့်ရင် တွေ့ကြရမှာလည်းဖြစ်ပါတယ်။ မည်သို့ပင်ဆိုစေ နိုင်ငံကို ဦးဆောင်သူများမှလည်း နိုင်ငံသားများအနေဖြင့် မိမိတို့နိုင်ငံကို ချစ်စိတ်ဖြင့် နိုင်ငံအတွက် သားကောင်းရတနာများ ဖြစ်စေလိုခဲ့လျှင် တစ်နည်း အမွေခံထိုက်သူများ ဖြစ်စေလိုခဲ့ရင် ပညာရေးမှာ အသေအချာ ရင်းနှီးမြှုပ်နှံကြဖို့ အလွန်အရေးကြီးနေပြီဖြစ်ပါတယ်။ ပညာရေးကို ရင်းနှီးမြှုပ်နှံခြင်းရဲ့အကျိုးအမြတ်ဟာ လတ်တလော အချိန်တွင် ခံစားရခြင်း၊ တွေ့မြင်နိုင်ခြင်း မရှိသည်ကတော့ အသေအချာပင်။ သို့ရာတွင် မျိုးဆက်လိုက် မညှံ့သွားစေဖို့၊ မျိုးဆက်သစ်တို့ ထွန်းပေါက်စေဖို့၊ နိုင်ငံတော် အခွန့်ရှည် တည်တံ့ဖို့ ထိန်းသိမ်းနိုင်သူတွေဖြစ်ဖို့အတွက် ကောင်းမွန် ထိရောက်တဲ့ ပညာရေးစနစ် ဖန်တီးတည်ဆောက်နိုင်မှသာ ဖြစ်မည်ဆိုတာကတော့ လက်ရှိကမ္ဘာ့ထိပ်သီး နိုင်ငံများရဲ့ ပညာရေးစနစ်တွေနှင့် ဖြတ်သန်းခဲ့တဲ့ ပညာရေးနည်းစနစ် တွေကို လေ့လာကြည့်လိုက်ရင်ဖြစ်ဖြစ်၊ လက်ရှိလူမှုရေး၊ နိုင်ငံရေးနှင့် စီးပွားရေးမှာ ဦးဆောင်နေကြတာကိုပဲ ကြည့်ကြည့် အရှင်းဆုံးအဖြေများကို တွေ့မြင်ရမှာလည်းဖြစ်ပါတယ်။

## ပညာတတ်ဖို့အရေးကြီးလား?

ဒီအပိုင်းမှာ မွေခံထိုက်သူဖြစ်စေဖို့ နိုင်ငံတစ်နိုင်ငံရဲ့ပညာရေးစနစ်အရေးကြီးပုံကို ဆက်လက် တင်ပြဖို့ ရည်မှန်းထားပါတယ်။ ပညာရေးစနစ်လို့ဆိုတာနဲ့ မြန်မာနိုင်ငံသားများအနေနဲ့ အတော်ပင် ထိတ်လန့်ကြောက်ရွံ့နေကြပြီလို့ ယူဆမိပါတယ်။ စမ်းသပ်ကာလပေါင်းများစွာကို ဖြတ်ကျော်ခဲ့ရတဲ့ နိုင်ငံသားများအနေနဲ့ ပညာရေးစနစ်ရဲ့ ခါးသက်တဲ့ အရသာကို တွေ့ကြုံခဲ့ကြဖူးပြီး မမေ့ကြတာကိုလည်းတွေ့ရှိရမှာပါ။ မျိုးဆက်လိုက် ညှံ့ဖျင်းသွားစေတာ ဒီပညာရေးစနစ်ပါပဲ။ မျိုးဆက်လိုက် ပိုထက်မြက်စေတာလည်း ဒီပညာရေးစနစ်ပါပဲ။ နိုင်ငံတော် ဆင်းရဲချမ်းသာကွာဟချက်မျိုးစုံ ဖန်တီး စေတာလည်းဒီပညာရေးစနစ်ကြောင့်ပါပဲ၊ အသိဉာဏ်ခေါင်းပါးမှု ပြဿနာဖြစ်စေတာကလည်း ဒီပညာရေးစနစ်ကြောင့် ပါပဲ၊ ဝေဖန်ပိုင်းခြားနိုင်မှုနှင့် ထိုးထွင်းသိမြင်နိုင်မှု အစွမ်းတွေကုန်ဆုံးသွားစေတာကလည်း ဒီပညာရေးစနစ်ကြောင့်ပါပဲ။ ပညာရေးစနစ်ဆိုတာ အထက်အပိုင်းမှာ တင်ပြခဲ့ပြီး ဖြစ်တဲ့အတိုင်း နိုင်ငံသားတို့ရဲ့ အသိပညာ၊ အတတ်ပညာတွေကို အလင်းပြ



နိုင်တဲ့ ပညာရေးစနစ်မျိုး၊ လူမှုရေးနှင့် နိုင်ငံတော်ကို ထိန်းသိမ်းတတ်တဲ့ အသိပညာတွေ ပေးစွမ်းနိုင်ရမှာလည်း ဖြစ်ပါတယ်။

တစ်ချိန်က အိမ်နီးချင်းတရုတ်နိုင်ငံကိုကြည့်ရင် စီးပွားရေးချွတ်ခြုံကျပြီး နလန်မထူနိုင်ခဲ့ပေမဲ့ လက်ရှိအချိန်မှာတော့ ကမ္ဘာ့ဒုတိယ စီးပွားရေးအင်အားကြီးနိုင်ငံ အဖြစ် ရပ်တည်နိုင်ခဲ့ပြီး ကမ္ဘာ့အရပ်ရပ်က ပညာလိုလားသူတွေကို ပြန်လည်ပို့ချပေးနေသည့် နိုင်ငံကြီးဖြစ်နေပေပြီ။ ဘာကြောင့်လဲ အဖြေရှာကြည့်၊ စိစစ်ကြည့်လိုက်မည်ဆိုလျှင် မှန်ကန်သော ဦးဆောင်မှုအောက်မှာ လမ်းမှန်တဲ့ပညာရေး စနစ်ကို လက်တွေ့ချမှတ် အကောင်အထည်ဖော်နိုင်ခဲ့တာကို တွေ့မြင်ရမှာလည်းဖြစ်တယ်။ တရုတ်အစိုးရဟာ တရုတ်လူငယ်တွေကို အမေရိကန်နိုင်ငံလို ဖွံ့ဖြိုးပြီးနိုင်ငံတွေကို တစ်နှစ်ကို သုံးသိန်း ပညာသင်စေလွှတ်ခဲ့ပြီး တစ်သိန်းက တရုတ်နိုင်ငံကို ပြန်လည်ရောက်ရှိပြီး နိုင်ငံ့အကျိုး အတွက် တာဝန် ထမ်းဆောင်ကြပြီး၊ ကျန် တစ်သိန်းက ပညာ ဆက်လက်လေ့လာခဲ့ကြပါတယ်။ ကျန် တစ်သိန်းကတော့ နိုင်ငံခြားမှာ အလုပ်လုပ်ကိုင်ပြီး ငွေကြေးနှင့် နည်းပညာတွေ အရယူနိုင်ခဲ့ကြပါတယ်။ ဒါ့အပြင် ပညာဆက်လက်လေ့လာ သူတွေ ကတော့ ပညာပြည့်ဝလာတဲ့အခါ အမိနိုင်ငံရဲ့ နည်းပညာကဏ္ဍနှင့် စီးပွားရေးကဏ္ဍတွေမှာ ဦးဆောင်ခဲ့ကြပြီး စုတုပြုကြရင်း နိုင်ငံဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါတယ်။ လူဦးရေ အများဆုံးနိုင်ငံဖြစ်ပေမဲ့ လောက်ငအောင် ကျွေးထားနိုင်ခဲ့ရုံမက ခုအချိန်မှာ နည်းပညာအရရော၊ အသိပညာအရပါ လူမှုရေး၊ စီးပွားရေး၊ နိုင်ငံရေး၊ စစ်မှု ရေးရာပါမကျန် ထိပ်တန်းမှာ ရပ်တည်နေနိုင်တာကို လည်း တွေ့ကြရမှာပါ။

စာရေးသူအနေနှင့် စိတ်ထိခိုက်ဆုံးအကြောင်းအရာတစ်ခုကတော့ ပညာတတ်ဖို့လိုလားဆိုတဲ့ မေးခွန်းကို လူငယ်အများစုက ခုချိန်ထိ မေးခွန်းအထုတ်ခံနေရတာကိုပါ။ ဘာကြောင့်သူတို့ ဒီလို မေးခွန်းတွေ ထုတ်ကြတာပါလဲ? အကြောင်းရင်းက ရိုးရှင်းစွာ သိမြင်နိုင်မှာပါ။ ပညာရေးစနစ်ရဲ့ ဆိုးမွေတွေရဲ့ ရလဒ်ဆိုရင် မမှားနိုင်ပါဘူး။ ပညာတတ်စရာမလိုဘူး၊ ဘွဲ့ရတော့လည်းဘာထူးလဲ? ငွေသာ အဓိက/ငွေက ဒုတိယဘုရားသခင် စသည့်စကားလုံးပေါင်းများစွာကို ကြားသိနေရမှာပါ။ စာရေးသူကိုလည်း အချို့လူငယ်တွေ မေးကြပါတယ်။ ဒီပညာအရည်အချင်း၊ ဒီအသက်အရွယ်အထိ ဘာပိုင်ဆိုင်မှုရှိလဲ ပြောပြပေးပါ ဆိုတာမျိုးတွေပါ။ တကယ်ရင်နာစရာအဖြစ်တွေလည်း အများကြီး ကြုံခဲ့ရပါတယ်။ ကိုယ့်နာမည်ကိုတောင် မှန်အောင် မပေါင်းတတ်ပေမဲ့ မအောင်မရှိ ပညာရေးစနစ်ရဲ့ အမွေကြောင့် တက္ကသိုလ်ပညာရေးရောက်လာတဲ့ မျိုးဆက်နှစ်ဆက်လောက်ကို စာရေးသူ စာသင် ပေးခဲ့ရဖူးပါတယ်။ တစ်ယူသန်၊ တစ်ဖွတ်ထိုးစိတ်တွေနဲ့ လူပုဂ္ဂိုလ် ကိုးကွယ်မှုနဲ့သာ သူတို့ကို ဝေဖန်ပိုင်းခြားမှု အသိပညာတွေရအောင် ပေးဝေခဲ့ရပါတယ်။ ခုအချိန်မှာ မိဘနေရာရောက်နေကြပြီမို့ မွေးခံထိုက်သူတွေကို အသေအချာမွေးထုတ်နိုင်ကြပါစေလို့ ဆုတောင်းမေတ္တာပို့သရုံမှတစ်ပါး မတတ်နိုင်တော့ပါ။ မျိုးဆက်လိုက် ပညာရေးစနစ်ရဲ့ ဆိုးမွေကြောင့် အလုပ်လုပ်နိုင်ဆုံး အရွယ်တွေဆုံးရှုံးခဲ့ကြရတာကိုလည်း သတိအမြဲမူစေ ချင်ပါတယ်။

အသက်မွေးဝမ်းကျောင်းပညာကို တတ်မြောက်ထားရင် ထမင်းမငတ်ဖူးဆိုတဲ့ အသိလေးတွေကို ပြန်ပြီး ဖြန့်ဝေပေးကြစေလိုပါတယ်။ ဘွဲ့ရပြီးအလုပ်အကိုင် မရဘူး၊ မရှိဘူးဆိုတာကလည်း တကယ်တော့ ပညာရေးစနစ်ရဲ့ ဆိုးမွေတွေကို ခံစားနေရတာလည်း ဖြစ်ပါတယ်။ တစ်ကိုယ်ကောင်းဆန်တဲ့ အပြုအမူတွေ အများဆုံးတွေ့မြင်နေကြရတာလည်း ပညာရေးစနစ်ရဲ့ ဆိုးမွေတွေပါပဲ။ ဝိဇ္ဇာ၊သိပ္ပံတက္ကသိုလ်တွေအပါအဝင် အသက်မွေးဝမ်းကျောင်း ပညာသင်တက္ကသိုလ်တွေ၊ သိပ္ပံတွေ၊ အထက်တန်းကျောင်းတွေက မွေးထုတ်ပေးလိုက်တဲ့ ဘွဲ့ရတွေ ဘာကြောင့် အလုပ်အကိုင် အခွင့်အလမ်းရှားပါးနေရတာလဲဆိုတာ ပညာရေးစနစ်ရဲ့ တောင့်တင်းခိုင်မာမှုပေါ် အများကြီးမူတည် နေပါတယ်။ နိုင်ငံတကာမှာတော့ ဒီကျောင်းကဆင်းရင်၊ ဒီကျောင်းက သုတေသနလုပ်ချင်ရင် စသည့် အထောက်အကူပြုလုပ်ငန်းရှင်များနဲ့ ချိတ်ဆက်ပြီး ဈေးကွက်ဝင်သည်ထိ အသိပညာနှင့် အတတ်ပညာတွေကို အသုံးချခွင့်ရကြတော့ ထူးချွန်တဲ့ ကျောင်းသားများအဖို့ တစ်ပါတည်း အလုပ်အကိုင်နဲ့ အသက်မွေးဝမ်းကျောင်းနိုင်တဲ့ အနေအထားကို ရရှိကြပါတယ်။

၂၀၀၂ ခုနှစ်လောက်က စာရေးသူနှင့် စာရေးသူရဲ့ ဆရာတို့ လမ်းလျှောက်ထွက်ရင်း အင်လျားကန်နံဘေးမှာ စိုင်းစိုင်းခမ်းလှိုင်ရဲ့ ဘုတ်ထောင်ထားပြီး သူ့ရဲ့သီချင်း ကြော်ငြာထားတာကို မြင်တိုင်း ဆရာက စုတ်တသပ်သပ်နဲ့ ပြောလေ့ရှိတာက လူငယ်တွေ ငွေနောက်ပဲ လိုက်နေပြီ။ ပညာရဲ့ တန်ဖိုးကို နားမလည်တော့ဘူး။ ငွေသာအဓိက ဖြစ်လာပြီး နမြောလိုက်တာကွာလို့ အမြဲပြောပါတယ်။ အခုအချိန်အထိလည်း ငွေတွေရှာနေနိုင်တဲ့ ပရိသတ်လက်ခံ တဲ့ အဆိုတော်မင်းသားတစ်ယောက်ပါ။ ဘာလို့များဆရာက ခုလိုမှတ်ချက်ပြုခဲ့ပါသလဲ? ပညာသင်ရမည့်၊ ပညာရပ် သစ်တွေနဲ့ လုံးပန်းနေရမည့် တက်သစ်စလူငယ်လေးတစ်ဦး ငွေရဖို့ သူတို့ပြောတဲ့ အနုပညာဖန်တီးနေဖို့ အချိန်တွေ အရွယ်တွေ ငွေတွေကုန်ကျသုံးဖြုန်းနေကြပါလိမ့်။ ဒီ အဆိုတော်မင်းသားက အောင်မြင်တဲ့သူမို့သာ မမြင်နိုင်ကြ တာပါ။ သူ့လိုလူငယ်တွေ မအောင်မြင်ဘဲ လမ်းဘေးရောက် သွားရသူတွေ အများကြီး ရှိနေမယ် ဆိုတာလည်း သတိချပ် ကြဖို့လိုပါလိမ့်မယ်။ တစ်ခေတ်တစ်ခါက ပြောကြတာက ဆိုက်ကားသမား မေးကြည့်လည်းဘွဲ့ရပဲ။ ဘွဲ့ရအလကား ပညာရေးစနစ်ရဲ့ မခိုင်မာမှုနှင့် အကျိုးဆက်တွေကြောင့် လည်း ဘွဲ့ရအလုပ်မရှိအကျိုးဆက်ကို ကျွန်တော်တို့နိုင်ငံမှာ ဆက်ပြီးတွေ့ကြုံ နေရအုံးမှာပါပဲ။

သေချာအဖြေပြန်ရှာကြည့်ရင် ပြည့်စုံကုံလုံတဲ့ ပညာရေးစနစ်နှင့် မျှော်လင့်ချက် မပေးနိုင်တဲ့ အတန်းပညာ ရပ်တွေက လူငယ်တွေရဲ့စိတ်အာရုံတွေကို ညစ်နွမ်းစေခဲ့ရုံ မက ပညာဆိုတာ ကျောင်း တတ်မှ၊ ဘွဲ့လေးတစ်ခုရထားမှ ဆိုတဲ့အသိက အိမ်မှာ အလှချိတ်ရုံ၊ မင်္ဂလာဆောင်ထည့်ရုံနှင့် သတင်းစာမှာ ပါရုံလောက်ဖြစ်လာစေခဲ့တာကိုကြည့်ရင် ဒါကပညာရေးစနစ်ရဲ့ ညံ့ဖျင်းမှုကြောင့်ဆိုတာ မလွဲပါဘူး။ လူငယ်တွေ အမှားအမှန်ဝေဖန်ပိုင်းခြားနိုင်စွမ်းနှင့် တတ်သိ ပညာကို အသုံးချနိုင်စွမ်းတွေ ပေးစွမ်းနိုင်တဲ့ ပညာရေးစနစ် မျိုး စာရေးသူတို့နိုင်ငံမှာ အမှန်တကယ် ရရှိလာတဲ့နေ့ကနေ နောင်နှစ်နှစ်ဆယ်ကို မြင်ခွင့်ရတဲ့အခါ ပညာရေးမှာ ရင်းနှီး မြှုပ်နှံခဲ့ခြင်းကြောင့် ခံစားရလာမည့် အကျိုးအမြတ်ကောင်း တွေကို တွေ့မြင်လာပြီး တန်ဖိုးထားနိုင်လာကြမှာပါ။

ဒါကြောင့် ပညာတတ်ဖို့လိုသလား? ဆိုတဲ့ မေးခွန်းရဲ့အဖြေကို ပေးရမည်ဆိုလျှင် လုံးဝလိုပါတယ်လို့ ဖြေပါရစေ။ ဒါပေမဲ့ တတ်သိလိမ္မာစေပြီး ဝေဖန်ပိုင်းခြား ဆန်းသစ်တီထွင် စုပေါင်းလုပ်ဆောင်တတ်အောင် လေ့ကျင့်ပေးနိုင်ပြီး အသက်မွေးဝမ်းကျောင်းပညာရပ်တွေ ကို အသေအချာပေး နိုင်စွမ်းတဲ့ ပညာရေးစနစ်ကောင်းတစ်ခု နှင့် နိုင်ငံတော်က ရင်းနှီးမြှုပ်နှံမည့် ပညာရေးအသုံးစရိတ် ဘတ်ဂျက်များများ လိုအပ်နေတာကတော့ အမှန်ပင်ဖြစ်ပါ တယ်။ သေချာတာက ခိုင်မာတဲ့ ပညာရေးစနစ်တစ်ခုကို ခုချိန်ထူထောင်ခဲ့ပါမှ နောင်နှစ်နှစ်ဆယ် / သုံးဆယ်မှာ ရလဒ်အချို့မြင်တွေ့ကြရမှာလည်းဖြစ်ပါတယ်။

## နိဂုံး

ယခုအခါမှာ ပညာရေးစနစ်ကောင်းတစ်ခုကို စတင်ပြောင်းလဲစအချိန်လည်းဖြစ်နေပါတယ်။ နိုင်ငံ့ ခေါင်းဆောင်တွေရဲ့ အမျှော်အမြင်ကြီးမားမှုပေါ် တည်မှီပြီး အမွေခံထိုက်သူတွေ မွေးထုတ်ပေး နိုင်/မပေးနိုင်ကတော့ လတ်တလော ပြောဆိုဝေဖန်ဖို့ မသင့်တော်ပါဘူး။ ခု မျိုးဆက် တစ်ဆက်ရဲ့ မွေခံထိုက်သူများ ဖြစ်လာ/မလာက တော့ နောင်နှစ်ပေါင်းနှစ်ဆယ်/သုံးဆယ်မှာ တွေ့မြင်ကြ ရမှာပါ။ စာရေးသူတို့ကတော့ အသက်ရှည်ရှည်နေနိုင်ပါမှ မြင်တွေ့ခွင့်ရကြမှာလည်း ဖြစ်ပါတယ်။ ဒါကြောင့် ဒီ ဆောင်းပါးမှာ အခြားသက်ရောက်နိုင်တဲ့ အခြေအနေအရပ် ရပ် ရှိနေပေမဲ့ ပညာရေးစနစ်ကအဓိက အချက်လို့ ဖောင်း ပေးရေးလိုက်ရခြင်းကတော့ စပ်ဆက်နေတဲ့ လူမှုရေး၊ စီးပွားရေးနှင့် နိုင်ငံရေး အပါအဝင် စုပေါင်းလုပ်ဆောင်တတ် မှု၊ ကိုယ်ကျိုးစွန့်လွှတ်အနစ်နာခံမှု၊ ရှေ့ရေးမျှော်တွေးတတ်မှု၊ ဆန်းသစ်တီထွင်တတ်မှု၊ လုပ်ငန်းကျွမ်းကျင်မှု၊ လောက ပါလတရားများအပေါ် စောင့်ထိန်းတတ်မှု၊ လူ့ကျင့်ဝတ်၊ လုပ်ငန်းခွင် ကျင့်ဝတ်များ လေးစားလိုက်နာတတ်မှု၊ ကျန်း မာရေးအသိရှိမှုစသည်တို့ဟာ ပညာရေးစနစ်ကောင်းကနေ သန္ဓေတည်ပေါက်ဖွားရှင်သန်ကြရတာမို့ နိုင်ငံတော်အစိုးရ နှင့် ဦးဆောင်ဦးရွက်ပြုသူများအနေနဲ့လည်း အမြော်အမြင် ရှိရှိနှင့် အမွေခံထိုက်သူ နိုင်ငံသူ/သားများဖြစ် အောင် စီမံ ခန့်ခွဲနိုင်ကြပါစေကြောင်း တိုက်တွန်းရင်း နိဂုံးချုပ်လိုက် ရပါတယ်။

# ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ ဆယ်ဂျုံးမြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် Sejong Smart City Centre ၏ အခန်းကဏ္ဍအားလေ့လာခြင်း

|သီဟိအောင်|

**နိဒါန်း**

မြန်မာနိုင်ငံတွင် ရန်ကုန်မြို့အား စီးပွားရေးမြို့တော်အဖြစ်သတ်မှတ်ပြီး နေပြည်တော်အား အစိုးရရုံးစိုက်ရာ အုပ်ချုပ်ရေးမြို့တော်အဖြစ် သတ်မှတ်ပြဋ္ဌာန်းသကဲ့သို့ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံတွင် ဆိုလ်းမြို့သည် အဓိကစီးပွားရေးမြို့တော်ဖြစ်ပြီး ဆယ်ဂျုံးမြို့အား ဆိုးလ်မြို့မှ အစိုးရဝန်ကြီးဌာနများအားလုံး ပြောင်းရွှေ့အခြေစိုက်ခဲ့ပြီး အထူးအုပ်ချုပ်ရေးမြို့တော်အဖြစ် ၂၀၁၂ ခုနှစ်တွင် သတ်မှတ်ပြဋ္ဌာန်းခဲ့ပါသည်။

ကွဲပြားသည့်အချက်တစ်ချက်မှာ မြန်မာနိုင်ငံတွင် နေပြည်တော်အား မြန်မာနိုင်ငံ၏မြို့တော်အဖြစ် တရားဝင်သတ်မှတ်ပြဋ္ဌာန်းထားသော်လည်း ကိုရီးယားပြည်သူ့သမ္မတနိုင်ငံတွင် ဆိုလ်းမြို့သည်သာ လက်ရှိအချိန်ထိ နိုင်ငံ၏မြို့တော်ဖြစ်နေပါသေးသည်။

ယခုတင်ပြမည့်မြို့နယ်လေးသည် မိမိနိုင်ငံတွင် လက်ရှိဆောင်ရွက်နေသော နေပြည်တော်၏ မြို့ပြဖွံ့စည်းပုံနှင့် ပုံသဏ္ဌာန်ဆင်တူ၍ ကိုရီးယားနိုင်ငံမှ ဆယ်ဂျုံးမြို့နယ်၏ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ချမှတ်ထားသောမူဝါဒများနှင့် Sejong Smart City Centre ၏ အခန်းကဏ္ဍအား ဗဟုသုတရရှိစေခြင်းအကျိုးငှာ ဤဆောင်းပါးအား ရေးသားရခြင်းဖြစ်ပါသည်။



## ဆယ်ဂျုံးမြို့နယ်၏ ဖွံ့ဖြိုးတိုးတက်မှု

ဆယ်ဂျုံးမြို့နယ်၏ဒေသဆိုင်ရာအချက်အလက်များ




ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ၏မြို့တော်သည် ဆိုလ်းမြို့ဖြစ်ပြီး အဓိကမြို့ကြီး (၆) မြို့မှာ ဘူဆန်၊ ဒယ်ဂူ၊ အင်ချွန်း၊ ဂွမ်ဂျူ၊ ဒယ်ဂျောန်း၊ အူလ်ဆန်မြို့များဖြစ်ပါသည်။

ဆယ်ဂျုံးမြို့နယ် စတင်ဖြစ်ပေါ်လာပုံမှာ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ ချွန်းချောန်း (တောင်) ပြည်နယ်နှင့် ချွန်းချောန်း (မြောက်) ပြည်နယ်အကြား ဒယ်ဂျောန်းမြို့အနီးတွင် ယခင်ယောန်းဂီဟုခေါ်သော ဒေသလေးအား ကိုရီးယားနိုင်ငံမင်းဆက် ကိုရီးယားဘာသာစကားအား စတင်တီထွင်အသုံးပြုခဲ့သော ဆယ်ဂျုံးဘုရင်အား အစွဲပြု၍ ဆယ်ဂျုံးမြို့ဟုသတ်မှတ်ကာ မြို့သစ်စီမံကိန်း စပယ်ရှယ်အက်ဥပဒေကို ၂၀၀၃ ခုနှစ်တွင်ပြဋ္ဌာန်းပြီး ၂၀၀၇ ခုနှစ်မှစ၍ တောင်ကိုရီးယားအစိုးရမှ အထူးအုပ်ချုပ်ရေးမြို့တော်အဖြစ် မြို့သစ်စီမံကိန်းချမှတ်ကာ အကောင်အထည်ဖော်ခဲ့ပါသည်။

၂၀၁၂ ခုနှစ်တွင် ဆယ်ဂျုံးမြို့အဖြစ် တရားဝင်သတ်မှတ်ပြဋ္ဌာန်းပြီး ဝန်ကြီးဌာနများနှင့် အေဂျင်စီများ ဆိုလ်း မြို့မှ စတင်ပြောင်းရွှေ့ဖွင့်လှစ်ခဲ့ပါသည်။ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံ အလယ်ဗဟိုတွင်တည်ရှိပြီး ၄င်းမြို့လေးမှ ကိုရီးယားနိုင်ငံအတွင်း မည်သည့်မြို့သို့ သွားသည်ဖြစ်စေ နှစ်နာရီခန့်ကြာမြင့်စေရန် ပို့ဆောင်ဆက်သွယ်ရေးလမ်းကြောင်းအား ဖောက်လုပ်ပေးထားပါသည်။ ဆယ်ဂျုံးမြို့၏ အကျယ်အဝန်းမှာ ၄၆၅.၂၃ km$^2$ (၁၇၉.၆၃ sq mi) ဖြစ်ပြီး ဆိုလ်းမြို့၏ လေးပုံသုံးပုံခန့်ကျယ်ဝန်းပါသည်။ လူဦးရေမှာ ၂၀၁၇ ခုနှစ် စာရင်းအရ ၂၈၀၁၂၀ ဦးဖြစ်ပြီး ဖွဲ့စည်းပုံမှာ ဒုန် ဟုသတ်မှတ်သော ဒေသ ၆ ခု၊ မြို့ ၁ ခု၊ မြို့နယ်ခွဲ ၉ ခုဖြင့် ဖွဲ့စည်းထားပါသည်။ စီမံကိန်းကာလမှာ ၂၀၃၀ အထိဖြစ်ပြီး လူဦးရေ ၈ သိန်းအထိ နေထိုင်နိုင်ရန် စီစဉ်ထားပါသည်။ ရည်မှန်းချက်မှာ အခက်အခဲအတားအဆီးများကို ရင်ဆိုင်ကျော်လွှား၍ ဖွံ့ဖြိုးတိုးတက်အောင်မြင်သောမြို့ဖြစ်ရန် ရည်မှန်းထားပါသည်။

ဆယ်ဂျုံးမြို့နယ်၏ချမှတ်ထားသောမူဝါဒများမှာ

### ၁။ People oriented city of Sejong

- ♦ ပြည်သူအခြေပြု ဦးစားပေးမြို့တော်ဖြစ်ရန်၊
- ♦ အမျိုးသမီးများနှင့် ကလေးငယ်များ ပျော်ရွှင်စေရန်၊
- ♦ အပြည်ပြည်ဆိုင်ရာ လုံခြုံမှုမြို့တော်အဖြစ် ၂၀၁၈ ခုနှစ်တွင် အသိအမှတ်ပြုရေးကြိုးပမ်းရန်။

### ၂။ Harmonious and balanced development

- ♦ ဂျိုချီဝမ်ဒေသတွင် မြို့ပြစီမံကိန်းအသစ်တစ်ရပ်ရေးဆွဲထားခြင်း၊
- ♦ စိုက်ပျိုးထုတ်လုပ်သူများနှင့် မြို့ပြစားသုံးသူများအကြား တိုက်ရိုက်ဆက်သွယ်ပေးရန် local food campaign ကိုတည်ထောင်ပေးခြင်း၊
- ♦ (local food compaign) ဆိုသည်မှာ မိမိဒေသမှ ထုတ်လုပ်သည်များကို မိမိဒေသတွင်း စားသုံးသူများ လောက်ငစွာ သုံးစွဲနိုင်စေရန် ထုတ်လုပ်ခြင်း၊
- ♦ Green new transportation system နှင့် စက်မှုစီမံကိန်း အများအပြားတည်ရှိခြင်း။

### ၃။ A city of culture

- ♦ Multicultural community service center များမြို့နယ်အတွင်း ဒေသတိုင်းတွင် ဖွင့်လှစ်ပေးပြီး One stop service ဆောင်ရွက်ပေးလျက်ရှိခြင်း၊ (အိမ်ယာမြေမှတ်ပုံတင်ခြင်း၊ ဖွားသေစာရင်း၊ နိုင်ငံသားမှတ်ပုံတင်၊ နိုင်ငံကူးလက်မှတ်၊ အခွန်အခ၊ ကျန်းမာရေးဆေးပေးခန်း၊ မိသားစုနှင့်ကလေး ထောက်ပံ့စရိတ်စသည်ဖြင့် တစ်နေရာ

တည်းတွင် ဆောင်ရွက်ပေးခြင်း)

♦ ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းရန် မြို့နယ်၏အထင်ကရနေရာများတွင် ယဉ်ကျေးမှုပွဲတော်၊ ရိုးရာအစားအစာ ပွဲတော်များ ကျင်းပခြင်း

♦ နိုင်ငံ၌ ကလေးမွေးဖွားမှုနှုန်း လွန်စွာကျဆင်းနေသည့်အတွက် အမျိုးသမီးများနှင့် ကလေးငယ်များအတွက် ဒေသတိုင်းရှိ community service center များတွင် ကာယစွမ်းရည် ဉာဏစွမ်းရည်သင်တန်းများပေးခြင်း၊ ဖွံ့ဖြိုးတိုးတက်မှု အစီအစဉ်များ သင်တန်းပေးခြင်းများ ဆောင်ရွက်ပေးခြင်း။

**၄။ Open government to citizens**

♦ weekly journalist briefings များကို အပတ်စဉ် မြို့နယ်၊ မြို့နှင့်ဒေသများတွင် ခန်းမများ၌ အုပ်စုလိုက် ဆွေးနွေးပွဲများ ပြုလုပ်ပေးပြီး လွတ်လပ်စွာဝေဖန်နိုင်ခြင်း၊

♦ အခြားသော ဒေသအစိုးရများ အခြားနိုင်ငံများ နိုင်ငံတကာအဖွဲ့အစည်းများနှင့် mutual agreement များ ဆောင်ရွက်လျက်ရှိခြင်း၊

**Smart city projects**

♦ ကိုရီးယားပြည်သူ့သမ္မတနိုင်ငံတွင် Smart city projects များ သုံးခုရှိသည့်အနက် ဆယ်ဂျုံးမြို့လည်း အပါအဝင်ဖြစ်ပါသည်။ Smart city projects များမှာ

၁။ Incheon Free Economic Zone

၂။ Saemangeum Development Project

၃။ Sejong City တို့ဖြစ်ပါသည်။

♦ Smart city projects များတွင် ပါဝင်သည့် စီမံကိန်းများမှ Sejong City တွင် အများပြည်သူလုံခြုံမှုအတွက် ဆောင်ရွက်ထားရှိမှုကို ပြောပြလိုပါသည်။

## Sejong Smart City Centre ၏အခန်းကဏ္ဍ

♦ Sejong မြို့နယ်တစ်ခုလုံးအတွင် ၂၄ နာရီ အချိန်ပြည့် CCTV များဖြင့် စောင့်ကြည့်လျက် အရေးပေါ်အခြေအနေဖြစ်ပေါ်ပါက ချက်ချင်းတုံ့ပြန်ဆောင်ရွက်ခြင်းဖြင့် အများပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်အား ကာကွယ်စောင့်ရှောက်ခြင်းဖြင့် လုံခြုံမှုအဆင့်အတန်းမြင့်တင်ခြင်း

♦ မြို့နယ်တွင် ပို့ဆောင်ဆက်သွယ်ရေး၊ ယာဉ်ကြောပိတ်ဆို့မှုအခြေအနေများအား စောင့်ကြည့်လျက် ပိုမိုလျင်မြန် ချောမွေ့အဆင်ပြေစေရန်ထောက်ပံ့ပေးခြင်း

♦ မြို့နယ်အတွင်း ဘတ်စ်ကားလမ်းကြောင်းများ၊ ပို့ဆောင်ဆက်သွယ်ရေး သတင်းအချက်အလက်များ၊ ယာဉ်မတော်တဆထိခိုက်မှုအခြေအနေများ၊ သဘာဝ ဘေးအန္တရာယ်များနှင့် ရာဇဝတ်မှုမဖြစ်ပွားစေရန် သတင်းအချက်အလက်များ ထောက်ပံ့ ပေးခြင်းနှင့် Smart City ၏ အခန်းကဏ္ဍကို ဆောင်ရွက်ပေးခြင်းများ လုပ်ဆောင်ပေးလျက်ရှိပါသည်။

## ဆယ်ဂျုံးမြို့နယ်တွင် အများပြည်သူလုံခြုံမှုအတွက် ဆောင်ရွက်ထားရှိမှုအခြေအနေ

U -Safety service ဟုခေါ်သော လူနေအိမ်ရာများ အများပြည်သူနှင့်ဆိုင်သော နေရာများနှင့် မြို့နယ်တစ်ဝှမ်းလုံးတွင် CCTV, Bell, Speaker ပါဝင်သော တိုင်များအား ရာဇဝတ်မှုများ ကာကွယ်ရန်နှင့် သဘာဝဘေးအန္တရာယ်အခြေအနေများ၊ ကျန်းမာရေးဆိုင်ရာ အရေးပေါ်အခြေအနေများအတွက် မြို့နယ်တစ်ခုလုံး နေရာအနှံ့တပ်ဆင်ပေးထားပြီး ၂၄ နာရီ အချိန်ပြည့် CCTV များဖြင့် စောင့်ကြည့်လျက် အရေးပေါ် အခြေအနေ ဖြစ်ပေါ်ပါက ဘဲလ်တီးလိုက်ရုံဖြင့် ချက်ချင်းတုံ့ပြန်သည့်စနစ်ဖြင့် ခံရသူအား အရေးပေါ် ကယ်တင်နိုင်သည့်စနစ် တပ်ဆင်ထားပါသည်။

## အစိုးရရုံးစိုက်ရာဝန်ကြီးဌာနများ

♦ Ministries Agencies ၂၇ ခု၊ Government Ministries ၁၄ ခုနှင့် National Institutes ၁၅ ခုတည်ရှိပါသည်။ နေပြည်တော်ကဲ့သို့ အစိုးရရုံးများ ရုံးစိုက်ရာ မြို့တော်ဖြစ်ပြီး အစိုးရရုံးဝန်ကြီးဌာနမျ ားသည် တစ်နေရာတည်းတွင်တည်ရှိပြီး မိုး ကောင်းကင်သို့ ပျံတက်နေသော နဂါးပုံသဏ္ဌာန် တစ်စပ်တည်းတည်ဆောက်ထားပြီး အစိုးရဝန်ကြီးဌာန ရုံးအချင်းချင်း လမ်းလျှောက်သွားနိုင်ရန် အဆောက်အဦများအပေါ်တွင် စင်္ကြံများဖြင့် ဆက်သွယ်ထားပြီး ရုံးများအောက်ခြေတွင် ဘတ်စ်ကားများ၊ ကိုယ်ပိုင်ကားများ သွားလာနေပါသည်။ ဝန်ကြီးဌာနများအားလုံး

တစ်နေရာတည်းတွင် တည်ဆောက်ထားသဖြင့် ရုံးလုပ်ငန်းများဆောင်ရွက်ရာတွင် မြန်ဆန်ချောမွေ့အဆင်ပြေပါသည်။

♦ Government Complex of Sejong ဧရိယာသည် ၆၃၀၀၀၀m² ရှိပြီး ခေါင်မိုး စုစုပေါင်းအရှည်သည် ၃.၅ km ရှိပြီး ကမ္ဘာပေါ်တွင် အရှည်ဆုံးဖြစ်ပါသည်။

**KDI school of public policy and management**

♦ ဆယ်ဂျုံးမြို့တွင် National Institutes ၁၅ ခုရှိပြီး KDI school of public policy and management သည် လည်းအပါအဝင်ဖြစ်ပြီး ၄င်းမှာအာရှ think tank တွင် အဆင့် (၁) ဖြစ်ပြီး International Development think tank တွင်အဆင့် (၁) နှင့် ကမ္ဘာ့ think tank တွင် အဆင့် (၁၉) ဖြစ်ပါသည်။ တောင်ကိုရီးယားအစိုးရအား စီးပွားရေးနှင့် သုတေသနလုပ်ငန်းများအား ထောက်ပံ့ပေးရန် ၁၉၇၁ ခုနှစ်တွင် ဖွဲ့စည်းခဲ့သည့် think tank တစ်ခုဖြစ်သည့် Korea Development Institute (KDI) လက်အောက်မှ ပညာရေးဝန်ကြီးဌာနနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုအဖွဲ့အစည်းမှ ၁၉၉၇ ခုနှစ်တွင် Korea Development Institute (KDI) School ကို တည်ထောင်ဖွင့်လှစ်ခဲ့ပါသည်။

**ဆယ်ဂျုံးမြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် Sejong Smart City Centre ၏အခန်းကဏ္ဍမှ အားသာချက်၊ အားနည်းချက် တွေ့ရှိချက်များမှာ-**

**အားသာချက်များ**

♦ မြို့နယ်အတွင်း အများပြည်သူပို့ဆောင် ဆက်သွယ်ရေး ကွန်ရက်စနစ် အောင်မြင်စွာ ပြီးစီးခြင်း၊

♦ လမ်းမကြီးတစ်လျှောက် စက်ဘီးစီးလမ်းများ အောင်မြင်စွာပြီးစီးခြင်း၊

♦ Smart City Centre Project အပါအဝင် အများပြည်သူအတွက် လုံခြုံစိတ်ချရသော လူနေမှုအသိုက်အဝန်း ဖန်တီးပေးနိုင်ခြင်း၊ ရာဇဝတ်မှုနည်းပါးခြင်း၊

♦ ဝန်ကြီးဌာနရုံးများအားလုံး တစ်ဆက်တည်းတည်ရှိ၍ ရုံးလုပ်ငန်းဆောင်တာများ ဆောင်ရွက်ရာတွင် မြန်ဆန် အဆင်ပြေလွယ်ကူခြင်း၊

♦ အမျိုးသမီးများ၊ ကလေးငယ်များအတွက် အလုပ်အကိုင်ဆိုင်ရာ၊ ပညာရေးဆိုင်ရာ၊ အသိပညာဗဟုသုတဆိုင်ရာ အခွင့်အလမ်းများ များပြားခြင်း၊

**အားနည်းချက်များ**

♦ မြို့နယ်အတွင်းခရီးသွားပြည်သူများအတွက် ဟိုတယ်၊ တည်းခိုရိပ်သာမရှိသေးခြင်း ( စီမံကိန်းကာလမှာ ၂၀၃၀ အထိဖြစ်သဖြင့် နောင်တွင်စီမံကိန်းရှိမရှိမသိပါ။)

♦ မြို့နယ်တစ်ခုလုံးတွင် ဆေးပေးခန်းများရှိသော် လည်း ဆေးရုံမရှိသေးခြင်းကြောင့် ကပ်လျက်တည်ရှိသော ဒယ်ဂျောန်းမြို့သို့ သွားရောက်ကုသနေရခြင်း၊ (ထို့ကြောင့် မေးမြန်းကြည့်ရာတွင် ဆိုးလ်တွင် ယာဉ်ကြောပိတ်ဆို့မှု များသောကြောင့် ဆေးရုံ သွားရန်ကြာမြင့်ချိန်နှင့် ဆယ်ဂျုံးမြို့မှအခြားမြို့ရှိ ဆေးရုံသွားရန်ကြာမြင့်ချိန် အတူတူပင်ဖြစ်သောကြောင့် ၄င်းတို့အတွက် အဆင်ပြေသည်ဟုသိရပါသည်။)

♦ ဆောက်လုပ်ပြီးအဆောက်အဦ အများအပြားရှိသော်လည်း နေထိုင်သူပမာဏနည်းပါး နေသေးခြင်း၊

♦ ကုန်ဈေးနှုန်းမှာ အခြားမြို့များနှင့် နှိုင်းယှဉ်ပါက နှစ်ဆမြင့်တက်နေသောကြောင့် ကုန်ဈေးနှုန်းကြီးမြင့်မှု ဒဏ်ကိုခံစားနေရခြင်း။



နိဂုံး

ဆယ်ဂျုံးမြို့နယ်သည် အခက်အခဲအတားအဆီးများကို ရင်ဆိုင်ကျော်လွှား၍ ဖွံ့ဖြိုး တိုးတက်အောင်မြင်သောမြို့ဖြစ်ရန် ရည်မှန်းထားပါသည်။

ဆယ်ဂျုံးမြို့နယ်၏ဖွံ့ဖြိုးတိုးတက်မှုများအပေါ် အားသာချက်၊ အားနည်းချက်များ အားလေ့လာပြီး မိမိနိုင်ငံတွင်နမူနာယူ၍ ဥပမာ-အများပြည်သူလုံခြုံမှုရရှိစေရန် ဆောင်ရွက်ထားရှိမှု (Smart City Centre Project) စသည်ဖြင့် လေ့လာအသုံးချနိုင်စေရန်ရည်ရွယ်၍ ဤဆောင်းပါးအားရေးသားရခြင်းဖြစ်ပါသည်။

# ကမ္ဘာ့အကြီးဆုံးမြို့ပြကြီးဖြစ်လာမည့် မဟာကမ်းခြေဒေသ
# Greater Bay Area

|မြန်မာသူဇာ|

## နိဒါန်း

၁။ တရုတ်နိုင်ငံစီးပွားရေးအတွက် အဓိကကျသည့် ကွမ်တုံပြည်နယ်ရှိမြို့ကြီး ၉ မြို့နှင့် ဟောင်ကောင်၊ မကာအိုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှစ်ခုတို့ပေါင်းစု၍ ဆောင်ရွက်မည့် ကမ္ဘာ့အကြီးဆုံးမြို့ပြကြီးဖြစ်လာမည့် မဟာကမ်းခြေဒေသကို အမေရိကန်နိုင်ငံ ဆန်ဖရန်စစ္စကို ကမ်းခြေဒေသ၊ ဂျပန်နိုင်ငံ တိုကျိုကမ်းခြေဒေသတို့နှင့်အပြိုင် သိပ္ပံနှင့်နည်းပညာ ဗဟိုဌာနအဖြစ် ပြောင်းလဲရန် ဆောင်ရွက်လျက်ရှိပါသည်။

## တရုတ်စီးပွားရေးအတွက် အဓိကကျသည့် ကွမ်တုံပြည်နယ်

၂။ တရုတ်နိုင်ငံသည် ကမ္ဘာ့စီးပွားရေးအင်အား ဒုတိယအကြီးဆုံးနိုင်ငံဖြစ်ပြီး လူဦးရေအားဖြင့် သန်း ၁၄၀၀ ကျော်ရှိကာ ကမ္ဘာ့လူဦးရေအများဆုံး နိုင်ငံတစ်နိုင်ငံလည်း ဖြစ်ပါသည်။ ကွမ်တုံပြည်နယ်သည် ၂၀၁၀ ခုနှစ် သန်းခေါင်စာရင်းအရ လူဦးရေသန်း ၁၀၀ ကျော်ရှိပြီး တရုတ်နိုင်ငံ၏ လူဦးရေအများဆုံးနှင့် အသားတင်ကုန်ထုတ်လုပ်မှု အများဆုံးပြည်နယ်တစ်ခုလည်း ဖြစ်ပါသည်။ ထို့အပြင် တရုတ်နိုင်ငံကုန်သွယ်မှု၏ ၂၆ ရာခိုင်နှုန်းနှင့် တရုတ်ပို့ကုန်ပမာဏ၏ ၂၈ ရာခိုင်နှုန်းကိုလည်းကိုယ်စားပြုလျက် ရှိပါသည်။[1] ကွမ်တုံပြည်နယ်၏ primary industry[2], secondary industry[3] နှင့် tertiary industry[4] တို့မှာ ၄.၆ ရာခိုင်နှုန်း၊ ၄၃.၂ ရာခိုင်နှုန်းနှင့် ၅၂.၁ ရာခိုင်နှုန်း အသီးသီးရှိကြသည်။

၃။ တရုတ်နိုင်ငံတောင်ပိုင်းရှိ ကွမ်တုံပြည်နယ်တွင် မြို့ ၁၉ မြို့ပါဝင်ပြီး ပြည်နယ်၏ မြို့တော်ဖြစ်သည့် **ကွမ်ဂျိုး**အပါအဝင် **ရှန်းကျန့်၊ ဂျူးဟိုင်၊ တွန်းကွာ၊ ဖိုရှန်း၊ ဟွိုင်ဂျိုး၊ ကျန်းရှန်း၊ ကျန်းမင်၊ ဇောက်ချင့်** စသည့် ပုလဲမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသရှိမြို့ကြီး (၉) မြို့သည် မဟာကမ်းခြေဒေသစီမံကိန်းတွင် ပါဝင်ပါသည်။ အဆိုပါ စီမံကိန်းဝင် မြို့ကြီး (၉) မြို့၏ စီးပွားရေးသည်

1 Mark Preen, The Pearl River Delta Greater Bay Area Integration Plan, http://www. china-briefing.com/news/2018/02/05/the-pearl-river-delta-greater-bay-area-integration-plan.html

2 Primary Industry- Sector of an economy making direct use of natural resources

3 Secondary Industry- Manufacturing and Industry

4 Tertiary Industry- Service sector



ကွမ်တုံပြည်နယ် စီးပွား ရေးစုစုပေါင်း၏ ၈၅ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက် ရှိပါသည်။ တရုတ် ပြည်တောင်ဘက် စွန်းစွန်းရှိ အဆိုပါ မြို့ကြီး (၉) မြို့ ပေါင်းစည်းအားသည် တရုတ်နိုင်ငံ နယ်မြေပိုင်ဆိုင်မှု၏ ၁ ရာခိုင်နှုန်းအောက်သာ ရှိပြီး၊ လူဦးရေ၏ ၄ ရာခိုင်နှုန်းသာ ကိုယ်စားပြုနေသော်လည်း နိုင်ငံ့ GDP ၏ ၁၀ ရာခိုင်နှုန်း နီးပါးကိုရရှိအောင် ဆောင်ရွက်ပေးနိုင်သည့် တရုတ်နိုင်ငံ၏ စီးပွားရေးတိုးတက်မှုအတွက် အဓိကကျသည့် စီးပွားရေးဒေသ ဖြစ်ပါသည်။

## ကမ္ဘာ့ပွင့်လင်းမြင်သာမှုအရှိဆုံး စီးပွားရေးစနစ်နှင့် ဟောင်ကောင်


၄။ ဟောင်ကောင်အနေဖြင့် နိုင်ငံအတွင်း ဥပဒေစိုးမိုးမှုအားကောင်းခြင်း၊ သန့်ရှင်းပြီး စွမ်းဆောင်ရည် ပြည့်ဝသောအစိုးရရှိခြင်း၊ ကောင်းမွန်သော ဝန်ဆောင်မှုများနှင့် ပွင့်လင်းမြင်သာသည့် စီးပွားရေးဝန်းကျင်ကောင်း ရှိခြင်းတို့ကြောင့် 'World's Freest Economy' အဖြစ် ၂၄ နှစ်ဆက်တိုက် နေရာယူထားပြီး ဖြစ်သည်။ ထို့အပြင် ဟောင်ကောင်သည် နိုင်ငံတကာဘဏ္ဍာရေး၊ ကုန်သွယ်မှုနှင့် သယ်ယူပို့ဆောင်ရေး ဗဟို ဌာနသာမက ကမ္ဘာ့ကုန်စည်များ ရောင်းဝယ်ဖောက်ကားသည့် ကွန်ရက်တစ်ခုလည်း ဖြစ်သည်။

## ကမ္ဘာ့လူဦးရေအထူထပ်ဆုံးနှင့် အချမ်းသာဆုံးသော ဒေသ မကာအို

၅။ မကာအိုသည် တရုတ်ပြည်မကြီးနှင့် မတူညီသည့် စီးပွားရေးနှင့် နိုင်ငံရေးစနစ်များရှိသည့် တရုတ်ပြည်သူ့သမ္မတနိုင်ငံ၏ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသတစ်ခုဖြစ်ကာ ၁၁.၈ စတုရန်းကီလိုမီတာအတွင်း လူဦးရေခြောက်သိန်းခွဲကျော် နေထိုင်သည့် ကမ္ဘာ့လူဦးရေ အထူထပ်ဆုံးဒေသလည်း ဖြစ်ပါသည်။ ထို့အပြင် မကာအိုသည် ကမ္ဘာ့အချမ်းသာဆုံး ဒေသတစ်ခုဖြစ်ကာ တစ်ဦးကျဝင်ငွေအများဆုံးရှိသည့် နိုင်ငံလည်း ဖြစ်ပါသည်။ မကာအို၏ အဓိကလုပ်ငန်းများမှာ ခရီးသွားလာရေးနှင့် လောင်းကစားဖြစ်ပြီး မကာအိုသည် ကမ္ဘာ့လောင်းကစားမြို့တော်အဖြစ်လည်း ကျော်ကြားသည်။

## ပုလဲမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသ (သို့မဟုတ်) မဟာကမ်းခြေဒေသ

၆။ မဟာကမ်းခြေဒေသသည် တရုတ်နိုင်ငံ တောင်ပိုင်းအား အမေရိကန်နိုင်ငံ၏ ဆန်ဖရန်စစ္စကို ကမ်းခြေဒေသ၊ ဂျပန်နိုင်ငံ၏ တိုကျိုကမ်းခြေဒေသတို့နှင့်အပြိုင် သိပ္ပံနှင့် နည်းပညာဗဟိုဌာနအဖြစ် ပြောင်းလဲလိုသော တရုတ်နိုင်ငံ၏ ရည်မှန်းချက်ကို ထင်ဟပ်လျက်ရှိသည်။[5]




၇။ မဟာကမ်းခြေဒေသစီမံကိန်းကို ၂၀၁၁ ခုနှစ်တွင် ဟောင်ကောင်၊ မကာအို၊ ရှန်းကျန့်၊ တွန်းကွာ၊ ကွမ်ဂျူး၊ ဂျူးဟိုင်နှင့် ကျွန်းရှန်းမှ တာဝန်ရှိသူများမှဆောင်ရွက်ခဲ့သည့် "The Action Plan for the Bay Area of the Pearl River Estuary" မှ စတင်ခဲ့သည်။ ထို့နောက် ၂၀၁၆ ခုနှစ် မတ်လတွင် အတည်ပြုခဲ့သော ၁၃ ကြိမ်မြောက် ၅ နှစ် စီမံကိန်း(၂၀၁၆ ခုနှစ်မှ ၂၀၂၀ ခုနှစ်အထိ) အရ အကောင်အထည်ပေါ်လာရန် တွန်းအားဖြစ်ခဲ့သည်။ ဆက်လက်၍ တရုတ်ဝန်ကြီးချုပ် လီခချန်မှ မတ်လတွင် ပြုလုပ်ခဲ့သော အစိုးရ၏ နှစ်စဉ်အစီရင်ခံစာတွင် တရားဝင် ထုတ်ပြန်ခဲ့သည်။ ထို့နောက် တရုတ်နိုင်ငံတောင်ပိုင်း ပုလဲမြစ်၏ မြစ်ဝ

5 He Huifeng, China holds off on Greater Bay Area master plan as trade turmoil clouds outlook, http://www.scmp.com/news/china/economy/article/2149002/china-holds-greater-bay-area-master-plan-trade-turmoil-clouds

ကျွန်းပေါ်ဒေသတွင် မဟာကမ်းခြေဒေသ စီမံကိန်း Pearl River Delta (PRD) ကို ၂၀၁၇ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့တွင် ကွမ်တုံ၊ ဟောင်ကောင်နှင့် မကာအိုအစိုးရနှင့် National Development and Reform Commission (NDRC) တို့အကြား "The Framework Agreement on Deepening Guangdong-Hong Kong-Macau Cooperation in the Development of the Greater Bay Area" ကို လက်မှတ်ရေးထိုးကာ ဆောင်ရွက်ခဲ့သည်။

၈။ တရုတ်နိုင်ငံရှိပုလဲမြစ်၏ မြစ်ဝကျွန်းပေါ်ဒေသအား "The Factory of the World" ဟု တင်စားကြပြီး ကွမ်တုံဒေသအား ဟောင်ကောင် - မကာအိုဒေသနှင့် ပေါင်းစည်းကာ စက်ရုံအလုပ်ရုံများ တည်ရှိရာဒေသအဖြစ်မှ အဆင့်မြင့်နည်းပညာ ဗဟိုဌာနအဖြစ် ဖော်ဆောင်ကာ ကမ္ဘာ့အဆင့်မီမြို့တော် အစုအဝေးအဖြစ် ဖော်ဆောင်မည်ဖြစ်သည်။ အဆိုပါ ပုလဲမြစ်၏မြစ်ဝကျွန်းပေါ်ဒေသရှိ လူဦးရေသည် ကနေဒါနှင့် ဩစတြေးလျနိုင်ငံတို့ထက် ပိုမိုများပြားကာ ကမ္ဘာ့အကြီးဆုံးမြို့ပြကြီးအဖြစ် ၂၀၁၅ ခုနှစ်တွင် World Band မှ ဖော်ပြခြင်းခံခဲ့ရသည်။

၉။ မဟာကမ်းခြေဒေသတွင် တရုတ်နိုင်ငံကွမ်တုံ ပြည်နယ် တောင်ပိုင်းရှိမြို့ကြီး (၉) မြို့ နှင့် ဟောင်ကောင်၊ မကာအိုစုစုပေါင်း (၁၁) မြို့ပါဝင်ပြီး တရုတ်နိုင်ငံ စီးပွားရေး၏ ၁၄ ရာခိုင်နှုန်းကို ကိုယ်စားပြုလျက်ရှိသည်။ ၂၀၁၇ ခုနှစ်တွင် မဟာကမ်းခြေဒေသ၏ စုစုပေါင်း အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁.၅၆ ထရီလီယံရှိပြီး အာရှ၏ ၅ ခုမြောက် အကြီးဆုံးစီးပွားရေးလည်းဖြစ်ခဲ့သည်။ မဟာကမ်းခြေဒေသ စီမံကိန်းသည် ၅၇၀၀၀ စတုရန်းကီလိုမီတာ ကျယ်ဝန်းကာ လူဦးရေ ၆၈ သန်းခန့်ကို လွှမ်းခြုံမည် ဖြစ်ပါသည်။ ထို့အပြင် တစ်ဦးကျ အသားတင် ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၂၀၄၅၀ ရှိပြီး ပြည်တွင်းအသားတင် ထုတ်လုပ်မှုတန်ဖိုးအားဖြင့် ကြည့်ပါက မဟာကမ်းခြေဒေသသည် တိုကျိုပြီးပါက ကမ္ဘာ့နံပါတ် ၂ နေရာတွင် ရပ်တည်လျက် ရှိသည်။

၁၀။ မဟာကမ်းခြေဒေသစီမံကိန်းတွင် တံတားလမ်းသစ်နှင့် မီးရထားလမ်းသစ်စသည့် အခြေခံအဆောက်အဦများလည်း ပါဝင်မည်ဖြစ်သည်။ ဟောင်ကောင် - ဂျူးဟိုင် - မကာအို တံတားသည် ၅၅ ကီလိုမီတာ (၃၄ မိုင်) ရှည်လျားပြီး ကမ္ဘာ့အရှည်ဆုံး လမ်းတံတားဖြစ်ကာ ၂၀၁၈ ခုနှစ်အတွင်း ဖွင့်လှစ်သွားမည်ဖြစ်ပြီး အဆိုပါတံတားသည် ဟောင်ကောင် နှင့် ဂျူးဟိုင်အကြား ခရီးသွားအကွာအဝေးကို ထက်ဝက်လျှော့ချပေးနိုင်မည်ဖြစ်သည်။ ထို့အပြင် ကွမ်ဂျူး၊ ရှန်းကျန့်နှင့် ဟောင်ကောင်ကို ချိတ်ဆက်ထားသည့် ၁၄၀ ကီလိုမီတာအရှည် မြန်နှုန်းမြင့် မီးရထားလမ်းမှာလည်း ယခုနှစ်အတွင်း စတင်ပြေးဆွဲမည်ဖြစ်ပြီး ကွမ်ဂျူးနှင့် ဟောင်ကောင်အကြား လက်ရှိကြာချိန် ၂ နာရီမှ ၄၈ မိနစ်သို့ လျှော့ချနိုင်မည် ဖြစ်ကြောင်းသိရှိရသည်။ ကွမ်တုံအစိုးရသည် ၁.၄၆ ထရီလီယံယွမ် တန်ဖိုးရှိ ပို့ဆောင်ဆက်သွယ်ရေးစီမံကိန်းကို ဆောင်ရွက်မည်ဖြစ်ပြီး မီးရထားလမ်းမှာ လက်ရှိ ၃၂၀၀ ကီလိုမီတာမှ ၄၄၀၀ ကီလိုမီတာသို့ တိုးချဲ့ဆောင်ရွက်သွားမည် ဖြစ်ပြီး၊ အမြန်လမ်းမှာ ၈၈၀၀ ကီလိုမီတာအထိ တိုးချဲ့ဆောင်ရွက်နိုင်မည်ဖြစ်သည်။ အဆိုပါ တံတားလမ်းသစ်နှင့် မီးရထားလမ်းသစ်တို့သည် ကမ်းခြေဒေသရှိမြို့များအကြား ဆက်သွယ်မှုကို မြန်ဆန်စေမည်ဖြစ်သည့်အပြင် မဟာကမ်းခြေဒေသတွင်း မြို့တော်များအကြား ပိုမိုပူးပေါင်းဆောင်ရွက်မှုကို တိုးမြင့်စေနိုင်မည် ဖြစ်ပါသည်။ ထို့အပြင် တရုတ်နိုင်ငံ၏ စီးပွားရေး အရှိန်အဟုန် မြင့်တင်နိုင်ရန်အတွက်လည်း အဓိကအခန်းကဏ္ဍမှ ပါဝင်လျက် ရှိပါသည်။

## မဟာကမ်းခြေဒေသ၏ အားသာချက်များ

၁၁။ မဟာကမ်းခြေဒေသစီမံကိန်းသည် ဟောင်ကောင်၏ အိမ်ရာနှင့် မြေနေရာ လိုအပ်ချက်ကိုဖြည့်ဆည်းပေးနိုင်မည် ဖြစ်သည်။ စီမံကိန်းကြောင့် တရုတ်ပြည်မကြီးရှိ မြို့တော်များနှင့် ဟောင်ကောင်တို့အကြား ကူးလူးဆက်

သွယ်ခြင်းမှတစ်ဆင့် အသားတင် ပြည်တွင်း ကုန်ထုတ်လုပ်မှုနှင့် စီးပွားရေး ဖွံ့ဖြိုးတိုးတက်စေခြင်းတို့အပြင် လူမှုအကျိုးစီးပွားများလည်း ဖော်ဆောင်ပေးနိုင်မည် ဖြစ်ပါသည်။[6]

၁၂။ ၂၀၁၇ ခုနှစ်တွင် ဟောင်ကောင်နှင့် ရှန်းကျန့်တို့သည် ကမ္ဘာ့စတုတ္ထနှင့် ၂၂ ခု မြောက် အကြီးဆုံးအပြည်ပြည်ဆိုင်ရာငွေကြေးဗဟိုဌာနအဖြစ် သတ်မှတ်ခြင်းခံခဲ့ရသည်။ ထို့အပြင် ရှန်းကျန့်သည် ၁၉၈၆ ခုနှစ်တွင် လူဦးရေ ၂ သိန်းကျော်ရှိသည့် သာမန် ငါးဖမ်းမြို့လေးတစ်မြို့မှသည် ယနေ့တွင် လူဦးရေ ၁၀ သန်းကျော်ရှိသည့် ကမ္ဘာ့ဖွံ့ဖြိုးမှု ဒုတိယအမြန်ဆုံး မြို့ကြီးတစ်မြို့ဖြစ်လာခဲ့သည်။ ရှန်းကျန့်အား တရုတ်နိုင်ငံ၏ "Silicon Valley" အဖြစ်လည်း တင်စားကြသည်။ ကွန်ဂျူးမှာစက်ရုံအလုပ်ရုံများနှင့် ထောက်ပံ့ ပို့ဆောင်ရေးဗဟိုဌာနအဖြစ်လည်းကောင်း၊ မကာအိုနှင့် ဂျူးဟိုင်တို့အား အပန်းဖြေ၊ ခရီးသွားလာရေးတို့တွင်လည်းကောင်း ကျော်ကြားသည်။ ထို့အပြင် တွန်းကွာသည် Samsung နှင့် Nokia ကဲ့သို့ လျှပ်စစ်ပစ္စည်း၊ ဆက်သွယ်ရေးကိရိယာများနှင့် စက်ရုံ အလုပ်ရုံများတည်ရှိသည့် စက်မှုမြို့တော်ကြီးဖြစ်သည့်အပြင် ကမ္ဘာ့အကြီးဆုံး ဈေးဝယ်စင်တာလည်း တည်ရှိပြီး တရုတ်နိုင်ငံ၏ မီးရထားလမ်းများ ဆုံရာဒေသလည်း ဖြစ်ပါသည်။ ထို့ကြောင့် မဟာကမ်းခြေဒေသစီမံကိန်း အကောင်အထည်ပေါ်လာပါက ဒေသအလိုက် အားသာချက်များကို ပိုမိုဖော်ဆောင်ခြင်းဖြင့် စီးပွားရေးပိုမိုတိုးတက်စေမည်ဖြစ်သည်။

## မဟာကမ်းခြေဒေသ၏ အလားအလာများ

၁၃။ ၂၀၂၀ ခုနှစ်တွင် မဟာကမ်းခြေဒေသ၏ အသားတင်ကုန်ထုတ်လုပ်မှုတန်ဖိုးမှာ တိုကျိုကမ်းခြေဒေသနှင့် နယူးယောက်ကမ်းခြေဒေသတို့ထက် ကျော်လွန်ကာ စီးပွားရေး အင်အားအနေဖြင့်ကြည့်ပါက ကမ္ဘာ့အကြီးဆုံးကမ်းခြေဒေသဖြစ်လာနိုင်ကြောင်း China Centre for International Economic Exchanges မှ ခန့်မှန်းထားသည်။

၁၄။ China Development Institute ၏ ဒါရိုက်တာဖြစ်သူမှလည်း မဟာကမ်းခြေ ဒေသရှိ လူဦးရေမှာ ၂၀၅၀ ခုနှစ်တွင် သန်း ၁၂၀ မှ ၂၄၀ အထိ နှစ်ဆခန့် တိုးမြင့်သွားနိုင်ကြောင်း ခန့်မှန်းထားသည်။ ထို့အပြင် တိုကျို၊ နယူးယောက်နှင့် ဆန်ဖရန်စစ္စကိုရှိ ကျော်ကြားသည့် ကမ်းခြေဒေသများနှင့်အပြိုင် မဟာကမ်းခြေဒေသသည် ၂၀၃၀ တွင် အသားတင် ပြည်တွင်းကုန်ထုတ်လုပ်မှုတန်ဖိုး အမေရိကန်ဒေါ်လာ ၄.၆၂ ထရီလီယံ ကျော်ရှိမည်ဟု ခန့်မှန်းထားသည်။

၁၅။ မဟာကမ်းခြေဒေသဖွံ့ဖြိုးတိုးတက်လာပါက လက်ရှိအောင်မြင်နေသည့် ကုန်သွယ်မှုနှင့် ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများ ပိုမိုအောင်မြင်လာမှာဖြစ်ပြီး အနာဂတ်တွင် ဒေသစီးပွားရေး၏ အဓိကမောင်းနှင်အားမှာ ပို့ကုန်ကဏ္ဍဖြစ်လာနိုင်ကြောင်း သုံးသပ်ထားသည်။[7]

ထို့အပြင် မဟာကမ်းခြေဒေသတွင် ထိရောက်ကောင်းမွန်သည့် ကမ္ဘာ့အဆင့်မီ ထောက်ပံ့ပို့ဆောင်ရေးလုပ်ငန်းများလည်း တည်ရှိပါသည်။ မဟာကမ်းခြေဒေသဖွံ့ဖြိုးမှုသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခုအစီအစဉ်အတွက် များစွာ အထောက်အပံ့ဖြစ်စေမည်ဖြစ်သည်။

## မဟာကမ်းခြေဒေသအတွက်စိန်ခေါ်မှုများ

၁၆။ ဒေသတွင်းကုန်စည်နှင့်ဝန်ဆောင်မှုများ၊ လူသားအရင်းအမြစ်များ၊ ထောက်ပံ့ပို့ဆောင်ရေး၊ ငွေသားအရင်းအနှီးနှင့် သတင်းအချက်အလက်များ၊ လွတ်လပ်စွာ စီးဆင်းနိုင်ရန်အပြင် စီးပွားရေး၊ ယဉ်ကျေးမှု၊ နိုင်ငံရေးစနစ်နှင့် ဥပဒေစနစ်များ ပေါင်းစည်းနိုင်ရန်လည်း လိုအပ်ပါသည်။ ထို့အတူ နိုင်ငံဖြတ်ကျော်မှုထိန်းချုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ခြင်း၊ ငွေကြေးသုံးစွဲမှု

6 Alice ShenNaomi Ng, Greater Bay Area' plan could solve Hong Kong's land needs, Chief Executive Carrie Lam and former city leader CY Leung say, http://www.scmp. com/news/hong-kong/ hong-kong-economy/article/2149595/greater-bay-area-plan-could-solve-hong-kongs-land

7KPMG, The Greater Bay Initiative, https://home.kpmg.com/cn/en/home/insights/2017/09/the-greater-bay-area-initiative.html

စနစ်၊ ဥပဒေနှင့် အခွန်စနစ် အပြင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ နည်းဥပဒေများ၊ စီးပွားရေးမူဝါဒများ၊ လုပ်ထုံးလုပ်နည်းများ မတူညီမှုကိုညှိယူရန်လည်း လိုအပ်မည် ဖြစ်ပါသည်။

၁၇။ မဟာကမ်းခြေဒေသတွင် ရင်းနှီးမြှုပ်နှံသူများအား ဆွဲဆောင်နိုင်ရန်အတွက် ငွေသားအရင်းအနှီး ၃၉ ရာခိုင်နှုန်း၊ လူသားအရင်းအမြစ် ၁၉ ရာခိုင်နှုန်း၊ ဝန်ဆောင်မှု ၁၆ ရာခိုင်နှုန်းနှင့် သတင်းအချက်အလက် ၁၅ ရာခိုင်နှုန်းတို့ လွတ်လပ်စွာစီးဆင်းနိုင်ရန် လည်းလိုအပ်ကြောင်း တွေ့ရှိခဲ့ကြသည်။ ထို့အပြင် မဟာကမ်းခြေဒေသစီမံကိန်း အောင်မြင်ရန်အတွက် အဓိကကျသည့် အချက် ၃ ချက်မှာ အစိုးရ၏ ကူညီပံ့ပိုးမှု၊ ဥပဒေနှင့် လုပ်ထုံးလုပ်နည်းများ ကိုက်ညီမှုနှင့် အခြေခံအဆောက်အဦများဖြည့်ဆည်း ပေးနိုင်မှုတို့ဖြစ်ကြောင်းလေ့လာဆန်းစစ်ချက် အစီရင်ခံစာတွင် ဖော်ပြထားပါသည်။ [8]

## မဟာကမ်းခြေဒေသနှင့် မြန်မာနိုင်ငံ

၁၈။ ကမ္ဘာ့နိုင်ငံ ၆၅ နိုင်ငံနှင့် ချိတ်ဆက်ဆောင်ရွက်ပြီး ကမ္ဘာ့လူဦးရေ၏ ၆၂ ရာခိုင်နှုန်း၊ ကမ္ဘာ့ကုန်သွယ်မှု၏ ၆၂ ရာခိုင်နှုန်းနှင့် ကမ္ဘာ့ GDP ၏ ၃၁ ရာခိုင်နှုန်းကျော်ကို ကိုယ်စားပြုနေသည့် တရုတ်နိုင်ငံ၏ စီမံကိန်းကြီးတစ်ခုဖြစ်သည့် ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခုအစီအစဉ်၏ အဓိက စင်္ကြံ ၆ ခုအနက် ၂ ခုဖြစ်သည့် "Bangladesh-China-India-Myanmar Economic Corridor (BCIM) နှင့် China-Indochina Peninsular Economic Corridor စသည့် စင်္ကြံများတွင် မြန်မာနိုင်ငံပါဝင်ပြီး၊ အဓိက ဆိပ်ကမ်း ၈ ခုတွင်မြန်မာနိုင်ငံမှ ကျောက်ဖြူဆိပ်ကမ်းသည်လည်း တစ်ခုအပါအဝင် ဖြစ်ပါသည်။ မဟာကမ်းခြေဒေသတွင် ပါဝင်သောမြို့ကြီးများသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းတစ်ခု လမ်းကြောင်းတစ်ခု အစီအစဉ်တွင်လည်း ပါဝင်သည့် အတွက် အဆိုပါ မဟာကမ်းခြေဒေသ ဖွံ့ဖြိုးတိုးတက်မှုသည် မြန်မာ့စီးပွားရေး တိုးတက်မှုနှင့်လည်း ချိတ်ဆက်လျက်ရှိပါသည်။

၁၉။ ရပ်ဝန်းတစ်ခုလမ်းကြောင်းတစ်ခုအစီအစဉ်အရ လမ်းတံတားများ၊ စက်ရုံများနှင့် ဆက်သွယ်ရေးစနစ်များ တည်ဆောက်ခြင်းဖြင့် အဆိုပါ အစီအစဉ်တွင် ပါဝင်သည့် မြန်မာနိုင်ငံအပါအဝင် အခြားနိုင်ငံများတွင် အခြေခံအဆောက်အဦများနှင့် လုပ်ငန်းများ ချိတ်ဆက် ဆောင်ရွက်မှုများ ပိုမိုကောင်းမွန်လာမည်ဖြစ်သည့်အတွက် စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို ပိုမိုကောင်းမွန်စေမည် ဖြစ်ပါသည်။ ထို့အပြင် ဟောင်ကောင်သည် မြန်မာနိုင်ငံအတွက် စတုတ္ထအများဆုံး ရင်းနှီးမြှုပ်နှံသူဖြစ်သည့်အတွက် ဟောင်ကောင် စီးပွားရေးတိုးတက်လာမှုကြောင့် မြန်မာနိုင်ငံအတွင်း ဟောင်ကောင်၏ ရင်းနှီးမြှုပ်နှံမှုများပိုမို စီးဝင်လာနိုင်ဖွယ်ရှိပါသည်။

၂၀။ သို့သော် မြန်မာနိုင်ငံအနေဖြင့် ပြည်တွင်း အကျိုးစီးပွားကိုထိရောက်စွာ အကာအကွယ်ပေးနိုင်မည့် ရှင်းလင်းတိကျသည့် ဖွံ့ဖြိုးမှုမဟာဗျူဟာများ၊ ခိုင်မာကောင်းမွန်သည့် အဖွဲ့အစည်းစနစ်နှင့် ပွင့်လင်းမြင်သာမှုများ ပိုမိုဖော်ဆောင်ခြင်းဖြင့်သာ နိုင်ငံ့စီးပွားရေး၏ အနာဂတ်ကို ကိုယ်တိုင်ပုံဖော်နိုင်မည် ဖြစ်ပါသည်။

## နိဂုံး

၂၁။ မဟာကမ်းခြေဒေသတွင် ပါဝင်သောဒေသများ အနေဖြင့် ၎င်းတို့နယ်မြေအလိုက် အားသာချက်များကို ပိုမိုကောင်းမွန်အောင် အသုံးချခြင်းအားဖြင့် စီမံကိန်း၏အဓိက ရည်ရွယ်ချက်ဖြစ်သည့် သိပ္ပံနှင့်နည်းပညာဗဟိုဌာနအဖြစ် လည်းကောင်း၊ ကမ္ဘာ့အဆင့်မီ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ခေတ်မီလုပ်ငန်းများ ထူထောင်နိုင်မည်ဖြစ်သည့်အပြင် မြန်မာနိုင်ငံအနေဖြင့်လည်း မဟာကမ်းခြေဒေသရှိမြို့ကြီးများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် ကမ္ဘာ့ဈေးကွက်တွင် ယှဉ်ပြိုင်နိုင်စွမ်း ပိုမိုမြင့်မားလာပြီး ကုန်သွယ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့ ပိုမိုဆွဲဆောင်နိုင်သည့် စီးပွားရေးဝန်းကျင်

8 KPMG, The Greater Bay Initiative, https://home.kpmg.com/cn/en/home/insights/2017/09/the-greater-bay-area-initiative.html

တစ်ခုအဖြစ် ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း သုံးသပ်ရပါသည်။

### ကိုးကားစာရင်း

1/ Alice ShenNaomi Ng, Greater Bay Area' plan could solve Hong Kong's land needs, Chief Executive Carrie Lam and former city leader CY Leung say, http://www.scmp.com/news/hong-kong/ hong-kong-economy/article/2149595/ greater-bay-area-plan-could-solve-hong-kongs-land

2/ Eustance Huang, There are tremendous opportunities in the Greater Bay Area initiative, says Hong Kong legislator, https://www.cnbc.com/2018/04/23/tremendous-opportunities-in-chinas-greater-bay-area-hk-legislator.html

3/ He Huifeng, China holds off on Greater Bay Area master plan as trade turmoil clouds outlook,http://www.scmp.com/news/ china/ economy/article/2149002/china-holds-greater-bay-area-master-plan-trade-turmoil-clouds

4/ KPMG, The Greater Bay Initiative, https://home.kpmg.com/ cn/en/ home/insights/ 2017/09/ the-greater-bay-area-initiative.html

5/ Mark Preen, The Pearl River Delta Greater Bay Area Integration Plan, http://www.china-briefing.com/news/2018/02/05/the-pearl-river-delta-greater-bay-area-integration-plan.html

6/ MACAUHUB, China´s Premier promises Greater Bay Area plan in 2018, https:// macauhub.com.feature/chinas-premier-promises-greater-bay-area-plan-in-2018/

7/ Peter Sabine, Can China's Greater Bay Area initiative really work¿,http://www.scmp.com/special-reports/business/topics/special-report-greater-bay-area/article/2147716/can-china-greater

8/ PWC, New opportunities for the Guangdong-Hong Kong-Macau Greater Bay Area, https://www.pwccn.com/en/research-and-insights/new-opportunities-for-the-guangdong-hong-kong-macau-greater-bay-area.html

9/ Tony Cheung, Hong Kong can be a 'powerful connection point' for Belt and Road countries, city's chief executive tells business summit, http://www.scmp.com/news/hong-kong/hong-kong-economy/article/2152989/hong-kong-powerful-connection-point-belt-and-road

10/ Wei Yiyang, Liu Yanfei, Wang Jing and Han Wei, China's Great Ambition in Greater Bay Area, https://www.caixinglobal.com/2018-05-28^chinas-great-ambition-in-greater-bay-area-101257570.html

11/ Zhu Lingqing, Development plan for Greater Bay Area to be unveiled, http://www.chinadaily.com.cn/a/201803/15/WS5aaa0caca3106e7dcc141db9.html



# AMRO အကြောင်းသိကောင်းစရာ

|ညောင်တိုင် (CSO)|

တကယ်တော့ ဆောင်းပါးရေးမည်ဆိုလျှင် လွယ်သယောင်နှင့် ခက်ခဲလှပါသည်။ ရသဆောင်းပါးဖြစ်ဖို့ကလည်း ရင်တွင်းခံစားချက်ရှိရန် လိုအပ်သကဲ့သို့ သုတဆောင်းပါးဖြစ်ရန်ကလည်း အခြေခံဗဟုသုတရှိရန်လည်း လိုအပ်ပါသည်။ တစ်ဖက်တွင်လည်း ဝါသနာနှင့် ပင်ကိုယ်အရည်အသွေးလည်း လိုအပ်ပါသည်။ စာရေးသူများအနေဖြင့် ဆောင်းပါးတစ်ပုဒ် ထွက်ရှိလာရန် မြောက်မြားစွာသော စာပေများ ဖတ်ရှုလေ့လာမှတ်သားပြီးမှ ကောက်နှုတ်၍ ကိုယ်ပိုင်အတွေးအခေါ်များဖြင့် ပေါင်းစပ်ရေးသားမှုများ ပြုကြရပါသည်။

မိမိအနေဖြင့် ဆောင်းပါးပို့ရန် သတ်မှတ်သည့်နေ့ရက် နီးလာသဖြင့် ကြိုးစား၍ သိရှိသည့် ဗဟုသုတများဖြင့် ဆောင်းပါးတစ်ပုဒ်ရေးသားခဲ့ပါသည်။ မိမိရေးသားခဲ့သော ဆောင်းပါးမှာဆောင်းပါးမကျ စာတမ်းတစ်စောင်ကဲ့သို့သာ ထွက်ရှိလာခဲ့ပါတော့သည်။ တစ်နည်းဆိုလျှင် 'တံငါနားနီးတံငါ'၊ 'မုဆိုးနားနီးမုဆိုး' ဆိုသည့် စကားပုံအတိုင်း ဖြစ်နေပါတော့သည်။ အဘယ်ကြောင့်ဆိုသော် လတ်တလောတွင် အခြားသူများ၏

သုတေသနစာတမ်းများအား လေ့လာဖတ်ရှုခြင်း၊ ကိုယ်တိုင်သုတေသနစာတမ်းများ ရေးသားခြင်းကို နေ့စဉ်ပြုလုပ်လျက်ရှိပါသည်။ ထို့ကြောင့် မိမိ၏ရေးသားမှုမှာ ဆောင်းပါးထက် စာတမ်းငယ်ပိုဆန်သည့် ရေးသားမှုများ ဖြစ်နေသည့်အတွက် အကြိမ်ကြိမ် ရေးသားခြင်းများ ပြုလုပ်ခဲ့ရပါသည်။ မိမိအနေဖြင့် လတ်တလောတွင် တွဲဖက်တာဝန်ထမ်းဆောင်နေသည့် AMRO အဖွဲ့အစည်းအကြောင်းအား ဗဟုသုတအနေဖြင့် ရေးသားတင်ပြလိုပါသည်။

AMRO ဆိုသည်မှာ အာဆီယံ+၃ မေခရိုစီးပွားရေး သုတေသနရုံး (ASEAN+3 Macroeconomic Research Office) ဖြစ်ပါသည်။ AMRO ၏ ရည်မှန်းချက်မှာ ဒေသဆိုင်ရာ မေခရိုစီးပွားစောင့်ကြည့်လေ့လာခြင်းအတွက် မေခရို စီးပွားရေးခိုင်မာတောင့်တင်းစေရန်နှင့် ဘဏ္ဍာရေးဆိုင်ရာ တည်ငြိမ်မှုရှိစေရန်အတွက် အဖွဲ့ဝင်နိုင်ငံများဖြင့် ပါဝင်ဆောင်ရွက်ရန်ဖြစ်ပါသည်။ AMRO အဖွဲ့ဝင်နိုင်ငံများမှာ အာဆီယံ (၁၀) နိုင်ငံ (ဘရူးနိုင်း၊ ကမ္ဘောဒီးယား၊ အင်ဒိုနီးရှား၊ လာအို၊ မလေးရှား၊ မြန်မာ၊ ဖိလစ်ပိုင်၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်) နှင့် အပေါင်း (၃) နိုင်ငံ (တရုတ်၊ တရုတ် (ဟောင်ကောင်)၊ ဂျပန်နှင့် ကိုရီးယားတို့ဖြစ်ပါသည်။

တစ်နည်းအားဖြင့် AMRO သည် Chiang Mai Initiative Multilateralisation (CMIM) ၏ ဒေသဆိုင်ရာ မေခရိုစီးပွားရေးစောင့်ကြည့်မှုယူနစ်တစ်ခုလည်း ဖြစ်ပါသည်။ CMIMသည် အာဆီယံ+ ၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများမှ ၄င်းတို့၏အဖွဲ့ဝင်နိုင်ငံများအကြား အမေရိကန်ဒေါ်လာ (၂၄၀) ဘီလီယံဖြင့် ဆောင်ရွက်ရန် ဘက်ပေါင်းစုံပါဝင်သော ငွေကြေးလဲလှယ်မှုအစီအစဉ် သဘောတူညီချက်အား ၂၀၁၀ ခုနှစ် မတ်လ ၂၄ ရက်နေ့တွင် လက်မှတ်ရေးထိုးခဲ့ပြီး တည်ထောင်သည့် အဖွဲ့အစည်းတစ်ခုဖြစ်ပါသည်။

AMRO ကို စီးပွားရေးစောင့်ကြည့်အကဲခတ် ခြင်းအား မြှင့်တင်ဆောင်ရွက်နိုင်ရန် ရည်ရွယ်၍ လွတ်လပ်သောဒေသဆိုင်ရာ စောင့်ကြည့်မှုယူနစ်တစ်ခုအဖြစ် တည်ထောင်ရန်အတွက် အာဆီယံ+၃ ဘဏ္ဍာရေးဆိုင်ရာ ဝန်ကြီးများ၏ သဘောတူညီချက်အရ ၂၀၁၁ ခုနှစ် ဧပြီလတွင် စင်ကာပူနိုင်ငံ၌ကုမ္ပဏီအနေဖြင့် ဖွဲ့စည်းခဲ့ပါသည်။ ထို့နောက် ၂၀၁၆ ခုနှစ် ဖေဖော်ဝါရီလမှ စတင်ကာ နိုင်ငံတကာအဖွဲ့အစည်းအဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။

**AMRO ၏ ရည်ရွယ်ချက်များမှာ–**

(၁) အာဆီယံ+၃ ဒေသဆိုင်ရာ၏ မေခရို စီးပွားရေး အခြေအနေနှင့် ဘဏ္ဍာရေးဆိုင်ရာခိုင်မာမှုကို စောင့်ကြည့်ရန်နှင့် အကဲဖြတ်ရန်၊

(၂) CMIM ၏ အကောင်အထည်ဖော်ဆောင်ရွက်မှုအား ပံ့ပိုးပေးရန်၊

(၃) အဖွဲ့ဝင်နိုင်ငံများအား နည်းပညာအကူအညီ ပေးရန်တို့ ဖြစ်ပါသည်။

AMRO အနေဖြင့် မိမိ၏လုပ်ပိုင်ခွင့်အာဏာ တိုးတက်ရန်နှင့် ရည်မှန်းချက်များ ပြီးမြောက်စေ၍ အများဆုံးအကျိုးသက်ရောက်မှုရှိရန် ဒေသဆိုင်ရာနှင့် ဂလိုဘယ်အထိကွန်ရက်များကိုတိုးချဲ့တည်ထောင်ရန်နှင့် အာဆီယံ+၃ ဒေသအတွင်း ပထမတန်းစား နိုင်ငံတကာအဖွဲ့အစည်းဖြစ်ရန်နှင့် AMRO ၏ လုပ်ငန်းစဉ်များအား ဖြည့်ဆည်းပြီးမြောက်ရန်အတွက် မိတ်ဖက်အဖွဲ့အစည်းများ (နိုင်ငံတကာအဖွဲ့အစည်းများ၊ ပညာရေးဆိုင်ရာအသင်းအဖွဲ့များ၊ တက္ကသိုလ်အဖွဲ့အစည်းများ၊ ပုဂ္ဂလိကဘဏ္ဍာရေးဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသဆိုင်ရာနှင့် ဂလိုဘယ်ဆိုင်ရာမှ အစိုးရအဖွဲ့အစည်းနှင့် အစိုးရအဖွဲ့အစည်းမဟုတ်သော ကဏ္ဍဆိုင်ရာများမှ အဖွဲ့အစည်းများအားလုံး) နှင့်အတူ လေးလေးနက်နက် ဆက်သွယ် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပါသည်။ ထို့ပြင် AMRO သည် Joint collaboration ပြုလုပ်ရန်အတွက် Asian Development Bank (ADB), European Stability Mechanism (ESM), International Monetary Fund (IMF), Latin American Reserve Fund (FLAR) စသည့် အဖွဲ့အစည်းများဖြင့်လည်း Memoranda of Understanding (MoUs) လက်မှတ်ရေးထိုးထားခဲ့ပြီးဖြစ်ပါသည်။

AMRO အနေဖြင့် ဒေသဆိုင်ရာ စီးပွားရေးပြုပြင်

ပြောင်းလဲမှုဆိုင်ရာ အခြေအနေများ၊ ဘဏ္ဍာရေးဆိုင်ရာ အခြေအနေနှင့် ငွေရေးကြေးရေးဆိုင်ရာအခြေအနေများအား လေ့လာသုံးသပ်၍ မူဝါဒရေးရာအကြံပြုချက်များအတွက် သုတေသနလုပ်ငန်းရပ်များကို အဓိကဆောင်ရွက်လျက်ရှိပါသည်။ Publications အနေဖြင့် AMRO Annual Report၊ ASEAN+3 Regional Economic Outlook (AREO)၊ Annual Consultation Report၊ AMRO Thematic Studies၊ ASEAN+3 Research Group Report စသည်ဖြင့် နိုင်ငံအလိုက် သုတေသနစာစောင်များ ပြုစုထုတ်ဝေလျက်ရှိပါသည်။

AMRO သည် နှစ်စဉ် Secondment Program ဖြင့် အာဆီယံ+၃ ဒေသအတွင်း အဖွဲ့ဝင်နိုင်ငံများမှ ဗဟိုဘဏ်နှင့် ဘဏ္ဍာရေးဝန်ကြီးဌာနများမှ ဝန်ထမ်းများအား Secondee အဖြစ် **ကာလရှည်** (ပထမ ၂ နှစ်နှင့် ထပ်တိုး ၁ နှစ်) နှင့် **ကာလတို** (ပထမ ၆ လနှင့် ထပ်တိုး ၆ လ) ဟူ၍ တွဲဘက်တာဝန်ထမ်းဆောင်ရန် ခေါ်ယူလေ့ရှိပါသည်။ Secondee များအား ခေါ်ယူရာတွင် မေခရိုစီးပွားရေးတွင် ပါဝင်သည့် External Sector၊ Monetary Sector၊ Real Sector၊ Financial Sector နှင့် Fiscal Sector တို့တွင် ကျွမ်းကျင်သော လုပ်သက် အနည်းဆုံး (၅) နှစ် (အချို့နိုင်ငံများတွင် Secondee အတွက် လုပ်သက်သည် (၁၀) နှစ် သတ်မှတ်သည့်အတိုင်းလည်း ဖြစ်နိုင်ပါသည်) နှင့် နိုင်ငံခြားမှ မဟာဘွဲ့အနည်းဆုံး ရရှိပြီးသောသူများ၊ သုတေသနစာတမ်းရေးသားနိုင်ရန်အတွက် အင်္ဂလိပ်စာ အရေး / အပြော ကျွမ်းကျင်မှုကို ဦးစားပေးခေါ်ယူပါသည်။

ကာလရှည် **Secondment Program** သည် Decision Maker အဆင့်ဖြစ်သည့် အတွက် Group Head တာဝန်ဖြင့် နိုင်ငံ ၂ နိုင်ငံ (သို့မဟုတ်) ၃ နိုင်ငံတို့၏ မေခရိုစီးပွားရေးနှင့် ဈေးကွက်စောင့်ကြည့်ခြင်းအပြင် သက်ဆိုင်ရာနိုင်ငံများ၏ သုတေသန စာတမ်းများနှင့် အစီရင်ခံစာများအတွက် တာဝန်ယူဆောင်ရွက်ရပါသည်။

**ကာလတို Secondment Program** သည် လုပ်ငန်းခွင်သင်တန်း (On job training) တစ်ခုလည်းဖြစ်ပါသည်။ Secondment Program ခေါ်ယူရသည့် အဓိကရည်ရွယ်ချက်မှာ အာဆီယံ+၃ ဒေသအတွင်းအဖွဲ့ဝင်နိုင်ငံများ၏ မေခရိုစီးပွားရေးဆိုင်ရာ ကိန်းဂဏန်း အချက်အလက်များ သိရှိရန်နှင့် အခြားသော အခြေအနေအကြောင်းအရာများ သိရှိရန် အတွက်လည်းကောင်း၊ ဒေသအတွင်း အဖွဲ့ဝင်နိုင်ငံများနှင့် လုပ်ငန်းဆောင်ရွက်မှုထိရောက် မြန်ဆန်ရန်နှင့် အချင်းချင်းချိတ်ဆက်ဆောင်ရွက်မှု ချောမွေ့စေရန်အတွက်လည်းကောင်း၊ ၎င်းတို့၏ ရည်မှန်းချက်များနှင့် လုပ်ငန်းဆောင်ရွက်မှုများ နားလည်သဘောပေါက်စေရန်နှင့် မေခရိုစီးပွားရေးဆိုင်ရာ စိစစ်သုံးသပ်မှုများ တတ်ကျွမ်းစေရန်အတွက်လည်းကောင်း ဖြစ်ပါသည်။

AMRO သည် အာဆီယံ+၃ ဒေသဆိုင်ရာ စီးပွားရေးအမြင်ဆန်းစစ်ချက်များသည် အာဆီယံ+၃ ဒေသရှိ အဓိကစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုများနှင့် စွန့်စားမှုများအား စဉ်ဆက်မပြတ်စောင့်ကြည့်မှုများ ပြုလုပ်လျက်ရှိပါသည်။ အဓိကအားဖြင့် AMRO ရှိ စောင့်ကြည့်ရေးအုပ်စုဝန်ထမ်းများ၏ သုတေသနများနှင့် အဖွဲ့ဝင်နိုင်ငံများသို့ ညှိနှိုင်းတိုင်ပင် ဆွေးနွေးမှုခရီးစဉ်များမှတစ်ဆင့် လတ်တလော ဖွံ့ဖြိုးတိုးတက်မှုများနှင့် ဒေသဆိုင်ရာ စီးပွားရေးအမြင်နှင့် ကမ္ဘာ့စီးပွားရေးနှင့် ယင်း၏ချိတ်ဆက်မှုတို့အပြင် ဘဏ္ဍာရေးဈေးကွက်များတွင် ဒေသတွင်းချိတ်ဆက်မှုများအတွက် ပြည့်စုံသော ဆန်းစစ်မှုတို့ကို ဖြည့်ဆည်းပေးလျက်ရှိသည့်အဖွဲ့အစည်းတစ်ခု ဖြစ်ပါကြောင်းနှင့် AMROအခန်းကဏ္ဍကြောင်း လေ့လာလိုပါက ယင်း၏ဝက်ဆိုက် (www.amro-asia.org) သို့ ဝင်ရောက်လေ့လာနိုင်ပါကြောင်း သိကောင်းစရာအနေဖြင့် ရေးသားတင်ပြအပ်ပါသည်။

# လူ့စွမ်းအားအရင်းအမြစ်နှင့်
# အဖွဲ့အလိုက်ဆောင်ရွက်နိုင်မှု

|ဝင်းဝင်းဝါ|

လူ့စွမ်းအားအရင်းအမြစ်ကို သင်မည်သို့နားလည်သဘောပေါက်ပါသနည်း။ လူ့စွမ်းအား အရင်းအမြစ်များသည် နိုင်ငံတစ်နိုင်ငံအတွင်းမှ အထောက်အပံ့ပြုနိုင်သည့် လူသားများအားလုံး ပါဝင်သည့်အပြင် နိုင်ငံအတွက် အကျိုးဖြစ်ထွန်းစေရန် ရင်းနှီးမြှုပ်နှံထားသည့် အရင်းအနှီးတစ်ခုလည်းဖြစ်ပါသည်။ နိုင်ငံမှ ပိုင်ဆိုင်ထားသည့် ဥစ္စာဓနအနေအထားထက် ကျော်လွန်၍ ပြောင်းလဲနေသော တန်ဖိုးများအဖြစ် သဘောထားရမည်ဖြစ်ပါသည်။ သို့သော် ထိုအရင်းအမြစ်များကို သေချာစွာ စီမံခန့်ခွဲနိုင်ရန် လိုအပ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်များအား စီမံခန့်ခွဲခြင်း၏ ရည်ရွယ်ချက်သည် အဖွဲ့အစည်းတစ်ခုအတွင်း တာဝန်ယူဆောင်ရွက်နေကြသည့် ဝန်ထမ်းများ၏ ဘဝအောင်မြင်မှုပန်းတိုင် ရရှိနိုင်အောင် နည်းလမ်းတကျ ဆောင်ရွက်ခြင်းဖြစ်ပါသည်။ လူ့စွမ်းအားအရင်းအမြစ် ကျွမ်းကျင်သူများသည် အဖွဲ့အစည်းတစ်ခု၏ ပါဝင်ဆောင်ရွက်သူများနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် မူဝါဒများနှင့် လုပ်ငန်းစဉ်များအပေါ် အလေးထားပြီး စီမံခန့်ခွဲကြသကဲ့သို့ သင်တန်းနှင့် ဖွံ့ဖြိုးမှုကျွမ်းကျင်သူများသည် ဝန်ထမ်းများ၏ အရည်အသွေး တောက်ပြောင်စေရန် သင်တန်းအစီအစဉ်များဆွဲ၍ သင်တန်းပေးခြင်း၊ ဖွံ့ဖြိုးမှု ဆက်လက်တည်တံ့စေရန် စွမ်းရည်ကို အကဲဖြတ်ခြင်းနှင့် ထူးချွန်သူများအား ချီးမြှင့်ခြင်းစသည်တို့အား အလေးထား စီမံဆောင်ရွက်ရမည်ဖြစ်ပါသောကြောင့် အစိုးရဌာနများသာမက ပြင်ပလုပ်ငန်းများတွင်လည်း လူ့စွမ်းအားအရင်းအမြစ်ဌာနများ ဖွဲ့စည်းထားကြခြင်း ဖြစ်ပါသည်။



လူ့စွမ်းအားအရင်းအမြစ်ဌာနများသည် အဖွဲ့အစည်းတစ်ခုအတွင်းရှိဝန်ထမ်းများ၏အကျိုးကျေးဇူးရှိနိုင်သည့် အချက်အလက်များအား ခြုံငုံသုံးသပ်ခြင်း၊ ဝန်ထမ်းများ၏ လိုအပ်ချက်များ ဖြည့်တင်းပေးခြင်း၊ ဖွံ့ဖြိုးမှုသင်တန်းများပေးခြင်း၊ စွမ်းဆောင်ရည် စိစစ်ခြင်းနှင့် ထူးချွန်သူများအားဆုပေးခြင်း စသည်တို့အတွက် ဆောင်ရွက်ရမည့် တာဝန်ရှိပါသည်။

လူ့စွမ်းအားအရင်းအမြစ်သည် အဖွဲ့အစည်းတစ်ခုအတွင်း အပြောင်းအလဲ ဖြစ်စေနိုင်ခြင်းနှင့် အခြားသော လုပ်ငန်းပိုင်းဆိုင်ရာ ဆက်နွယ်မှုများနှင့်လည်း ဆက်စပ်ပတ်သက်လျက်ရှိသည့်အတွက် အစိုးရဥပဒေများနှင့် အချင်းချင်း သဘောတူညီမှုများမှ လိုအပ်ချက်များကို အခြေခံ၍ အဖွဲ့အစည်းဆိုင်ရာ အလေ့အကျင့်ကောင်းများကို ချိန်ညှိရန် လူ့စွမ်းအားအရင်းအမြစ်ဌာနများမှ ဆောင်ရွက်ခြင်းဖြစ်ပါသည်။

ဝန်ထမ်းတစ်ဦးချင်း၏ စည်းကမ်းချိုးဖောက်မှုများဖြစ်သည့် အလုပ်ခွင်အတွင်း နှောင့်ယှက်ဒုက္ခပေးမှုနှင့် ခွဲခြားဆက်ဆံမှုများသည် ဝန်ထမ်းအများနှင့်လည်း ဆက်စပ်သက်ဆိုင်နေသည့် အခြေအနေဖြစ်သည့်အတွက် အရေးယူဆောင်ရွက်ရန်နှင့် ဝန်ထမ်းများ၏ လုပ်ငန်းခွင် ထိခိုက်မှုပေးလျော်ခြင်းများ၊ မိသားစုအရေးနှင့်စပ်လျဉ်းသည့် ခွင့်ကိစ္စများ၊ ဈေးလျှော့ပစ္စည်း ဝယ်ယူမှု အခွင့်အရေးများနှင့် အခြားသော ဆက်စပ်အခွင့်အရေးများအား ရရှိနိုင်ရန် လူ့စွမ်းအားအရင်းအမြစ်ဌာနများမှ ဆောင်ရွက်ရမည် ဖြစ်ပါသည်။

လူ့စွမ်းအားအရင်းအမြစ်များအား စီမံခန့်ခွဲမှုနိုင်မှုသည် အဖွဲ့အစည်းတစ်ခုအတွင်း ပါဝင်ဆောင်ရွက်ကြသည့် လူများအားလုံးအတွက် ထိရောက်မှုရှိသောနည်းဗျူဟာကျ ချဉ်းကပ်နည်းလမ်းတစ်ခုဖြစ်ပြီး သမာသမတ်ကျကျ ယှဉ်ပြိုင်မှုကို တွန်းအားပေးသကဲ့သို့ ပါဝင်သူများ၏ စွမ်းဆောင်ရည်ကိုလည်း မီးမောင်းထိုးပြနိုင်ပါသည်။ အဓိကအားဖြင့် အဖွဲ့အစည်းတစ်ခုအတွင်းရှိ ဝန်ထမ်းများအတွက် မူဝါဒနှင့်စနစ်ကို အလေးထား ဆောင်ရွက်ခြင်းဖြစ်ပါသည်။

၂၀ ရာစုအစောပိုင်းတွင် ပူးပေါင်းဆောင်ရွက်မှုများ၏ ပြယုဂ်တစ်ခုဖြစ်သည့် လူ့စွမ်းအား အရင်းအမြစ်များသည် လုပ်ငန်းတစ်ခုလုံး၏ နည်းဗျူဟာကျ စီမံခန့်ခွဲမှုမှတစ်ဆင့် ထပ်ဆင့်တိုးတန်ဖိုး ဖန်တီးသည့်နည်းလမ်း အသုံးပြုမှုအဖြစ် စတင်ခဲ့ပါသည်။ အစဦးပိုင်းတွင် လုပ်ငန်းခွင် အုပ်ချုပ်ခြင်းနှင့် လစာပေးခြင်းစသည့် လုပ်ငန်း အပြောင်းအလဲများနှင့် လွှမ်းမိုးထားသော်လည်း ကမ္ဘာလုံးဆိုင်ရာ ဖြစ်စဉ်များကြောင့် စုပေါင်းအသုံးပြုသည့် ရန်ပုံငွေဆိုင်ရာ ကိစ္စရပ်များ၊ နည်းပညာဆိုင်ရာ အဆင့်မြင့်လာမှုများ၊ ပိုမိုလေ့လာအားထုတ်ရှာဖွေမှုများကြောင့် ၂၀၁၅ ခုနှစ်မှစ၍ နည်းပညာများဆိုင်ရာ ကုမ္ပဏီများပေါင်းစပ်ခြင်း၊ စွမ်းရည်ဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ဆက်ခံနိုင်သူစီစဉ်ခြင်း၊ လုပ်ငန်းနှင့် ဝန်ထမ်းဆိုင်ရာအကြား ကွဲပြားမှုနှင့် ပါဝင်လုပ်ဆောင်မှုတို့ကို စိစစ်ခြင်း စသည့်နည်းလမ်းတို့အပေါ် အဓိကထားခဲ့ပါသည်။

လက်ရှိကာလ အပြည်ပြည်ဆိုင်ရာ ကိုယ်ပိုင်လုပ်ငန်း အဖွဲ့အစည်း အများစုသည် အရည်အသွေးနည်းသော ဝန်ထမ်းများကို လျှော့ချခြင်းနှင့် အရည်အသွေးနှင့် ဗဟုသုတကြွယ်ဝသည့် ဝန်ထမ်းများကို တည်တံ့စေရန် ထိန်းသိမ်းထားခြင်းတို့ဖြင့် ၎င်းတို့၏ လုပ်ငန်းခွင်အား ဦးဆောင်ခဲ့ပါသည်။ လုပ်ငန်းခွင်စရိတ် ကြီးမြင့်ခြင်းနှင့် ဝန်ထမ်းသစ်များ၏ အတွေ့အကြုံနည်းပါးမှု အခက်အခဲများ ကြုံတွေ့ရမှုကြောင့် လစ်လပ်နေရာများတွင် ခန့်ထားရန် အဆင်မပြေမှုများရှိသဖြင့် လူ့စွမ်းအားအရင်းအမြစ်ဌာနများသည် ဝန်ထမ်းများ၏ စိတ်ပိုင်းဆိုင်ရာ အားကောင်းမှုနှင့် သဘောတူညီမှုများကိုရယူ၍ အရည်အသွေး နည်းပါးမှုကို လျှော့ချနိုင်ရန် အားထုတ်ကြိုးပမ်းလျက်ရှိပါသည်။

လူ့စွမ်းအား အရင်းအမြစ်ဌာနများမှ ဆောင်ရွက်သည့် အချက် (၉) ချက်ဖြစ်သော လူ့စွမ်းအားအရင်းအမြစ် စီမံခန့်ခွဲမှု၊ အဖွဲ့အလိုက်ဆောင်ရွက်နိုင်မှု၊ ဝန်ထမ်းအင်အား ဖြည့်တင်းမှုနှင့် စွမ်းရည်အလိုက်ရွေးချယ်မှု၊ ဝန်ထမ်းများအတွက် အကျိုးကျေးဇူးရရှိနိုင်မှု၊ သင်တန်းနှင့် ဖွံ့ဖြိုးမှု၊ ခေါင်းဆောင်နိုင်သည့် စွမ်းရည်ရှိမှု၊ တွန်းအားပေး ဆွဲဆောင်နိုင်မှု၊ စီမံခန့်ခွဲမှုပုံစံနှင့် ဆက်သွယ်ဆောင်ရွက်မှု စသည်တို့ဖြစ်ပြီး ၎င်းတို့ထဲမှ လုပ်ငန်းအဖွဲ့တစ်ခုလုံးအတွက်

အရေးပါသည့် အဖွဲ့အလိုက် ဆောင်ရွက်နိုင်မှု (Team work)ကို ရေးသားတင်ပြလိုက်ပါသည်။

## အဖွဲ့အလိုက် ဆောင်ရွက်နိုင်မှု (Team Work)

အဖွဲ့ဆိုသည်မှာ ယူနစ်တစ်ခုတွင် အနည်းဆုံး ဝန်ထမ်း ၂ ဦး (သို့) ၃ ဦး ပါဝင်သည့် အဖွဲ့ဖြစ်ပြီး ထို ဝန်ထမ်းများသည် လိုအပ်သည့် အရည်အချင်းများဖြင့် သတ်မှတ်ထားသည့် ရည်မှန်းချက်ရောက်အောင် ဆောင်ရွက်ရာ၌ လုပ်ငန်းများကို မျှဝေ၍ တာဝန်ခံမှု၊ တာဝန်ယူမှုဖြင့် ဆောင်ရွက်ရသည့် တာဝန်ရှိသူများဖြစ်ပါသည်။

## အောင်မြင်စေမည့်အချက်အလက်များ

(က) အလုပ်အပေါ်ထားသည့် ကတိကဝတ်ရှိခြင်း (Commitment)
(ခ) ယုံကြည်မှုရှိခြင်း (Trust)
(ဂ) ဆက်သွယ်ဆောင်ရွက်နိုင်ခြင်းနှင့် လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်နိုင်ခြင်း (Communication & Interpersonal Relations)
(ဃ) လုပ်ငန်းကိုယ်စားလှယ်ရွေးချယ်နိုင်ခြင်း (Task Delegation)
(င) လှုံ့ဆော်အားပေးမှုရှိခြင်း (Motivation)
(စ) ရည်မှန်းချက်ရောက်အောင် မျှဝေဆောင်ရွက်နိုင်ခြင်း (Goal Sharing)
(ဆ) အပြန်အလှန်အလေးထားခြင်း (Mutual Respect)
(ဇ) အဖွဲ့အရွယ်အစား သတ်မှတ်ခြင်း (Team Size)
(ဈ) ကျန်းမာရေးကောင်းမွန်စေခြင်း (Healthy Conflict)

## (က) အလုပ်အပေါ်ထားသည့် ကတိကဝတ်ရှိခြင်း (Commitment)

အရည်အသွေးပြည့်ဝသည့် ဝန်ထမ်းများသည် အဖွဲ့၏ရည်မှန်းချက်နှင့် ပန်းတိုင်များကို အကောင်အထည်ဖော်နိုင်ရန်အတွက် အလုပ်အပေါ်တွင် ကတိကဝတ် အပြည့်အဝထားရှိရမည် ဖြစ်ပါသည်။ ဝန်ထမ်းတစ်ဦးချင်းစီသည် အလုပ်၏ရည်မှန်းချက် အကောင်အထည်ဖော်မှုအတွက် အချိန်နှင့်အင်အားကို အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရန်လိုအပ်ပြီး အခြားသောအဖွဲ့ဝင်များနှင့် တစ်ပြိုင်နက်တည်း ဆောင်ရွက်နေစဉ်တွင်လည်း ပူးပေါင်းရမည်ဖြစ်ပါသည်။

## (ခ) ယုံကြည်မှုရှိခြင်း (Trust)

ယုံကြည်မှုသည် လုပ်ငန်းဆောင်ရွက်မှု၏ အခြေခံကျသော အချက်ဖြစ်သည်။ ယုံကြည်မှု မပေးနိုင်သည့် အခြေအနေများတွင် အဖွဲ့အတွင်းပဋိပက္ခသည် ပိုမိုပေါ်ပေါက်လာနိုင်ပါသည်။ ယုံကြည်မှုမရှိဘဲ ဆောင်ရွက်ခဲ့သည့် လုပ်ငန်းကိစ္စရပ်များသည် အဓိပ္ပာယ်ပြည့်ဝသည့် ရလဒ်ကောင်းကို မထုတ်ဖော်နိုင်သည်ကို တွေ့ရှိရပါသည်။

## (ဂ) ဆက်သွယ်ဆောင်ရွက်နိုင်ခြင်းနှင့် လုပ်ငန်းခွင်အတွင်း ပူးပေါင်းဆောင်ရွက်နိုင်ခြင်း (Communication & Interpersonal Relations)

လုပ်ငန်းဆောင်ရွက်ရာတွင် ထိရောက်အောင် ဆောင်ရွက်နိုင်သည့် ဝန်ထမ်းများသည် ဆက်သွယ်ဆောင်ရွက်ရာတွင် ပွင့်လင်းမြင်သာမှုနှင့် ရိုးသားမှုရှိရမည်ဖြစ်ပြီး ဝန်ထမ်းများအကြား အညီအမျှဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။ ဝန်ထမ်းများသည် အခြားသောဆက်စပ်ဆောင်ရွက်သူများနှင့် ဆက်သွယ်ရန် အားနာရုက်ရွံ့နေရန် မလိုအပ်ဘဲ ဆောင်ရွက်မည့်ကိစ္စများနှင့် ပါဝင်ပတ်သက်မှုများကို ချပြဆွေးနွေးရမည်ဖြစ်ပါသည်။ ထို့အပြင် အတွေးသစ်၊ အမြင်သစ်များနှင့် ကိုယ်ရေးကိုယ်တာ အခြေအနေများကိုလည်း ပွင့်လင်းစွာ ချပြနိုင်ရမည်ဖြစ်ပါသည်။

## (ဃ) လုပ်ငန်းကိုယ်စားလှယ် ရွေးချယ်နိုင်ခြင်း (Task Delegation)

အဖွဲ့တစ်ခု၏ ခေါင်းဆောင်သည် အရေးပါသည့် အခန်းကဏ္ဍဖြစ်ပါသည်။ ခေါင်းဆောင်မှု ညံ့ဖျင်းပါက အဖွဲ့၏ပထမဆုံးရလဒ်ကောင်းဖြစ်နိုင်သည့် ယုံကြည်စွာ အပ်နှင်းခံရမှု မရနိုင်တော့ပေ။ အရည်အချင်းကောင်းများ

ဖြစ်သည့် စွမ်းဆောင်ရည်နှင့် အတွေ့အကြုံသည်လည်း အဖွဲ့အတွင်း ဝန်ထမ်းများအကြား ကွဲပြားနိုင်ပါသည်။ စီမံချက်တစ်ခု၏ အောင်မြင်မှုသည် ဝန်ထမ်းများ၏ အလုပ်အပေါ် တာဝန်ယူနိုင်သည့် စွမ်းရည်အပေါ် အခြေခံပါသည်။ စနစ်တကျ သေသေသပ်သပ် လုပ်ငန်းဆောင်ရွက်နိုင်ခြင်းသည် ထိရောက်သော အကျိုးကျေးဇူးကို ဖြစ်စေပါသည်။ အဖွဲ့၏ဝန်ထမ်းတိုင်းတွင် လုပ်ငန်းကို အကောင်းဆုံးနှင့် အထိရောက်ဆုံး ဆောင်ရွက်နိုင်ခြင်း သည် အမြင့်ဆုံးသော မျှော်မှန်းချက်ပန်းတိုင်ကို ရောက်ရှိနိုင်ပါသည်။

## (င) လှုံ့ဆော်အားပေးမှုရှိခြင်း (Motivation)

ဝန်ထမ်းများအတွက် အကောင်းဆုံးသော အားပေးမှုများသည် လုပ်ငန်းခွင်အား နှစ်သက်သဘောကျမှုကို ဖြစ်ပေါ်စေပြီး ကိုယ်ရည်ကိုယ်သွေးပြည့်ဝခြင်းကို မြှင့်တင်နိုင်ပါသည်။ ဥပမာအားဖြင့် အားပေးချီးမြှောက်ခြင်းရှိသည့် အဖွဲ့များမှ ဝန်ထမ်းများသည် အလုပ်ကောင်းစွာ ပြီးမြောက်စေရန် အားထုတ်ကြိုးပမ်းသကဲ့သို့ လုပ်ငန်းပြီးမြောက်ရမည့် အချိန်ကိုလည်း မကျော်လွန်စေရန် ဂရုစိုက်၍ ဆောင်ရွက်ကြပါသည်။

## (စ) ရည်မှန်းချက်ရောက်အောင် မျှဝေဆောင်ရွက်နိုင်ခြင်း (Goal Sharing)

လုပ်ငန်းစီမံခန့်ခွဲမှု၏ အောင်မြင်ထိရောက်စေသည့် အဓိကအချက်တစ်ခုမှာ လုပ်ငန်း စီမံချက်ဆောင်ရွက်ရာတွင် ရှင်းလင်းပြီး အကျိုးထိရောက်စေသည့် ရေတို၊ ရေရှည် ရည်မှန်းချက် ပန်းတိုင်ရောက်ရှိစေရန် ဖြစ်သည့်အတွက် ပါဝင်သည့် ဝန်ထမ်းတိုင်းသည် မျှဝေဆောင်ရွက်နိုင်ရန် လိုအပ်ပါသည်။

## (ဆ) အပြန်အလှန် အလေးထားခြင်း (Mutual Respect)

လုပ်ငန်းခွင် တစ်ခုအတွင်း ဝန်ထမ်းတိုင်းတွင် ကိုယ်ရေးကိုယ်တာကိစ္စရပ်များနှင့် တာဝန်ယူထားသည့် အခန်းကဏ္ဍတို့သည် ကွဲပြားခြားနားနေသည့်အတွက် အပြန်အလှန် အလေးထား ဆောင်ရွက်ရန် လိုအပ်ပါသည်။ ဘဝ၏ ကိုယ်ရေးကိုယ်တာကိစ္စရပ်များသည် အရေးပါသကဲ့သို့ လုပ်ငန်းတာဝန်ဆောင်ရွက်မှုသည်လည်း အရေးကြီးသည့် အစိတ်အပိုင်းပင်ဖြစ်ပါသည်။

## (ဇ) အဖွဲ့အရွယ်အစားသတ်မှတ်ခြင်း (Team Size)

ယေဘုယျအားဖြင့် လုပ်ငန်းစီမံချက်တစ်ခုအတွင်း ဝန်ထမ်း ၂ ယောက်မှ ၇ ယောက်အထိ ရှိနိုင်ပြီး စိတ်ပါဝင်စားမှုသည် အလုပ်ပြီးမြောက်နိုင်မှု၏ အဓိကအချက်ဖြစ်ပါသည်။ လူအနည်းဖြင့် ဆောင်ရွက်ခြင်းသည်လည်း များပြားသော အောင်မြင်မှုကို ရရှိနိုင်သကဲ့သို့ ဝန်ထမ်းတစ်ဦးချင်းစီ၏ နားလည်တတ်မြောက်မှုစွမ်းရည်နှင့် အဖွဲ့၏ရည်မှန်းချက်အပေါ် ထားရှိသည့် ခံယူနားလည်ထားမှုသည် အဖွဲ့အောင်မြင်ခြင်း၏ အခြေအနေကောင်းများ ဖြစ်ပါသည်။

## (ဈ) ကျန်းမာရေးကောင်းမွန်စေခြင်း (Healthy Conflict)

အဖွဲ့အတွင်း လုပ်ငန်းဆောင်ရွက်နေသော ဝန်ထမ်းများ၏ ကျန်းမာရေးကောင်းမွန်မှုသည် အမြင့်မားဆုံးသော အောင်မြင်မှုရလဒ်တစ်ခု ဖြစ်ပါသည်။ ကျန်းမာရေးမကောင်းခြင်းသည် လုပ်ငန်းခွင် ပျက်ကွက်ခြင်းကို ဖြစ်ပေါ်စေပြီး ပျက်စီးဆုံးရှုံးမှု ကြုံတွေ့ရမည် ဖြစ်ပါသည်။ ဝန်ထမ်းများတွင် တွေ့ရတတ်သည့် တစ်ကိုယ်ကောင်းစိတ်ကို ဖယ်ရှားရန်လိုအပ်ပြီး ကျန်းမာရေးအတွက် ဝိုင်းဝန်းကူညီဖြေရှင်းရန် လိုအပ်ပါသည်။

မှီငြမ်း – wikipedia.org



# အစိုးရတစ်ရပ်၏ လူသားအရင်းအမြစ် စီမံခန့်ခွဲမှုအကြောင်း

|မယ်သန့်|

တောင်ကိုရီးယားနိုင်ငံ၊ KDI School of Public Policy and Management တက္ကသိုလ်မှာ ကျွန်မသင်ယူလေ့လာခဲ့ရတဲ့ စိတ်ကြိုက်ဘာသာရပ်တွေထဲက တစ်ခုဖြစ်တဲ့ အစိုးရတစ်ရပ်၏ လူသားအရင်းအမြစ်စီမံခန့်ခွဲမှု ( Human Resource Management-HRM) in Government (Summer-II 2016) သင်ခန်းစာထဲက ပြုလုပ်ခိုင်းတဲ့ Assignment လေးတစ်ခုအကြောင်းကို မျှဝေပေးချင်ပါတယ်။

ဒီဘာသာရပ်ကို အမေရိကန်နိုင်ငံက ဒေါက်တာဘွဲ့ယူပြီးနောက် အမေရိကန်နိုင်ငံက တက္ကသိုလ်မှာပဲ ပါမောက္ခတာဝန်တွေကို အချိန်ကြာကြာ တာဝန်ထမ်းဆောင်ပြီး ဘဝရဲ့ကျန်အချိန်တွေကို မိခင်နိုင်ငံက အရေးပါတဲ့ တက္ကသိုလ်မှာ ပြန်လည်အခြေချ တာဝန်ထမ်းဆောင်တဲ့ အမျိုးသမီးပါမောက္ခ Professor Kim Soonhee(ပါမောက္ခကင်ဆွန်ဟီး) က ပို့ချပါတယ်။ အမေရိကန်နိုင်ငံမှာ နှစ်အကြာကြီး တာဝန်ထမ်းဆောင်ခဲ့သူတစ်ဦးပီပီ သူမရဲ့ လေယူလေသိမ်းနဲ့ ဖော်ရွေတဲ့ ဟန်ပန်အမူအရာတွေ၊ ဝတ်စားဆင်ယင်မှုတွေဟာ ပညာတတ်ပီပီ အဆင့်အတန်းရှိရှိ ခေတ်မီလှလွန်းလို့ အတုယူရပါတယ်။ အမြဲဖြတ်လတ်တက်ကြွနေတဲ့ အသက် ၆၀ ဝန်းကျင် အမျိုးသမီးတစ်ယောက်ရဲ့ နုပျိုဖြတ်လတ်နေမှုက အားကျစရာကောင်းလှပါတယ်။ ဟာကွက်မရှိ သင်ကြားတတ်တာကလည်း ပျင်းရိဖို့မပြောနဲ့ အတန်းချိန်ပြီးသွားတာတောင် မသိနိုင်အောင် တက်ကြွဖွယ်ရာ သင်ကြားပြသတတ်တဲ့ ပါမောက္ခများထဲက တစ်ယောက်ပင်။ တက္ကသိုလ်မှာ သင်ကြားပို့ချတဲ့ ပါမောက္ခတစ်ယောက်ချင်းဟာ သင်ကြားမှုပုံစံတစ်မျိုးစီနဲ့ ဆွဲဆောင်နိုင်ကြပါပေတယ်။

HRM အတန်းချိန်မှာ အုပ်စုငယ်လေးတွေခွဲပေးပြီး အချိန်အကန့်အသတ်နဲ့ အကြောင်းအရာတစ်ခုကို ခေါင်းစဉ်ပေး ဆွေးနွေးခိုင်းပါတယ်။ နိုင်ငံတကာကျောင်းသားတွေစုနေတဲ့ စာသင်ချိန်စာသင်ခန်းလေးဟာ လူမျိုးပေါင်းစုံရဲ့ လေသံတီးတိုးပြောတဲ့ ဆွေးနွေးသံတွေနဲ့ လှုပ်ရှားသက်ဝင်နေပါတယ်။ အုပ်စုတစ်ခုချင်းစီမှာ ဆွေးနွေးထားတဲ့ ဆွေးနွေးချက်တွေကို အတန်းရှေ့ထွက်ပြီး ကိုယ်စားတင်ပြရမယ့်သူကိုလည်း အဖွဲ့ငယ်လေးတွေက တစ်ခါတည်း ရွေးပေးလိုက်ရပြီး အချိန်ပြည့်ပြီဆိုတာနဲ့ တစ်ဖွဲ့ချင်းအတန်းရှေ့မှာ ကိုယ့်အဖွဲ့ကိုယ်စား တင်ပြရပါတယ်။ လူတစ်ယောက်ကို တစ်ချိန်ပဲ ရှေ့ထွက်ခွင့်ပေးပါတယ်။ နောက်တစ်ချိန် ဆွေးနွေးပွဲမှာ ရှေ့ထွက်ကိုယ်စားလှယ်ဟာ ဒီလူပဲ ထပ်ခါထပ်ခါထွက်ပြောလို့

မရပါဘူး။ ပါမောက္ခက မှတ်မိပါတယ်။ လူပြောင်းပြီး တင်ပြဖို့ပြောပါတယ်။ အိပ်ငိုက်ချိန်မရှိ သူငယ်ချင်း မဖြစ်ချင်လို့လဲမရအချင်းချင်း စည်းလုံးညီညွတ်ရတဲ့ အတန်းချိန်လေး တစ်ခုပေါ့။

ဒီအတန်းချိန်ကစိတ်ဝင်တစားနဲ့ စိတ်အားတက်ကြွဖွယ် လေ့လာရသလို ကျောင်းသားတွေဆီက အတွေးစတွေကိုလည်း ဆွဲထုတ်ယူတာပါ။ ဆရာမကိုယ်တိုင် မှတ်စုထုတ်ပြီး တစ်ဖွဲ့ချင်းစီရဲ့ဆွေးနွေးပွဲက တွေ့ရှိလာတဲ့ အတွေးစတွေကို မှတ်သားနေတာပါ။ ပြီးရင် သူသင်တဲ့ သင်ခန်းစာတွေ Power Point Slide တွေကို ကူးယူသိမ်းဆည်းပြီး ဖော်ပြခွင့် မရှိပါဘူး။ Copy Rightနဲ့ ငြိနိုင်တယ်လို့ အတန်းလက်ထောက်ကတစ်ဆင့် ပြင်းပြင်းထန်ထန် သတိပေးတဲ့ Email တွေကို မကြာခဏပေးပို့ပါတယ်။ ကျွန်မအထင် ကိုရီးယားနိုင်ငံအတွက် အရေးပါတဲ့ မူဝါဒများထွက်ပေါ်ရာ KDI School ကနေ ကိုရီးယားရဲ့ အောင်မြင်တဲ့ HRM မူဝါဒမွေးထုတ်ပေးနိုင်အောင် ဒီအတန်းကနေ ခွဲခြမ်းစိတ်ဖြာလေ့လာသုံးသပ် (Analysis) ပြီး လက်တွေ့ကျင့်သုံးနေတဲ့ မူဝါဒပေါ်မှာ လိုတိုးပိုလျှော့ ထိန်းကျောင်းနေတယ်ထင်ပါတယ်။ ဒါ့ကြောင့် သင်ခန်းစာတွေကို အပြင်မပေါက်ကြားအောင် တင်းကျပ်မှုတွေနဲ့ တကယ်ကြုံတွေ့နေရတဲ့ ကိစ္စရပ်တွေကို ခေါင်းစဉ်ငယ်တွေအဖြစ်ထုတ်ပြီး နိုင်ငံစုံကျောင်းသားတွေကြားမှာ သင်ခန်းစာတွေအနေနဲ့ချပြပြီး ဆွေးနွေးသုံးသပ်အဖြေရှာတာ ဖြစ်နိုင်တယ်လို့ သုံးသပ်မိပါတယ်။ ဒါ့ကြောင့်မို့သာ ကျောင်းသားတွေဆီက အတွေးစတွေကို ဆရာမကိုယ်တိုင် မှတ်စုထုတ် မှတ်သားတာ ဖြစ်နိုင်ပါတယ်။ အဖြေသိပြီးသား ပြဿနာတွေဆိုရင် ဒီလိုမှတ်သားစရာ လိုမယ်မထင်ပါဘူး။ မှန်/မမှန်ကို ဆုံးဖြတ်ပေးမယ် ထင်ပါတယ်။ ကိုရီးယားနိုင်ငံအတွက် ချမှတ်ထားဆဲနဲ့ ချမှတ်ပြီး မူဝါဒတွေအပေါ် သုတေသနတွေ ဆက်လက်ပြုစုနေတဲ့ ပါမောက္ခတွေဖြစ်ပါတယ်။

ခု ကျွန်မ မျှဝေမယ့်အကြောင်းကတော့ နောက်ဆုံးတင်ရတဲ့ Final Exam Paper ထဲ က HRM Case Analysis မေးခွန်းလေးတစ်ခုအကြောင်းနဲ့ ကိုယ်ပိုင်အယူအဆနဲ့ သုံးသပ်လေ့လာ တင်ပြထားခြင်းကို မျှဝေမှာပဲဖြစ်ပါတယ်။

သူမေးထားတာက **"ပြုမူဆောင်ရွက်ချက်တွေကို အကဲဖြတ်ခြင်းဟာ အစိုးရအဖွဲ့အစည်းတွေထဲကအလုပ်သမားတွေကိုတိုးတက်စေတယ်"** ဆိုတဲ့ အဆိုကို သဘောတူသလား/ မတူဘူးလားဆိုတာရယ်၊ ကိုယ့်ကိုယ်ကို အစိုးရအဖွဲ့အစည်း၏ စီမံ အုပ်ချုပ်သူတစ်ယောက်လို့ ယူဆပြီး အလုပ်သမားတွေရဲ့ဆောင်ရွက်ချက်တွေ တိုးတက်အောင် ဘယ်လိုဆောင်ရွက်သင့်သလဲဆိုတာ စာမျက်နှာ (၂) မျက်နှာနဲ့ ဖော်ပြပေးဖို့ဖြစ်ပါတယ်။

ပထမဦးဆုံးအနေနဲ့ ကျွန်မက ကျွန်မကိုယ်တိုင်ကလည်း အစိုးရဝန်ထမ်းဖြစ်လို့ ဒီလိုပြုလုပ်တာကို သဘောတူယုံကြည်ကြောင်း ဖြေခဲ့တာဖြစ်ပါတယ်။ တကယ်လို့ ဝန်ထမ်းတစ်ယောက်ဟာ အလုပ်ကနေ လုံလောက်တဲ့ စိတ်ကျေနပ်မှုတွေ မရခဲ့ရင် အလုပ်ထဲမှာ သူတို့ရဲ့ ဆောင်ရွက်ပြုမူပုံတွေဟာ မတိုးတက်နိုင်ဘူး။ တစ်ပြိုင်နက်တည်းမှာပဲ နိုင်ငံဖွံ့ဖြိုးမှုအတွက် ဆောင်ရွက်နေတဲ့ ဒီအဖွဲ့အစည်းရဲ့ ဆောင်ရွက်ချက်တွေကလည်း နှောင့်နှေးကြန့်ကြာ သွားနိုင်ပါတယ်။ သူတို့ဟာ အပြန်အလှန် ဆက်စပ်မှုရှိနေသောကြောင့် အစိုးရအဖွဲ့အစည်း၏ စီမံ အုပ်ချုပ်မှုအလွှာတိုင်းဟာ မဟာဗျူဟာကျတဲ့ စီမံချက်တွေကို ဖန်တီးရမှာ ဖြစ်ပါတယ်။ ဒီဖန်တီးမှုတွေဟာ အဖွဲ့အစည်းရဲ့ဆောင်ရွက်ချက်နဲ့ တာဝန်ခံမှုတွေကို မြှင့်တင်ရာရောက်သောကြောင့် ကောင်းမွန်တဲ့ အုပ်ချုပ်မှုဆီ ရည်ရွယ်နေတာ ဖြစ်ကြောင်း ဖော်ပြလိုက်ပါတယ်။

ဒုတိယအနေနဲ့ **နိုင်ငံတစ်နိုင်ငံအတွက် အစိုးရရဲ့ မူဝါဒတွေကို မောင်းနှင်နေတဲ့ အစိုးရ အဖွဲ့အစည်းတွေရဲ့ ယန္တရားဟာ အသက်တမျှအရေးကြီးလှကြောင်း၊ ဒါပေမယ့်လို့ အစိုးရ ကိုယ်တိုင် ပြည်သူအတွက် ရိုးသား သန့်ရှင်းတဲ့ အစိုးရတစ်ရပ် ဖြစ်ရမည်ဖြစ်ကြောင်း၊ ပြည်သူနဲ့ အစိုးရဟာ တစ်သားတည်းဖြစ်ပြီး ဆက်သွယ်မှု ကောင်းကောင်းရှိနေဖို့ လိုအပ်ကြောင်း၊ အစိုးရတစ်ရပ်ရဲ့သဘောထားဟာ သူ့နိုင်ငံသားတိုင်းရဲ့အခြေအနေ တိုးတက်ဖို့ သာမက အနာဂတ်မှာဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတော်တစ်ခု ပေါ်ပေါက်ဖို့ ရှေးရှုနေရမှာ ဖြစ်ပါသောကြောင့်** ထူးချွန် ပြောင်မြောက်တဲ့ အစိုးရတစ်ရပ်ဟာ ပြည်တွင်းစစ်ပွဲတွေ မရှိဘဲတည်ငြိမ်တဲ့ နိုင်ငံရေးအခြေအနေရရှိဖို့ မောင်းနှင်ရမှာဖြစ်ကြောင်း၊

အထူးသဖြင့် တိုင်းရင်းသားပေါင်းစုံ စုဝေးနေထိုင်တဲ့ နိုင်ငံတွေအတွက် အလုံးစုံဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေဖြစ်ဖို့ ဒီကိစ္စဟာအလွန်အရေးကြီးကြောင်း၊ နိုင်ငံရေးတည်ငြိမ်အောင် မလုပ်နိုင်ရင် နိုင်ငံ့စီးပွားရေးကလည်း မကောင်းမွန်နိုင်ကြောင်း၊ နိုင်ငံတစ်နိုင်ငံရဲ့ စီးပွားရေးဟာ သူ့နိုင်ငံသားတွေရဲ့ စီးပွားရေးလေးတွေကို စုစည်းထားခြင်းဖြစ်ကြောင်း၊ ဒီလိုစုစည်းထားတဲ့ နိုင်ငံသား အလုပ်သမားပေါင်းစုံမှာလည်း အစိုးရဝန်ထမ်းတွေ ပါဝင်နေကြောင်း၊ ဒါ့ကြောင့် အရာအားလုံးဟာ အကြောင်း၊ အကျိုးဆက်စပ်ဖြစ်ပေါ်နေကြောင်း ထည့်သွင်းဖော်ပြခဲ့ပါတယ်။

ဒါကြောင့်မို့ တတိယပိုင်းအနေနဲ့ အစိုးရတစ်ရပ်ဟာ သူ့နိုင်ငံအတွက် အလုပ်သမားတွေရဲ့ ဆောင်ရွက်ပြုမှုချက်တွေကို မြှင့်တင်ပေးတဲ့ **သင့်လျော်တဲ့စနစ်တစ်ခုကို ချမှတ်ထားသင့်ကြောင်း၊** တကယ်လို့ ထူးချွန်တဲ့အစိုးရဟာ ညွှန်တံတစ်ခုဖြစ်မယ်ဆိုရင် အလုံးစုံဖွံ့ဖြိုးတိုးတက်တဲ့ နိုင်ငံတွေဖြစ်ဖို့ အလုပ်သမားတွေဟာ လိုရာရောက်အောင် မောင်းနှင်ပေးတဲ့သူတွေဖြစ်ကြောင်း၊ ဒါပေမယ့်လို့ ဘယ်အဖွဲ့အစည်းမဆို ခေါင်းဆောင်တွေရဲ့ စီမံခန့်ခွဲမှုဟာ မရှိမဖြစ်အရေးပါနေကြောင်း၊ ဒါ့ကြောင့် **နိုင်ငံရဲ့ အစိုးရဟာ အခန်းကဏ္ဍတိုင်းမှာ အရည်အသွေးပြည့်ဝတဲ့ ခေါင်းဆောင်တွေကို မွေးထုတ်ပေးရမှာဖြစ်ကြောင်း** တင်ပြခဲ့ပါတယ်။

စတုတ္ထပိုင်းအနေနဲ့ကတော့ ဒီလိုမွေးထုတ်လိုက်တဲ့ စီမံခန့်ခွဲမှုအဆင့် အစိုးရခေါင်းဆောင် တစ်ယောက်ဟာ အစိုးရအဖွဲ့အစည်းတွေထဲက အလုပ်သမားတွေရဲ့ ပြုမှုဆောင်ရွက်ချက်တွေကို မြင့်တက်စေဖို့ ပြုမူဆောင်ရွက်ချက် **အကဲဖြတ်ခြင်းစနစ်ကို ဘယ်လိုတိုးတက်အောင် လုပ်ရမလဲဆိုတာ** စဉ်းစားတွေးတောလာ ပါလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ **နိုင်ငံတစ်နိုင်ငံဟာ အရည်အသွေးပြည့်ဝတဲ့ လူသားရင်းမြစ်တွေ လိုအပ်လို့ ဖြစ်ကြောင်း၊ ဒီလိုစနစ်ထူထောင်ခြင်းမှာ အခက်အခဲတွေ စိန်ခေါ်မှုတွေ ကြုံတွေ့နိုင်ပေမယ့် အောင်မြင်သွားရင် အဖွဲ့အစည်းတိုင်း နိုင်ငံသားတိုင်း ဒီစနစ်ရဲ့အသီးအပွင့်တွေကို ခံစားရမှာဖြစ်ကြောင်း၊** ဖိစီးမှုကြီးမားတဲ့ ဒီစနစ်ကို အကောင်အထည်ဖော်တဲ့အတွက် ရလဒ်တွေအနေနဲ့ ကျန်ရှိခဲ့မှာကတော့ အလုပ်အပေါ် ကျေနပ်အားရခြင်း၊ အစုအဖွဲ့အင်အားတောင့်တင်းခြင်း၊ ပါဝင်ဆောင်ရွက်စီမံတတ်ခြင်းနဲ့ မဟာဗျူဟာကျကျ အစီအမံများ ပေါ်ထွက်လာခြင်းများဖြစ်တယ်။ ဒီအကျိုးဆက်တွေဟာ အလုပ်သမားတွေကို အရည်အသွေးပြည့်ဝတဲ့ဘဝဆီသို့ ရွေ့လျားသွားပြီး သူ့ရဲ့အလုပ်နဲ့ လုပ်ငန်းဆောင်တာတွေကို ကျေနပ်တဲ့ခံစားမှုတွေ ဖြစ်ပေါ်စေနိုင်ကြောင်း၊ **အလုပ်အပေါ်ကျေနပ်တဲ့ ခံစားမှုဟာ လုပ်ပိုင်ခွင့်အာဏာရဲ့ ကြိုတင်ရလဒ်တွေဖြစ်တယ်ဆိုတာ** တင်ပြခဲ့ပါတယ်။

အချုပ်အားဖြင့်ဆိုရရင် တွေ့ရှိချက်တွေဖြစ်တဲ့ **မန်နေဂျာတွေရဲ့ ပါဝင်ဆင်နွှဲတဲ့ စီမံခန့်ခွဲမှု ဟန်ပန်၊ မဟာဗျူဟာကျကျ စီမံချက်ဖြစ်စဉ်တွေ၊ ထိထိရောက်ရောက် ဆက်သွယ်ကွပ်ကဲမှုတွေဟာ ဝန်ထမ်းတွေရဲ့ အလုပ်အပေါ် ကျေနပ်နှစ်သိမ့်မှုကို သက်ရောက်စေပါတယ်။** အစိုးရနဲ့ သက်ဆိုင်တဲ့ အခန်းကဏ္ဍတွေမှာ **အစိုးရအဖွဲ့အစည်း ခေါင်းဆောင်တွေရဲ့ကတိကဝတ်တွေနဲ့ ကတိကဝတ်တွေကို အကောင်အထည်ဖော်ပေးခြင်းဟာ** ရိုးရာပုံစံလည်ပတ်နေရာကနေ အာဏာခွဲဝေပါဝင် စီမံခန့်ခွဲတဲ့တာဝန်ခံမှု၊ တာဝန်ယူမှုစနစ်ဆီသို့ မြှင့်တင်ရာရောက်ကြောင်း တင်ပြခဲ့ပါတယ်။

ဒါ့ကြောင့်မို့ ကျွန်မကိုယ်တိုင် အစိုးရဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်နေရင်း အစိုးရဝန်ထမ်းတွေအတွက် အင်မတန်အကျိုးများလှတဲ့ ဒီလိုသင်ခန်းစာမျိုးကို လေ့လာသင်ယူခဲ့တဲ့နောက် ကျွန်မနားလည်သလောက် ပြန်လည်ဝေမျှပေးချင်လို့ ဒီဆောင်းပါးလေးကို ရေးသားလိုက်ပါတယ်ရှင်။

**References**

(Fleming, 2000) Fleming, S. (2000). From personnel management to HRM: key issues and challenges.

(Gilmore, 1991) Fleming, S. (2000). From personnel management to HRM: key issues and challenges.

Kim, S. (2002). Participative Management and Job Satisfaction: Lessons for Management Leadership.

(International & Conference, 2015) Fleming, S. (2000). From personnel management to HRM: key issues and challenges.

# ပရဟိတစိတ်ဖြင့် ခရီးနှင်ပါမှ



|ဒေါက်တာညီညီမောင်|

## မိတ်ဆက်

လူတိုင်းလူတိုင်း ပရဟိတဆိုတဲ့ စကားလုံးနှင့် မစိမ်းကြသလို ယနေ့ခေတ်မှာ ဌာန၊ ကျောင်း၊ တက္ကသိုလ်၊ ရပ်ကွက်များမှာပါ လူမှုရေး/ကျန်းမာရေး/သာရေးနာရေး ပရဟိတ အသင်းတွေ ကျယ်ကျယ်ပြန့်ပြန့် ရေပန်းစားနေပြီမို့ အထူးတလည် မိတ်ဆက်စရာ မလိုလောက်ဘူးလို့ ယူဆမိပေမဲ့ စာရေးသူအနေနဲ့ ဒီဆောင်းပါးရေးဖြစ်ရတဲ့ အကြောင်းရင်းများစွာထဲက တစ်ခုကတော့ နိုင်ငံ့ဝန်ထမ်းတွေ နိုင်ငံအတွက် ကြိုးပမ်းထမ်းဆောင်တဲ့အခါမှာ တာဝန်ယူမှု၊ တာဝန်ခံမှုတွေအပြင် ဌာနဆိုင်ရာလုပ်ငန်းမှာ၊ အလုပ်ဝန်းကျင်မှာ ပျော်ရွှင်တက်ကြွပြီး ထက်မြက်တဲ့နိုင်ငံ့ဝန်ထမ်းကောင်းတွေဖြစ်လာစေဖို့ ပရဟိတစိတ်ကို အရင်းခံပြီး ထမ်းဆောင်သွားစေလိုရင်းက အဓိကရည်ရွယ်ချက်ဖြစ်ပါတယ်။

## ပရဟိတစိတ်ဆိုသည်

လူမှုဝန်းကျင်သာယာလှပစေဖို့ လူမှုရေးအသိဉာဏ်၊ ချစ်ခြင်းမေတ္တာတရားနှင့် တာဝန်ယူစိတ်များကို စေတနာအရင်းခံ၍ ကူညီရိုင်းပင်းပါမှ ပျော်ရွှင်သောဘဝများကို ဖန်တီးပုံဖော် နိုင်ကြပေမည်။ ထိုသို့ဆိုလျှင် ဖော်ပြပါ အရည်အချင်းများကိုလည်း ပိုင်ဆိုင်ထားပြီး အသက်အရွယ်မရွေး၊ အဆင့်အတန်းမရွေး၊ အသားအရောင်မခွဲခြားဘဲ လူလူချင်း လူသားချင်းစာနာတတ်သော လူပီသသူများအဖြစ် အစဉ်ကိန်းအောင်းနေသောစိတ်ကို ပရဟိတစိတ်အဖြစ် စာရေးသူက တင်စားလိုပါသည်။ မျှော်လင့်ချက်များမပါဝင်သော မိမိတတ်စွမ်းသမျှ စိတ်ခွန်အား၊ ကာယအားများဖြင့် တစ်တပ်တစ်အား ကူညီလုပ်ဆောင်လိုသော စိတ်ဓါတ်သည် ပရဟိတစိတ်ပင်ဖြစ်သည်။

အဘယ့်ကြောင့် ပရဟိတစိတ်ဖြင့် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်တွင် ခရီးဆက်သင့်ပါသနည်း၊ ဖွံ့ဖြိုးဆဲနိုင်ငံများတွင် နောက်ကျဆုံးနေရာ အထက်တစ်နေရာတွင် ရပ်တည်နေရသော လိုအပ်ချက်များစွာဖြင့် ရှင်သန်ရပ်တည်နေရသော မိမိတို့နိုင်ငံအဖို့ အစိုးရတစ်ခုတည်းကိုသာ အားစိုက် အားကိုးနေရုံမျှဖြင့်လည်း မလှုပ်သာပေ။ အစိုးရနှင့်ပြည်သူအတူ ရုန်းကန်နေချိန်တွင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း စေတနာအရင်းခံလျက် လုပ်ကိုင်ဆောင်ရွက်ရမည့်တာဝန်များအပေါ်တွင်လည်း တာဝန်ယူမှု၊ တာဝန်ခံမှုအပြင် ပရဟိတစိတ်ဖြင့် ပူးပေါင်းလုပ်ဆောင်သင့်သည် မဟုတ်ပါလား။

စာရေးသူအနေဖြင့် လွန်ခဲ့တဲ့ ၄ နှစ်လောက်က ပရဟိတလုပ်ငန်းများရဲ့ဖခင်ကြီးအဖြစ် အများက တင်စားကြတဲ့ ဦးကျော်သူကို ပရဟိတစိတ်ဓါတ်နဲ့ ဝတ်စားဆင်ယင်မှုအကြောင်းကို ဆွေးနွေးဖူးခဲ့ပါတယ်။ အများစုမေးချင်နေတဲ့ ကျင်စွယ်မုတ်ဆိတ်တွေထားတဲ့ကိစ္စကို ရောက်သွားခဲ့တဲ့အခါ ကျော့ကျော့မော့မော့နေလာခဲ့တဲ့ နာမည်ကျော် မင်းသားကြီးဘဝကနေ ပရဟိတ လုပ်ငန်းကို ပရဟိတစိတ်အပြည့်နှစ်ပြီး လုပ်ကိုင်ဖို့ ဆုံးဖြတ်ခဲ့တဲ့ အချိန်မှာ သူသတိထားမိခဲ့တာက မြန်မာ့လူ့အဖွဲ့အစည်းထဲက အကျင့်ပါနေတဲ့ အလှူခံ/ပရဟိတသမား အများစုရဲ့ဝတ်စားဆင်ယင်မှုမှာ အင်္ကျီအဖြူစတစ်ကော်လံနှင့် သပ်သပ်ရပ်ရပ်ဝတ်စားဆင်ယင်မှသာ လှူတဲ့သူရော၊ အလှူခံသူများကပါ ယုံကြည် သဒ္ဒါပွားကြတာကို တွေ့ရှိရတဲ့အတွက် ပရဟိတစိတ်ဆိုတာ လူမျိုး၊ ဘာသာ၊ အဆင့်အတန်းအသက်အရွယ်မရွေး၊ ဘယ်လိုဝတ်စား ဆင်ယင်ထုံးဖွဲ့မှု၊ ရုပ်သွင်သဏ္ဌာန်တွေက အဓိကမကျဘဲ ရင်ထဲဖြစ်တည်နေတဲ့ ပရဟိတစိတ်ကသာ အဓိကကျတာမို့ လူငယ်တွေ ဘယ်လိုဝတ်မှ ဘယ်လိုနေမှ ဘယ်လိုဝတ်စားဆင်ယင်မှဆိုတဲ့ အစွဲတွေကို ပယ်ပျက်စေလိုတဲ့ ရည်ရွယ်ချက်နဲ့ ထားရှိကြောင်း ရှင်းပြခဲ့ပါတယ်။ အခုဆိုရင် ပရဟိတ လုပ်ငန်းလုပ်ဆောင်နေသူတွေဟာ မြို့၊ ရွာ၊ ရပ်ကွက်၊ ဌာနဆိုင်ရာတွေမှာ လက်တွေ့လုပ်ကိုင်မှုကိုကြည့်ပြီး ဒီလူ၊ ဒီအဖွဲ့အစည်းကတော့ တကယ်ကို ပရဟိတစိတ်အပြည့်နှင့် လုပ်နေပါလားဆိုတဲ့အသိကို အရင်းပြုပြီး ကူညီမှုကိုရယူကြသလို ကူညီထောက်ပံ့မှုများကိုလည်း အားတက် သရောပြုကြတာတွေကြရပါတယ်။

စာရေးသူဆိုလိုချင်တာကတော့ နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ရာထူးကြီးငယ်အဆင့်အတန်းမရွေး ဌာနကောင်းကျိုး၊ နိုင်ငံ့ကောင်းကျိုးလုပ်ဆောင်ကြရာမှာ စေတနာနှင့် ကျွမ်းကျင်မှုကို အသုံးချပြီး ပရဟိတစိတ်



အပြည့်နှင့် လုပ်ဆောင်ခြင်းအားဖြင့် ပျော်ရွှင်တဲ့လုပ်ငန်းဝန်းကျင်တစ်ခုပေါ်ပေါက်လာနိုင်သလို အောင်မြင်တဲ့ ဝန်ထမ်းအဖွဲ့အစည်းတစ်ခုအဖြစ် ထွက်ပေါ်လာမှာလည်း ဖြစ်ပါတယ်။

## ဘာလို့ပရဟိတစိတ်နှင့် အလုပ်လုပ်သင့်တာလဲ?

ခေတ်အဆက်ဆက် ကျင်လည်လာခဲ့ကြရတဲ့ နိုင်ငံ့ဝန်ထမ်းအဖွဲ့အစည်းများထဲမှာ တကယ်တော့ ယနေ့အချိန်ထိ အောက်ခြေဝန်ထမ်းကနေ အထက်တာဝန်ရှိလူကြီးများအထိ အထက်အောက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင် နိုင်ငံတော်အစိုးရအဆက်ဆက် ညွှန်ကြားချက်များစွာ ထုတ်ပြန်ခဲ့ကြရတာ၊ သတိပေးကြရတာကို သတိပြုမိကြမယ်လို့ယူဆမိပါတယ်။ တကယ်တော့ ဘယ်လောက်ပဲ သတိပေးလှုံ့ဆော်တာမျိုးတွေလုပ်ပါစေ ပရဟိတစိတ်နှင့် အလုပ်လုပ်ကြဖို့ဝေးစွ တာဝန်ယူမှုရှိစွာအလုပ်လုပ်ကြဖို့ပင် အတော်လေးစည်းရုံးလုပ်ကိုင် နေကြရဆဲ ဖြစ်သည်ကို တွေ့ကြရမှာဖြစ်ပါတယ်။

ဝန်ထမ်းအဖွဲ့အစည်းများအနေဖြင့် ပြည်သူတို့၏ အခွန်ငွေများမှ ရသုံးမှန်းခြေငွေစာရင်းအရ ခံစားကြရသည့်သူများ ဖြစ်သည့်အတွက် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ လုပ်ကိုင်ကြရာဝယ် ယခင်အချိန်ကာလများစွာက အများပြည်သူများအနေဖြင့် ဌာနဆိုင်ရာရုံးများသို့ မလွှဲမရှောင်သာသော ကိစ္စများမှတစ်ပါး ဝေးဝေးကရှောင်ကြသည်ကို လက်တွေ့အားဖြင့် တွေ့မြင်ကြရမည်။ တကယ်တော့ ပြည်သူ့ဝန်ဆောင်မှုပြုလုပ်ကြရသည့် ပြည်သူ့ဝန်ထမ်းများအနေဖြင့် လာရောက်အကူအညီတောင်းသည့် အများ ပြည်သူများကို ပရဟိတစိတ်ဖြင့် တတ်အားသမျှ ကူညီပေးကြမည်ဆိုပါလျှင် ကြားမြင်နေရသည့် အဆိုးမြင်စိတ်များကင်းဝေးသွားမည်ဖြစ်ပေသည်။ နိုင်ငံတော် အစိုးရအနေဖြင့်လည်း ပိုမိုကောင်းမွန်သည့်ပြည်သူ့ဝန်ဆောင်မှု ဌာနများအဖြစ် အသွင်ကူးပြောင်းနိုင်ရန် မူဝါဒများ၊ လမ်းညွှန်ချက်များဖြင့် ဆောင်ရွက်လျက်ရှိနေပြီဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးခြေလှမ်းများစွာဖြင့် တက်လှမ်းနေချိန်တွင် ခြေ/လက်များဖြစ်သော နိုင်ငံ့ဝန်ထမ်းများအနေဖြင့် လုပ်ငန်းကျွမ်းကျင်မှု၊ စိတ်စေတနာပြည့်ဝမှုအပြင် လုပ်ငန်းလုပ်ကိုင်ရာတွင်လည်းကောင်း၊ အများပြည်သူနှင့် ဆက်သွယ်ဆက်ဆံရာတွင်လည်းကောင်း ပရဟိတစိတ်ကို အရင်းခံလျက် လုပ်ကိုင်ကူညီဆောင်ရွက်ကြမည်ဆိုပါက နိုင်ငံအတွက် များစွာ အထောက်အကူဖြစ်စေမည်မှာ မလွဲဧကန်ပင်ဖြစ်သည်။

ဘာသာတရားတိုင်းရဲ့ အဆုံးအမများမှာလည်း ကိုယ်နှင့်တန်းတူဖြစ်စေ၊ ကိုယ့်ထက်ကြီးသူဖြစ်စေ၊ ကိုယ့်အောက်ငယ်သည်ဖြစ်စေ၊ သတ္တဝါတိုင်းအပေါ် သနားကြင်နာဆက်ဆံကြဖို့ ပရဟိတစိတ်ကို အရင်းတည်ပြီး ကူညီဆောင်ရွက်ကြစေဖို့ တိုက်တွန်းပြီး လူ့လောက ကောင်းကျိုးများစေဖို့ သွန်သင်လမ်းပြကြတာကိုလည်း တွေ့ကြမှာပါ။ လူသားတိုင်းဟာ ကိုယ့်အပေါ် အထူးဂရုပြု ကူညီစောင့်ရှောက်ကြတာကို မလိုလားသူရယ်လို့ မရှိသလောက်ဖြစ်ပါတယ်။ ဒါကြောင့်လည်း နိုင်ငံ့ဝန်ထမ်း/ပြည်သူ့ဝန်ထမ်းများအနေဖြင့် ဘာသာတရားအဆုံးအမအားဖြင့်လည်းကောင်း၊ လူသားချင်းစာနာထောက်ထားတတ်သော အလေ့အကျင့်ကြောင့်လည်းကောင်း လူမှုဝန်းကျင်၊ အလုပ်ဝန်းကျင်ကောင်းများကို ပိုင်ဆိုင်ကြစေဖို့ ပရဟိတစိတ်က တကယ့်အရင်းခံဖြစ်တာကို တွေ့ကြရမှာလည်းဖြစ်ပါတယ်။

## နိဂုံး

နိုင်ငံတစ်နိုင်ငံရဲ့ ခြေ/လက်များဖြစ်တဲ့ ဝန်ထမ်းအဖွဲ့အစည်းတွေအနေဖြင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အသေအချာဆောင်ရွက်စေရန်နှင့် နိုင်ငံတော်အစိုးရ ယန္တရားကောင်းစွာလည်ပတ်စေနိုင်မှသာ ယင်းနိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်ဖို့နှင့် ဖက်ဒရယ်ဒီမိုကရေစီစနစ် အမြစ်တွယ်ခိုင်မာစေမှာဖြစ်လို့ ရှေ့ဆက်ရမည့်ခရီးတိုင်းမှာ စေတနာအပြည့်ဖြင့် လုပ်ငန်းကျွမ်းကျင်မှုကိုပေါင်းစပ်လျက်၊ တာဝန်ယူမှု၊ တာဝန်ခံမှုများနှင့် ပရဟိတစိတ်ရင်းဖြင့် ခရီးဆက်မှသာ အမှန်ရောက်ချင်သည့်ပန်းတိုင်ကို အမြန်ပေါက်ရောက်ပေလိမ့်မည်။



# ပိုင်းခြားဝေဖန်သုံးသပ်တဲ့စဉ်းစားတွေးတောမှု (Critical Thinking)

|ချိုချို (စာရင်းအင်းပညာ)|

Critical Thinking တဲ့။ ပညာရေးနယ်ပယ်မှာ ကျင်လည်လှုပ်ရှားနေတဲ့သူတွေ ကျယ်ကျယ်ပြန့်ပြန့်ပြောနေတဲ့စကားပါ။ အဖြစ်အပျက် အကြောင်းအရာတစ်ခုအပေါ် ပိုင်းခြားဝေဖန်သုံးသပ်မှုနဲ့အတူ စဉ်းစားတွေးတောပြီး ရည်မှန်းချက်ကိုရောက်ဖို့ လုပ်ဆောင်မယ့် နည်းလမ်းတွေကိုရှာတာလို့ဆိုရပါမယ်။

ဟိုး.....အရင် မြန်မာ့ပညာရေးနယ်ပယ်မှာ ဆရာကိုဗဟိုပြုတဲ့ သင်ကြားပို့ချရေးနည်း စနစ်ကို သုံးခဲ့တယ်။ ဆရာသင်ပြ ဟောပြောပို့ချတာတွေကို တပည့်တွေက သေသေချာချာ ကျက်မှတ်ပြီး ပုံမှန်ပြုလုပ်တဲ့ စာမေးပွဲတွေ၊ အရည်အချင်းစစ်ဆေးမှုတွေမှာ အောင်မြင်အောင် ကြိုးစားကြတယ်။ ကျောင်းသားတွေ အလွတ်ကျက်တာပေါ့။

အခုတော့ အဲဒီလိုမဟုတ်တော့ပြီ။ ပြောင်းလဲလာနေပြီ၊ ဆရာဗဟိုပြုကနေ ကျောင်းသားဗဟိုပြုပညာရေးစနစ်ဆီ ဦးတည်လုပ်ကိုင်နေပြီ။ ကျောင်းသားတွေဟာ ဆရာကပို့ချတာတွေကို မှတ်ယူရုံတင်မက ကိုယ်တိုင်စဉ်းစားတွေးတောပြီး ယူဆချက် ထင်မြင်ချက်ကိုပါ ပြောဆိုတာတွေ လုပ်လာကြပြီ။ ကိုယ့်ရဲ့ရှုမြင် သုံးသပ်ပုံတွေကို အချင်းချင်းမျှဝေတာ၊ အပြန်အလှန်ဆွေးနွေးတာ၊ ဝေဖန်တာတွေကိုပါ လုပ်ဆောင်လာကြပြီ။ အဲဒီလို လုပ်ဆောင်လာအောင် အားပေးရာရောက်တဲ့ ပတ်ဝန်းကျင်ကို တည်ဆောက်နေပြီ။ ဒီတော့ ကျောင်းသားကိုယ်တိုင် ပါဝင် လှုပ်ရှားတဲ့ လေ့လာသင်ယူမှုနယ်ပယ်ကို တည်ဆောက် နေပြီလို့ဆိုရပါလိမ့်မယ်။

ထို့ကြောင့် ဝေဖန်ပိုင်းခြားသုံးသပ်တဲ့ စဉ်းစားတွေးတောမှုရဲ့အခန်းကဏ္ဍဟာ ပိုမိုကျယ်ပြန့်လာတဲ့အပြင် ရှေ့တန်းကိုပါရောက်လာနေပါပြီ။


ပြောင်းလဲမှုတွေများပြားတဲ့ လူမှုအသိုင်းအဝိုင်းမှာ၊ နည်းပညာတိုးတက်မှုတွေ လျင်မြန်လှတဲ့ ခေတ်ကာလမှာ ပြိုင်ဆိုင်မှုတွေ ပြင်းထန်လှတဲ့ ပတ်ဝန်းကျင် အခြေအနေအောက်မှာ ရှင်သန်ဖို့ဆိုရင် ပြောင်းလဲနေတဲ့ ရေစီးကြောင်းနဲ့အတူ နှုန်းမှန်မှန်နဲ့ လိုက်ပါနိုင်ဖို့လိုပါတယ်။ ဆိုလိုတာက ကိုယ်ပိုင်အတွေးအခေါ် အပြုအမူအကျင့်အကြံတွေကို လိုက်လျောညီထွေရှိအောင်လုပ်ဖို့ ဖြစ်ပါတယ်။

အဲဒါမှပဲ အဖြစ်အပျက်အကြောင်းအရာတွေအပေါ် ဝေဖန်သုံးသပ်နိုင်စွမ်းအား၊ အားကောင်းလှတဲ့ရှုမြင်မှု၊ ထက်မြက်ပြီး ကျယ်ပြန့်လှတဲ့ တွေးတောမှုတွေဟာ တိုးတက်မှုတွေ ရဖို့အတွက် မရှိမဖြစ်လိုအပ်နေတဲ့ အနေအထားကို ရောက်နေပါပြီ။ အတိတ်ကဖြစ်ပျက်ခဲ့တဲ့ အကြောင်းအရာတွေကိုပဲ ထပ်တလဲလဲပြောနေ၊ အဲ့ဒါကိုပဲ ဆုပ်ကိုင်အားပြုနေလို့ကတော့ အနာဂတ်အတွက်အားကောင်းတဲ့ ခြေလှမ်းတွေကို လှမ်းနိုင်မှာ မဟုတ်ဘူးဆိုတာတော့ သေချာပါတယ်။

ဒါကြောင့် သင်ယူလေ့လာမှုတွေမှာ (အသက်အရွယ်ကြီးတာ ငယ်တာနဲ့မဆိုင်ပါ) Critical Thinking ဟာ အရေးကြီးတဲ့နေရာတွေကို ရောက်လာတာပါ။

တကယ်တမ်းပြောရရင် ပိုင်းခြားဝေဖန်သုံးသပ်တဲ့ စဉ်းစားသုံးသပ်မှုဟာ လိုချင်တဲ့ရလဒ်ကို ရဖို့အတွက် ကြိုးပမ်းတဲ့နည်းလမ်းတစ်ခုလို့ဆိုရင် မမှားပါဘူး။ ရည်မှန်းချက်ကို ဦးတည်စေဖို့နဲ့ အဲဒီကနေတစ်ဆင့် ရည်မှန်းချက်ကို ရောက်ရှိစေဖို့အတွက် ရည်ရွယ်ချက်ရှိရှိနဲ့ ကြောင်းကျိုးဆီလျော်စွာနဲ့ တွေးတောလုပ်ဆောင်စေပါ တယ်။

Critical Thinking နဲ့အတူ တွဲပြီးပါလာတာတစ်ခုက Reflective Thinking လို့ခေါ်တဲ့ လုပ်ဆောင်ချက်တစ်ခုပြီးတိုင်း ပြန်လည်သုံးသပ်ပြောဆိုတဲ့ လှုပ်ရှားမှုပါ။ ဒီဟာကို ဂျပန်မှာ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နေကြ



ပါတယ်။ ဘယ်အဖွဲ့ပဲဖြစ်ဖြစ် ဘယ်အုပ်စုပဲဖြစ်ဖြစ် သူတို့တစ်တွေရဲ့ အစည်းအဝေးတွေ ဆွေးနွေးပွဲတွေပြီးလို့ရှိရင် Konshinkai လို့ခေါ်တဲ့ စုဝေးမှုလေးကို တစ်ခုခုစားရင်း သောက်ရင်းနဲ့လုပ်ကြတယ်။ အချင်းချင်းကြားမှာ ရင်းရင်းနှီးနှီးပြောဆိုကြတဲ့ တွေ့ဆုံမှုလို့ ဆိုရမှာပေါ့။ အလွတ်သဘောတွေ့ဆုံမှုလို့ ဆိုနိုင်ပါတယ်။

ပြန်လည်သုံးသပ်ပြောဆိုတာဟာ ပိုင်းခြားဝေဖန်သုံးသပ်စဉ်းစားမှု လုပ်ငန်းစဉ်ရဲ့ အစိတ်အပိုင်းတစ်ခုပါ။ လုပ်ငန်းစဉ်လို့ဆိုတဲ့အတွက် လုပ်ရတဲ့အလုပ် အစိတ်အပိုင်းတွေ အများကြီးရှိသလို ခြားနားမှုရှိတဲ့ အလုပ်အမျိုးအစားတွေလည်း အမျိုးမျိုးရှိတယ်ဆိုတာ လက်ခံဖို့ အရေးကြီးပါတယ်။

ဒါကြောင့်လည်း လုပ်ငန်းစဉ်တစ်ခုလုံး နှုန်းမှန်မှန်နဲ့ ဖြစ်ထွန်းလှုပ်ရှားနေအောင် အစိတ်အပိုင်းတစ်ခုပြီးတိုင်း ပြန်လည်သုံးသပ် ပြောဆိုမှုတွေကို လုပ်တာဟာ ပြီးစီးခဲ့တဲ့ အရာနဲ့ ရှေ့ဆက်လုပ်ရမယ့်အရာကြားမှာ လိုအပ်တဲ့ ကွင်းဆက်တွေကို ချိတ်ဆက်ပေးရာရောက်ပါတယ်။

အဲဒါကြောင့်မို့လို့ Reflective Thinking ဟာ ပါဝင်လုပ်ကိုင်နေသူတွေနဲ့ လုပ်ကိုင်လှုပ်ရှားမှုတွေကို သွက်လက်ရှင်သန်စေတယ်။ လုပ်ငန်းစဉ်ချောမွေ့စေရေးအတွက် တစိုက်မတ်မတ် လုပ်လိုစိတ်ဖြစ်ပေါ်လာအောင် ပေးစွမ်းနိုင်တယ်။ ကိုယ်တိုင်ပါဝင်လုပ်ကိုင်နေတဲ့အလုပ်ကို ဂရုတစိုက်နဲ့ သတ္တိရှိရှိနဲ့ စဉ်းစားတွေးတောလာစေတယ်။ ဒါတင်မကဘူး ကိုယ်သိထားတဲ့ အသိနဲ့ပတ်သက်ပြီး ပိုမိုသိရှိလာအောင် ကြိုးပမ်းလိုစိတ်ဖြစ်စေတယ်။ (လုပ်ဖော်ကိုင်ဖက်တွေ၊ အတန်းဖော်တွေနဲ့ အပြန်အလှန် ဆွေးနွေးသုံးသပ်ရင်း ကိုယ့်ဆီမှာ လိုအပ်နေတာတွေကို သိလာရတဲ့အတွက် ဖြစ်ပါတယ်)။

ဒီလိုပြောဆိုဆွေးနွေးမှုတွေမှာ ကျောင်းသားတွေ တက်တက်ကြွကြွနဲ့ ပါဝင်ပြောဆိုလာစေဖို့ ဆရာတွေက အားပေး၊ တာဝန်ရှိသူတွေက အခြေနေကောင်း၊ ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးနိုင်ဖို့ အရေးကြီးပါတယ်။

Critical Thinking မှာ ကျယ်ပြန့်တဲ့ စဉ်းစား တွေးတောမှုတွေ ပါဝင်ပါတယ်။ ကျယ်ပြန့်တယ်ဆိုတဲ့ အသုံးအနှုန်း ပါဝင်လာတဲ့အတွက် စဉ်းစားတွေးတောမှုတွေမှာ တူတာတွေ၊ နည်းနည်းပဲ တူတာတွေ၊ ဆင်တူယိုးမှားတွေ၊ နည်းနည်းကွဲလွဲနေတာတွေ၊ သိသိ သာသာကွဲလွဲနေတာတွေ၊ လုံးဝ ကွဲလွဲနေတာတွေ ပါဝင်လာပြီပေါ့။ ဒါဆိုရင် ကိုယ့်ရဲ့ စဉ်းစားတွေးတောပုံတွေနဲ့ မတူတာတွေကို လက်ခံတတ်ဖို့ လိုအပ်လာပါပြီ။ တူတာတွေရော၊ မတူတာတွေရော ရှိတယ်ဆိုတာကို လက်ခံတယ်ဆိုတာဟာ သဘောတူတာ မဟုတ်ပါဘူး။ အဲဒါတွေကို အသိအမှတ်ပြုတယ်ဆိုတာ ဖြစ်ပါတယ်။

ဒါကြောင့် Critical Thinking ဟာ မတူကွဲပြားမှုတွေကို အသိမှတ်ပြုလက်ခံတဲ့စိတ် ပေါ်ထွန်းလာရေးကို ပံ့ပိုးပေးတယ်၊ ကိုယ်လုပ်ကိုင်နေတဲ့ ပါဝင်ပတ်သက်တဲ့ ကိစ္စအပေါ် သုံးသပ်အကဲဖြတ်မှုတွေကိုလုပ်နိုင်တယ်။ ရှုပ်ထွေးတဲ့ပြဿနာတွေကို ဖြေရှင်းရေးလုပ်နေရင်းနဲ့ လေ့လာသင်ယူမှုတွေကို ပေးစွမ်းနိုင်တယ်။ ရည်မှန်းချက် ရောက်ဖို့အတွက် နည်းဗျူဟာတွေကို ပြန်လည်ရေးဆွဲ ချမှတ်နိုင်စေဖို့ အထောက်အကူဖြစ်စေတဲ့ ရလဒ်တွေကို ပေးစွမ်းနိုင်စွမ်း ရှိပါတယ်။

( Critical thinking နဲ့ပတ်သက်ပြီး ဖတ်မှတ်လေ့လာထားတာတွေထဲကနေ ကောက်နုတ်ထားပါတယ်)